The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .17, NO . 36 | တနင်္လာနေ့ထုတ်ဝေသည် | September 18, 2017




# ကမ္ဘာလုံးဆိုင်ရာ တရုတ်ကုန်သည်ကြီးများ ညီလာခံမှသည် မြန်မာနိုင်ငံစီးပွားရေး ပိုမိုတိုးတက်လာစေရန် ဦးတည်

စာမျက်နှာ - ၁၈ ➢

## အာဆီယံ၏နောက်ထပ်ခြေလှမ်း သို့မဟုတ် ဘုံငွေကြေးနှင့် ဘဏ်လုပ်ငန်း




စာမျက်နှာ - ၈ ➢



## တစ်ယောက်တည်း "ပဲစားပွဲ"မှသည် အမျိုးသားအဆင့် ပဲစားပွဲတော်ဆီသို့

စာမျက်နှာ - ၁၅ ➢

သန့်ရှင်းပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ညောင်ဦးမြို့တွင် ကျင်းပသွားမည်

စာမျက်နှာ - ၂၂ ➢

ငွေစက္ကူထက်ပိုင်းပြတ်များဖြင့် ယာဉ်စီးခပေးချေ၍ ပြန်အမ်းငွေရယူနေခြင်း တွေ့ရှိက အမှုဖွင့်တိုင်ကြားမည်

စာမျက်နှာ - ၂၅ ➢

(၆)ကြိမ်မြောက် ဂျပန်ကုန်စည်ပြပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်

စာမျက်နှာ - ၂၆ ➢

Top-Kick Multi - Crop Thresher စပါး နှင့် ပဲအမျိုးမျိုး ခြွေလှေ့စက်

စပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ပဲကြီး၊ ကုလားပဲ၊
စားတော်ပဲ၊ ပဲပိစပ်၊ ပဲလွန်းနီ၊ ဂျုံ၊ နေကြာ၊
မြေပဲ၊ ပြောင်းအစရှိသည့်သီးထပ်၊ သီးညှပ် ပဲအမျိုးမျိုးတို့ကို
ခြွေလှေ့စက် တစ်လုံးတည်းဖြင့်လွယ်ကူစွာခြွေလှေ့နိုင်ပါသည်။
သီးနှံ တစ်မျိုးပြောင်း၍ခြွေလှေ့တိုင်းမည်သည့်နေရာ
ဒေသမဆိုလိုက်လံခြွေလှေ့ပြသပေးပါသည်။



ပဲကွဲမှုမရှိခြင်း နှင့် သဲ၊ ခဲ ကင်းစင်မှုကို အာမခံပါသည်။
စပါးတင်းတစ်ထောင်ခြွေလှေ့ပါက အလေအလွင့်အနေဖြင့် (၄) ပြည်သာလျော့မည်။
ရုံးမဘက်(ပြည်ဘက်ခွဲ)ဖြင့် ချိတ်ဆက်၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။
Ko Zaw Moe Aung(Electronic Service Engineer)
Top-Kick Engineering Group
No.(14),Mekkheyar Min Thar Gyi Mg Phyo Street,Industrial Zone(1),Pyay.
Ph:09-5409513,09-253100337,09-253149075

ဆက်သွယ်ရန် - ကိုဇော်မိုးအောင်( 09-5409513)အမှတ်(၂၀)၊ ဦးလှကြီးလမ်း၊ စက်မှုဇုန်(၁)၊ ပြည်မြို့


FLAV-O-RICH
Chicken Franks
Valley Farm
CHICKEN FRANKS
FRANKFURTER AYAM
GOURMET Chef
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214


Gold Choice®
what a feeling!
White Coffee
My Life My Choice
ဘဝအတွက် ရွေးချယ်မှု...
GINSENG COFFEE
CAFÉ MOCHA Coffee
Sole Distributor
SHWE GANDAMAR
No.22,Corner of Lut Latt Yae Street and Than Thumar Road,Thingan Gyun Township,Yangon.
Contant : 09 792990483 / 09 423735083 / 09 796302214


Delo®
CALTEX Premium Heavy Duty Diesel Engine Oil
Delo Silver
Delo Gold
Delo 400
Delo Gold ULTRA


Havoline®
CALTEX PRODUCT WHAT MATTER™
Havoline
Havoline
Havoline


THE POWER OF ALL POSSIBILITIES
apoil
Aung Thein Than Co.,Ltd
No.64, Baho Road, Sanchaung Township, Yangon.
Tel :9519 527074, 534346, 539732, 508036, 02 76469, 067 27029,
09 49205956 Fax:527203 www.aungtheinthannmyanmar.com
BMTRADA
UKAS
ISO 9001
Certificate number : 11089
Hot Line :
09 799970007
09 799655777

# (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်များညီလာခံသို့ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြား




"မြန်မာနိုင်ငံ အနာဂတ်လှပဖို့ အားလုံးဝိုင်းဝန်းကူညီစို့" (An Opening in Myanmar-A New Epoch in History)ဟူသည့်ဆောင်ပုဒ်ဖြင့် (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်များညီလာခံ (The 14th World Chinese Entrepreneurs Convention) ကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဒုတိယသမ္မတဦးမြင့်ဆွေက ပြောကြားရာတွင် ယခုပွဲကို ကျင်းပနိုင်ရန်အတွက် လန်ဒန်မြို့နှင့် ယှဉ်ပြိုင်ရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ကို ရွေးချယ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကျင်းပသည့် ညီလာခံသည် (၁၃)ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကျင်းပသည့် ညီလာခံ၏ ရည်ရွယ်ချက်များမှာ ကမ္ဘာ့ဒေသအသီးသီးမှအောင်မြင်ကျော်ကြားသည့် တရုတ်လုပ်ငန်းရှင်များနှင့် မိမိနိုင်ငံတွင်းမှ ကုန်သည်လုပ်ငန်းရှင်များ ပါဝင်ချိတ်ဆက် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ မိမိနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတံခါးဖွင့် စီးပွားရေးမဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော်မှုကို နိုင်ငံခြားကုန်သည်လုပ်ငန်းရှင်များ မျက်ဝါးထင်ထင်လေ့လာသိရှိနိုင်ရေး၊

**စာမျက်နှာ - ၁၉ သို့**

---

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အားတွေ့ဆုံ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဟောင်ကောင်အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၁၅ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ(၁)၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံနှင့် ဟောင်ကောင်ဒေသအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ASEAN နိုင်ငံများနှင့် ဟောင်ကောင်ဒေသတို့အကြား လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ သီလဝါ၊ ကျောက်ဖြူ ထားဝယ်အထူး စီးပွားရေးဇုန်များနှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် အလားအလာရှိသည့်အခြားကဏ္ဍများ၌ ဟောင်ကောင်မှ ငွေကြေးအရင်းအနှီးနှင့် နည်းပညာ ကျွမ်းကျင်မှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့ အပါအဝင် နှစ်နိုင်ငံ ကုန်သည်အသင်းချုပ်များအကြား အပြန်အလှန် လည်ပတ်ဆက်ဆံမှုများ တိုးမြှင့်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

---

# ပြည်ပမှ ပဲမျိုးစုံတင်သွင်းခြင်းအား စက်တင်ဘာ ၁၅ ရက်မှစတင်ကာ ယာယီရပ်ဆိုင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်း၌ ပဲဈေးကွက် တည်ငြိမ်စေရန် ရည်ရွယ်လျက် ပြည်ပမှ ပဲမျိုးစုံတင်သွင်းခြင်းအား စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ ယာယီရပ်ဆိုင်းလိုက်ကြောင်း ပြည်ပမှပဲမျိုးစုံတင်သွင်းခွင့်အား ယာယီ ရပ်ဆိုင်းခြင်းသတင်းလွှာ(၁/၂၀၁၇) ဖြင့် စက်တင်ဘာ ၈ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ကုန်သွယ်မှုဆိုင်ရာ ပြောင်းလဲလျက်ရှိသော အခြေအနေများနှင့် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်ထွက်ရှိမှု၊ ပြည်ပရောင်းလိုအား/ဝယ်လိုအားအခြေအနေများအရ ပဲအမျိုးအစားအချို့သည် ပြည်တွင်းဈေးကွက်တွင် ပိုလျှံနေကြောင်း တွေ့ရှိရပါသဖြင့် ပြည်တွင်းပဲဈေးကွက် တည်ငြိမ်စေရန် ရည်ရွယ်၍ ပြည်ပမှ ပဲမျိုးစုံတင်သွင်းခွင့်ပြုခြင်းအား ယာယီရပ်ဆိုင်းရန်အတွက် ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်တွင်ကျင်းပခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၁၈/၂၀၁၇ အစည်းအဝေးမှ အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

သို့သော် ၂၀၁၇ခုနှစ်၊ စက်တင်ဘာ ၁၅ ရက် မတိုင်မီ ပြည်ပမှတင်သွင်းရန် တင်သွင်းခွင့်လိုင်စင်လျှောက်ထားမှုများအား သင်္ဘောတင်အထောက်အထား (Bill of Loading) ပါရှိမှသာ ခွင့်ပြုသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းလွှာတွင် ဖော်ပြထားသည်။ယခင်ခွင့်ပြုခဲ့သော ပဲမျိုးစုံတင်သွင်းခွင့်လိုင်စင်များအပေါ် သက်တမ်းတိုးခြင်းများကို ခွင့်ပြုပေးမည်မဟုတ်ဘဲ ယခုသတင်းလွှာထုတ်ပြန်သည့် စက်တင်ဘာ ၈ ရက်မှ စတင်ကာ ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

သို့သော် ပြည်ပမှ ပဲမျိုးစုံ တင်သွင်းခွင့်နှင့်စပ်လျဉ်း၍ ပြည်တွင်းလိုအပ်ချက် အခြေအနေပေါ်မူတည်၍ ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
-

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ၂၀၁၉ ခုနှစ်တွင် ဂျပန်နိုင်ငံက ပြည်ပသို့ဆန်တန်ချိန် တစ်သိန်းတင်ပို့နိုင်ရန် ရည်မှန်းထား

ဂျပန်နိုင်ငံသည် ပြည်ပသို့ နှစ်စဉ်ဆန်တင်ပို့လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ဆန်တန်ချိန် တစ်သိန်းအထိ တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်း ဂျပန်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနက စက်တင်ဘာ ၈ရက်တွင် ပြောကြားခဲ့ပါသည်။

ပြည်တွင်းတွင် ဆန်သုံးစွဲမှုကျဆင်းလျက်ရှိနေချိန်၌ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဂျပန်စားသောက်ကုန်ပစ္စည်းများအား ပိုမိုနှစ်သက်လာသည့် ပြည်ပဈေးကွက်များတွင်ဂျပန်ဆန်များရောင်းချနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်၍ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်နှင့်ဆန်ဖြင့် ပြုလုပ်ထားသည့်မုန့်များ၊ ဆာတေး (ဂျပန်အရက်)များကဲ့သို့ တင်ပို့သွားရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။ ဂျပန်နိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် ပြည်ပသို့ စုစုပေါင်း ဆန်တန်ချိန် တစ်သောင်းတင်ပို့ခဲ့ပြီးဆန်ဖြင့်ပြုလုပ်ထားသည့်စားသောက်ကုန်ပစ္စည်းများပါဝင်မည်ဆိုပါက တန်ချိန် ၂၄၀၀၀အထိ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန်တစ်သိန်းတင်ပို့နိုင်ရေးရည်မှန်းချက်သည်အလွန်မြင့်မားသော်လည်း အဆိုပါရည်မှန်းချက်ရရှိရေးအတွက်မိမိတို့ယုံကြည်မှုရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီး Ken Saito က ပြောကြားခဲ့ပါသည်။

ပို့ကုန်မြှင့်တင်ရေးတွန်းအားပေးဆောင်ရွက်မှုအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနသည်ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ရန် စိတ်အားထက်သန်သည့် စီးပွားရေးလုပ်ငန်းများနှင့်ပြည်ပတွင် ရောင်းအားတိုးချဲ့လိုသည့် ထုတ်လုပ်သူများထံမှ လျှောက်လွှာများကို တောင်းခံသွားမည်ဖြစ်ပြီး ယခုနှစ်အောက်တိုဘာလကုန်တွင် အဖွဲ့ဝင်များကိုရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။လက်ရှိတွင် ဂျပန်ဆန်များကို ဟောင်ကောင်နှင့် စင်ကာပူသို့ အဓိကထားတင်ပို့လျက်ရှိပြီး စိုက်ပျိုးရေးဝန်ကြီးဌာနသည် ပြည်ပရှိ ဂျပန်စားသောက်ဆိုင်များမှ ဝယ်လိုအားအသစ်များရရှိရန် မျှော်လင့်လျက်ရှိကြောင်းသိရှိရပါသည်။

Source: riceonline **စန္ဒာထွန်း** (TTI)

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၃-၉-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၅ | ၄၁၅ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၀ | ၄၀၀ | △ | ၃၉၅ | ၃၈၀ | ▽ | ၄၁၀ | ၄၀၅ | ▽ | ၃၉၅ | ၃၉၀ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၀ | ၃၉၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၈၀ | ၃၉၂ | △ | ၃၈၇ | ၃၇၀ | ▽ | - | - | - | ၃၈၅ | ၃၈၀ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၀ | ၃၈၆ | △ | ၃၆၈ | ၃၅၈ | ▽ | ၃၆၅ | ၃၆၅ | □ | ၃၄၀ | ၃၅၀ | △ |
| ပေါင်းဆန် | ၄၂၀ | ၄၂၃ | △ | - | - | - | ၄၀၈ | ၄၁၀ | □ | ၄၁၅ | ၄၁၅ | □ |

***Source: thairiceexporters***

# ပြည်တွင်းမြို့ကြီးများ၏ (၁၅-၉-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၈၅၀၀ | □ | ၆၅၃၂ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၆၅၀ | □ | ၂၁၀၀၀ | □ | ၁၀၆၀၀ | □ | ၃၈၅၀၀ | □ |
| ပဲခူး | ၅၀၀၀ | △ | ၂၀၀၀၀ | △ | ၆၇၀၀ | □ | ၃၃၀၀၀ | □ |
| ရွှေဘို | ၅၃၀၀ | □ | ၂၀၅၀၀ | □ | ၁၂၅၀၀ | □ | ၄၁၅၀၀ | □ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၀၀၀ | △ | ၃၂၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၃၀၀ | △ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၄၆၀၀ | △ | ၂၁၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| မန္တလေး | ၅၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၄၆၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၆၅၀ | ▽ | ၃၂၀၀၀ | □ | - | - | ၅၀၀၀၀ | △ |
| မြိတ် | ၃၈၀၀ | □ | ၂၃၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| ဘားအံ | ၅၄၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၉၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ဆန်ကြမ်းအရောင်းအဝယ်ကောင်းပြီး ဈေးမာလျက်ရှိ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်းဈေးဆက်တက်ကြောင်း သိရပါတယ်။ ပြည်တွင်းစားသုံးတဲ့ ဆန်ချောက ဈေးငြိမ်ပြီး ပြည်ပပို့တဲ့ဆန်ကြမ်းက အဝယ်များပြီး အဝင်ပါးတဲ့အတွက် ဈေးဆက်တက်တာဖြစ်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။ ကုန်စည်ဒိုင်ရဲ့ဆန်လက်ကားဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်း ဆန်(ထိပ်စ)တစ်အိတ်လျှင် ကျပ် ၃၄၀၀၀နဲ့ (လတ်စ)တစ်အိတ်လျှင် ကျပ် ၃၃၀၀၀၊ ပုသိမ်မြောင်းမြ ပေါ်ဆန်းဆန်(ထိပ်စ)တစ်အိတ်လျှင် ကျပ် ၃၆၀၀၀နဲ့(လတ်စ)တစ်အိတ်လျှင် ကျပ် ၃၃၅၀၀၊ နယ်စုံကျိုက်လတ်(ထိပ်စ)တစ်အိတ် ကျပ် ၃၂၀၀၀ နဲ့(လတ်စ)တစ်အိတ်ကျပ် ၃၁၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၄၈၀၀၀ မှ ကျပ် ၄၉၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်းသိရပါတယ်။

ပြည်ပဝယ်လိုအားများတဲ့ ဆန်ကြမ်းကတော့ ဆက်လက်ဈေးမာနေတာတွေ့ရပါတယ်။ ဧည့်မထဆန်(ထိပ်စ) တစ်အိတ်ကျပ် ၂၂၀၀၀ နဲ့ (လတ်စ)တစ်အိတ် ကျပ် ၁၉၇၀၀၊ နှွေသီးထပ်ရှယ် တစ်အိတ် ကျပ် ၂၁၈၀၀ မှ ကျပ် ၂၂၀၀၀၊ နှွေဆန် ရက် ၉၀ တစ်အိတ် ကျပ်၂၃၅၀၀မှ ကျပ်၂၄၀၀၀၊ ဧည့်မထ ၂၅ မှတ် တစ်အိတ် ကျပ် ၁၉၇၀၀ မှ ကျပ် ၂၀၀၀၀ ဖြစ်ပြီး တစ် အိတ်ကို ကျပ် ၃၀၀မှ ကျပ် ၁၀၀၀ကြား ဈေးမြင့်တက်ကြောင်း သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅မှတ်နဲ့ ငစိန်ဆန် အနည်းငယ် ဈေးတက်ပါတယ်။ ဧည့်မထ ၅ မှတ် မော်ဘီ တစ်အိတ် ၁၃၈ယွမ်မှ၁၄၁ယွမ်၊ ဧည့်မထ ၅ မှတ် စူပါတစ်အိတ် ၁၃၄ ယွမ်မှ ၁၃၉ ယွမ်၊ ဧည့်မထ ၁၀မှတ် မော်ဘီ တစ်အိတ်၁၃၂ယွမ်မှ ၁၃၃ ယွမ်၊ ဧည့်မထ ၁၀မှတ် စူပါတစ်အိတ် ယွမ်၁၃၀မှ ၁၃၁ယွမ်၊ မနောသုခ ၁၅ မှတ် တစ်အိတ် ယွမ် ၁၂၀မှ ၁၂၄ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၈ ယွမ်၊ ငစိန် ၅မှတ်တစ်အိတ် ၁၂၅ ယွမ်မှ ၁၂၈ ယွမ်၊ ငစိန် ၁၅မှတ်တစ်အိတ် ယွမ် ၁၂၀ မှ ၁၂၃ ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၆ ယွမ်မှ ၁၁၉ ယွမ် ရှိပါတယ်။ ဧည့်မထ၁၀ မှတ်နဲ့ မနောသုခ ဈေးငြိမ်ပြီး ဧည့်မထ ၅ မှတ်နဲ့ ငစိန်ဆန်တွေကတော့ တစ်အိတ်ကို တစ်ယွမ်ခန့် ဈေးတက်ကြောင်း မူဆယ်မှ သိရပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင်မှာ စက်တင်ဘာလ ၆ ရက်မှ ၁၂ ရက်အထိ ၂၂၂၉၈တန်ရှိပါတယ်။စက်တင်ဘာ ၁၅ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၂၀၄ကျပ်ဈေးပေါက်ကြောင်းသိရပါတယ်။ **ယဉ်ယဉ်အေး**

# ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့ပြီး ပင်လယ်ရေကြောင်းမှဆန်တင်ပို့မှုလျော့ကျ

စက်တင်ဘာ၂ရက်မှ ၈ရက်အထိ သီတင်းတစ်ပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅၂သန်းတန်ဖိုးရှိ ဆန်တန်ချိန်၂၇၃၂၉တန်တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှငစိန်ဆန်တန်ချိန်၁၀၀၊ ဧည့်မထဆန် ၂၄၁၇၂ တန်နဲ့ကောက်ညှင်းဆန် ၃၅တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၀၉တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှငစိန်ဆန်၁၉၀၅တန်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန်၁၀၀၈တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုန်သွယ်ရေးစခန်းများမှ ၂၄၂၂၅တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ၃၁၀၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ်မှာအမေရိကန်ဒေါ်လာ သုည ဒသမ ၅၈ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၁၆၀ ကို တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဆန်ကွဲ ၁၇၉၉ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၃၄၇တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ၁၄တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၂၆၃၉တန်တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ် ဆန်ကွဲတင်ပို့မှု ၄၇၉တန်လျော့ကျခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှစက်တင်ဘာ၃ ရက်မှ ၈ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၅၅သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၁၆၆၇၆တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန် ၂၂၂၅ တန်နဲ့ပေါင်းဆန်တန်ချိန် ၂၅၀၊ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၂၂၅၀ နဲ့ ငစိန်ဆန်တန်ချိန် ၂၅၀၊ တရုတ်နိုင်ငံသို့ ငစိန်ဆန်တန်ချိန် ၁၀၀၊အာဖဂန်နစ္စတန်နိုင်ငံသို့ ဧည့်မထ ဆန်တန်ချိန် ၅၇၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ဧည့်မထဆန် တန်ချိန် ၂၅၀၀၊တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန် ၁၁၂၅တန်၊ဘီနင်နိုင်ငံသို့ ဧည့်မထဆန်တန်ချိန်၅၀၊ရုရှားနိုင်ငံသို့ ဧည့်မထဆန် တန်ချိန် ၄၆၀၊အီးယူနိုင်ငံများသို့ ဧည့်မထဆန် ၁၄၆၆တန်နဲ့ ပေါင်းဆန် တန်ချိန်၂၅၀တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှဆန်၂၄၂၁၄တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်တင်ပို့မှု ၇၅၃၈ တန် လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဆန်တင်ပို့မှုလျော့ကျသလို ဆန်ကွဲတင်ပို့မှုလည်းလျော့ကျခဲ့ပါတယ်။အမေရိကန်ဒေါ်လာ ၁ဒသမ ၈၇၁သန်းတန်ဖိုးရှိ ဆန်ကွဲ၇၆၂၅တန်တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ ဆန်ကွဲ ၁၂၅ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၃၀၀၊ သီရိလင်္ကာနိုင်ငံသို့ ၃၇၅ တန်၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန်၁၀၀၀၊ အာဖဂန်နစ္စတန်နိုင်ငံသို့ တန်ချိန် ၂၅၀၊ တောင်အာဖရိကနိုင်ငံသို့ တန်ချိန်၅၀၀၊ အီးယူနိုင်ငံများသို့ ၅၀၇၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၁၇၅၃၅တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုတန်ချိန် ၉၉၁၀လျော့ကျခဲ့ကြောင်းသိရပါတယ်။ယခုတစ်ပတ်မှာ ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့နိုင်ပြီး ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှုလျော့ကျခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

### ၁၁-၉-၂၀၁၇ မှ ၁၅-၉-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1053 | 44,040,843.902 |
| 2 | Form D | 60 | 2,984,951.400 |
| 3 | Form E | 115 | 4,199,618.375 |
| 4 | Korea GSP | 6 | 101,328.000 |
| 5 | Form AK | 131 | 5,448,110.190 |
| 6 | Form AJ | 9 | 788,025.620 |
| 7 | Form AI | 70 | 2,832,343.730 |
| 8 | Form AANZ | 22 | 104,472.010 |
| 9 | Form DFTP | | |
| **Grand Total** | | **1466** | **60,499,693.227** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၅-၉-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၉၈ | ၉၁၉ | ▲ | ၁၀၀၀ | ၉၇၅ | ▼ | ၉၅၀ | ၉၅၀ | ■ | ၉၅၀ | ၉၁၀ | ▼ |
| ပဲစင်းငုံ | ၆၈၆ | ၆၉၁ | ▲ | ၆၈၃ | ၆၅၀ | ▼ | ၆၇၅ | ၆၆၀ | ▼ | ၆၉၀ | ၆၃၅ | ▼ |
| ပဲတီစိမ်း | ၁၅၃၀ | ၁၅၅၀ | ▲ | ၁၇၀၇ | ၁၆၀၀ | ▼ | ၁၄၄၇ | - | - | ၁၃၇၀ | ၁၃၁၅ | ▼ |
| ကုလားပဲရိုးရိုး | ၂၀၀၀ | ၂၀၀၀ | ■ | ၂၂၈၈ | ၂၃၀၆ | ▲ | ၂၂၇၉ | ၂၃၀၀ | ▲ | ၂၂၁၀ | ၂၂၄၀ | ▲ |
| ပဲလွန်းဖြူ | ၁၆၆၅ | ၁၆၆၅ | ■ | ၁၁၆၇ | - | - | - | - | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၂၄၃၆ | ၂၄၃၆ | ■ | - | - | - | ၁၅၈၀ | - | - |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၅-၉-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု | ၈/၉ | ၁၅/၉ | ပြောင်းလဲမှု |
| မတ်ပဲ | ၄၃၀ | ၄၂၀ | ▼ | ၆၅၈ | ၇၉၆ | ▲ | ၆၂၆ | ၇၀၂ | ▲ |
| ပဲစင်းငုံ | ၃၃၀ | ၃၁၅ | ▼ | ၆၁၁ | ၆၀၁ | ▼ | ၆၅၀ | ၆၅၆ | ▲ |
| ပဲတီစိမ်း | ၆၈၀ | ၆၈၀ | ■ | - | - | - | ၇၀၅ | ၇၄၉ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၃၀ | ၁၀၃၀ | ■ | ၉၂၄ | ၉၂၅ | ▲ | ၉၆၇ | ၉၇၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂-၉-၁၇)ထိ | ယခုတစ်ပတ် (၉-၉-၁၇)ထိ | (၁-၁-၁၇) မှ (၉-၉-၁၇) ထိ |
| မတ်ပဲ | ၃၇၇၇၇၉ | ၆၄၁၇ | ၃၈၄၁၉၆ |
| ပဲတီစိမ်း | ၁၀၀၈၃၀ | ၄၂၃ | ၁၀၁၂၅၃ |
| ပဲစင်းငုံ | ၁၉၅၁၅၈ | ၁၆၀၈ | ၁၉၆၇၆၆ |
| ကုလားပဲ | ၃၅၈၂၆ | ၄၂၅ | ၃၆၂၅၁ |
| ပဲလွန်းဖြူ | ၁၂၅၀၈ | ၇၃ | ၁၂၅၈၁ |
| မြေထောက်ပဲ | ၈၉၂၀ | ၁၀၅ | ၉၀၂၅ |

## ပြည်ပဲဈေးကွက်မှာ ပဲလွန်းဖြူဈေးကောင်းရ

ပြည်ပဲဈေးကွက်မှာ စက်တင်ဘာလလယ်အတွင်း လက်လီအရောင်းအဝယ်ဖြစ်နေတဲ့ ပဲများကတော့ အိတ်လက်ကျန်အနည်းငယ်ရှိမှုအပေါ် နေ့စဉ်အိတ်အနည်းငယ်စီရောင်းချနေခဲ့ကြပါတယ်။ ပဲလွန်းဖြူသီးနှံဟာ ပြည်ခရိုင်အတွင်း စိုက်ပျိုးမှုလည်းနည်းသလို ပဲဝင်ရောက်မှုမှာ ပဲထွက်ပေါ် ချိန်ကာလများတွင်သာ အဝင်များပြီး လက်လီ၊လက်ကားရောင်းဝယ်ကြလို့ ဒေသတွင်းသာအရောင်းအဝယ်ဖြစ်ခြင်းမျိုးမဟုတ်ဘဲ ရန်ကုန်ဝယ်လက်များလည်း ဝယ်ယူကြတယ်လို့သိရပါတယ်။ ယခုကာလများမှာတော့ ပဲအဝင်မရှိတော့ဘဲ လက်ကျန်လှောင်ပဲအနည်းငယ်ဖြင့်သာ ရောင်းဝယ်ကြရတာဖြစ်ပါတယ်။ ပဲဈေးမှာ ယခုနှစ်အတွင်း တစ်တင်းကျပ် ၃၇၀၀၀ အထိရရှိလို့ အခြားလက်လီပဲများဖြစ်သော ဘိုကိတ်၊ ပဲနီပြား၊ ထောပတ်ပဲများထက်ပင် ဈေးကောင်းရနေကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်းသီးနှံ မန္တလေးလိုင်းသမားအဝယ်လိုက်

ပြည်ပဲမျိုးစုံဈေးကွက်မှာ မိုးပဲတီစိမ်းသစ်များ အဝင်ဆက်ရှိနေပြီးပန်းတောင်း၊ ပေါက်ခေါင်း၊ ပြည်၊ အောင်လံမြို့နယ်များမှ တစ်ရက်လျှင်အိတ် ၂၅၀ ကျော် ဝင်ရောက်နေခဲ့ပါတယ်။ မန္တလေးလိုင်းသမားဝယ်လိုအား အမြဲရှိခဲ့လို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး ပဲဈေးနှုန်းမှာ ဈေးဆက်ငြိမ်နေခဲ့ကာ တစ်တင်းကျပ် ၂၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ပဲဈေးကွက်အတွင်း ပြည်ပဝယ်လိုအားရှိတဲ့ သီးနှံများအနက် ပဲတီစိမ်းသီးနှံ သာ အရောင်းအဝယ်ဖြစ်နေခဲ့သလို ပဲဈေးကလည်း မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုရနေခဲ့ပါတယ်။ ယခင်နှစ်ကာလတူက ပဲတီစိမ်းသီးနှံဈေးနှုန်းမှာ တစ်တင်း လျှင် ကျပ် ၂၃၀၀၀ သာရရှိလို့ ယခုနှစ်ဈေးကတော့ ယခင်နှစ်ထက် ဈေးပိုရနေကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## စက်တင်ဘာဒုတိယပတ် မုံရွာကုန်စည်ဒိုင်၏ပဲဈေးကွက်တွင် ကုလားပဲဖြူလုံးကြီး ဈေးအနည်းငယ်ပြန်တက်

စက်တင်ဘာဒုတိယပတ် မုံရွာကုန်စည်ဒိုင်၏ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများအရောင်းအဝယ်အေးပြီး ဈေးငြိမ်ခဲ့ပေမယ့် ဒေသသုံးအဝယ်သွက်ခဲ့လို့ ကုလားပဲဖြူလုံးကြီးမှာဈေးအနည်းငယ်ပြန်တက်လာတာကို တွေ့ရှိရပါတယ်။

ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီးမှာအမြင့်ဆုံးဈေး တစ်တင်းလျှင်ကျပ် ၄၄၀၀၀ဖြင့် ဈေးအနည်းငယ်မြင့်တက်ခဲ့ပြီး ထိုင်ဝမ်တစ်တင်းကျပ် ၄၁၃၀၀၊ 929 တစ်တင်းကျပ်၄၁၅၀၀ ဖြင့် ဈေးငြိမ်ခဲ့၍ ဒေသတွင်းပဲခွဲစက်လုပ်ငန်းနှင့် ကြာဆန်လုပ်ငန်းသမားများ ဝယ်လိုအားပုံမှန်ရှိနေတာကြောင့် တစ်ရက်လျှင် ကုလားပဲမျိုးစုံ အိတ် ၇၀၀ မှ ၅၀၀ကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

ပဲစင်းငုံနီဈေးကွက်မှာတော့ ယခုတစ်ပတ်မှာလည်း ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်တင်းလျှင်ကျပ် ၁၃၂၀၀ဖြင့် တစ်ရက်လျှင် အိတ် ၃၀၀ မှ ၄၀၀ကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှသိရပါတယ်။ မတ်ပဲဈေးကွက်မှာတော့ ပဲလက်ကျန်နည်းပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိရာ တစ်တင်းကျပ်၁၉၀၀၀မှကျပ်၂၁၀၀၀ဖြင့်တစ်ရက်အိတ် ၂၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရှိရပါတယ်။

စိမ်းကြီးဈေးကွက်မှာတော့ ဒိုင်မှာ ပဲအဝင်နည်းပြီး ဝယ်လက်အဆွဲနည်းနေလို့ ပဲအရည်အသွေးပေါ် မူတည်၍ တစ်တင်းလျှင် ကျပ်၂၇၅၀၀ မှ ကျပ် ၂၈၅၀၀ ဖြင့် ဈေးငြိမ်ခဲ့ပြီး မန်းဝယ်လက် အနည်းငယ်ရှိခဲ့လို့ တစ်ရက်အိတ် ၂၀၀ခန့် အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

အခြားဒေသသုံးပဲများဖြစ်တဲ့ ထောပတ်တစ်တင်းလျှင် ၂၈၀၀၀ မှ ၃၀၀၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်းလျှင် ကျပ် ၃၃၅၀၀၊ စွန်တာနီတစ်တင်းလျှင် ကျပ်၂၈၅၀၀၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၅၉၀၀၀ မှ ကျပ် ၆၂၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ်၂၉၀၀၀၊ ပုဂံပဲတစ်တင်းလျှင် ကျပ် ၄၀၀၀၀၊ မြေထောက်ပဲတစ်တင်းလျှင် ကျပ် ၃၅၀၀၀ မှ ကျပ် ၃၇၀၀၀ အသီးသီး ပေါက်ဈေးဖြစ်ပေါ် ခဲ့ပြီး လက်လီအရောင်းသာဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်မှ လေ့လာသိရှိရပါတယ်။

**လင်းလင်းသန့်**

## မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးကွက်ဈေးငြိမ်လျက်ရှိ

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သောမြေပဲလုံးဆန်ဖြူနဲ့အနီကတော့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်လျက်ရှိပြီး ဆီဆန်ဈေးကတော့ အနည်းငယ်ကျဆင်းလျက်ရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။

အဝင်ရှိသလောက်တော့ ဒေသတွင်းဆားလှော်သမားများနှင့်ဆီစက်သမားများ ဝယ်ယူလျက်ရှိလို့အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲဆန်များကို မုံရွာကုန်စည်ဒိုင် သို့ နေ့စဉ်အိတ် ၁၀၀၀ ခန့် ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာ ပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ)ကျပ် ၂၃၅၀နဲ့အိတ်၃၀၀ခန့်၊ (လုံးဆန်နီ) ကျပ် ၂၂၀၀နဲ့ အိတ်၁၅၀ခန့်၊ (ဆီဆန်) ကျပ် ၁၈၅၀နဲ့ အိတ် ၇၀၀/၈၀၀ခန့် အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကာ ဆီဆန်မှာအရောင်းအသွက်ဆုံးဖြစ်ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ(လုံးဆန်ဖြူ) ကျပ် ၂၃၅၀၊ (လုံးဆန်နီ)ကျပ် ၂၂၀၀၊ (ဆီဆန်) ကျပ် ၁၉၇၅ နှုန်းပေါက်လို့ ယခုတစ်ပတ်နှင့်နှိုင်းယှဉ်ပါက လုံးဆန်ဖြူနဲ့နီက ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်လျက်ရှိပြီး ဆီဆန်ကတော့ ဈေးအနည်းငယ်ကျဆင်းလျက်ရှိကြောင်းတွေ့ရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကိုမန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနဲ့ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## မုံရွာကုန်စည်ဒိုင်၏ နှမ်းသီးနှံဈေးကွက်တွင် နှမ်းနက်ဈေးအနည်းငယ်ကျဆင်း

မုံရွာကုန်စည်ဒိုင်ရှိဆီထွက်သီးနှံဖြစ်သောနှမ်းဈေးကွက်တွင် နှမ်းနက်ဈေးအနည်းငယ်ကျ၍ အရောင်းအဝယ်လည်း အနည်းငယ်အေးလျက်ရှိကြောင်း သိရပါတယ်။ နှမ်းဖြူနဲ့ နှမ်းညိုဈေးငြိမ်လျက်ရှိပြီး ဒေသတွင်းအဝယ်ရှိလို့ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်နှမ်းသီးနှံ ပေါက်ဈေးနှုန်းကတော့ နှမ်းဖြူတစ်ပိဿာ ၂၃၆၇ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၈၃၃ ကျပ်၊ နှမ်းနက်တစ်ပိဿာ ၂၃၃၃ကျပ် မှ ၁၉၃၃ကျပ်နှုန်းနဲ့အသီးသီးအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ် ပေါက်ဈေးနှုန်းမှာနှမ်းဖြူတစ်ပိဿာ ၂၃၆၇ကျပ်၊ နှမ်းညိုတစ်ပိဿာ ကျပ် ၁၈၀၀၊နှမ်းနက်တစ်ပိဿာ ၂၄၃၃ကျပ် နှုန်းပေါက်လို့ ယခုတစ်ပတ်မှာဈေးအနည်းငယ်ကျဆင်းလာတာတွေ့ရပါတယ်။ ယခင်နှစ်ကာလတူ အချိန်ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ပေါက်ဈေးနှုန်းက ဈေးမြင့်နေကြောင်းသိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**

## ပြည်ဘိုကိတ်ပဲ လက်လီအရောင်းအဝယ်သာရှိပြီး ဈေးငြိမ်

စက်တင်ဘာလလယ်အတွင်း ပြည်ပဲဈေးကွက်မှာ လက်လီရောင်းဝယ်မှုများတဲ့ပဲများအနက် ဘိုကိတ်ပဲသီးနှံဟာ လက်ကျန်အနည်းငယ်ရှိတာကြောင့် ပဲအဝင်မရှိပေမယ့် နေ့စဉ်ရောင်းချခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးများအနေဖြင့် ဈေးအတက်အကျသိပ်မဖြစ်ဘဲ ပဲတစ်တင်းလျှင် ကျပ် ၂၆၀၀၀ ပတ်ဝန်းကျင်သာရခဲ့လို့ ယခင်နှစ်ကဈေးထက်လည်း ဈေးသိသိသာသာ ပိုရလာခြင်းမျိုးမဟုတ်ဘဲ တစ်တင်း ကျပ်နှစ်ထောင်ကျော်လောက်သာ ဈေးပိုရခဲ့ကြပါတယ်။ ယခုနှစ်မှာ အခြားလက်လီပဲအားလုံးနီးပါး ဈေးကောင်းရနေတဲ့အတွက် ယခင်နှစ်က ဈေးနှုန်းများနှင့်ယှဉ်လျှင် ဈေးပိုနေသော်လည်း ဘိုကိတ်ပဲသီးနှံကတော့ ယင်းပဲများကဲ့သို့ ဈေးအတက်အကျအပြောင်းအလဲသိပ်မဖြစ်ဘဲ ရောင်းဝယ်နေခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## စက်တင်ဘာဒုတိယပတ်အတွင်းရေစကြိုကုန်စည်ဒိုင်၌အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သောဈေးကွက်နှင့်ဈေးနှုန်း

ယခုတစ်ပတ်ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲလုံးဆန်နီ(မြောင်)တစ်ပိဿာလျှင် ကျပ်၂၀၅၀၊ ကျွန်းဆန်တစ်ပိဿာလျှင် ကျပ်၂၀၀၀၊ S1(မြေပဲဖြူလုံးဆန်)ကျပ် ၂၁၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ရေစကြိုဒေသထွက်မတ်ပဲတစ်တင်းလျှင်အနိမ့်ဈေးကျပ် ၂၁၀၀၀၊ အမြင့်ဈေး ကျပ် ၂၂၀၀၀၊ စွန်တာပြာတစ်တင်းလျှင် ကျပ်၂၈၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၃၂၅၀၀၊ ပဲနီပြားတစ်တင်းလျှင် အနိမ့်ဈေးကျပ် ၂၅၅၀၀ နှင့် အမြင့်ဈေးကျပ်၂၆၀၀၀ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် တင်း ၅၀ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းတွေ့ရသည်။ ကုလားပဲများဖြစ်သောHL တစ်တင်းလျှင် ကျပ် ၄၀၅၀၀၊ 929 တစ်တင်းလျှင် ကျပ် ၄၁၀၀၀၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၄၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။နှမ်းဖြူသန့်အနိမ့်ဈေး ကျပ် ၃၂၀၀၀၊ အမြင့်ဈေးကျပ် ၃၄၀၀၀ဖြင့် ရေစကြိုကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသည်ကိုလေ့လာတွေ့ရှိရပါသည်။

**လှိုင်ဦမှာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၄ .၉ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - MT.CHAO ANOMA | P.Oil (In Bulk ) ၄၃၀၀ကုန်ချရန် |
| မြန်မာနိုင်ဂရုဖ်ဆိပ်ကမ်း | - MT.AU GEMINI | P.Oil (In Bulk ) ၄၂၅၀ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - SINAR BATAM | ကုန်သေတ္တာ ၅၇၁ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - NK KHALEDA | ဆန် ၁၆၅၀ တန်ကုန်တင်ရန် |
| စက်မှုဆိပ်ကမ်း (၂) | - SINAR BALI | ကုန်သေတ္တာ ၄၀၇ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၂) | - BLUE GATE | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - TRUE BORN | ဆန် ၂၀၀၀၀ တန်ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - PAX | ဆန် ၂၄၀၀၀ တန်ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၁) | - TAN BINH-127 | ဆန် ၁၁၀၀၀ တန်ကုန်တင်ဆဲ |
| Myanmar Integrated Port Ltd | - VINALINE OCEAN | Cement (Jumbo Bags) ၂၃၀၀၀ တန်ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - KOTA RATNA | ကုန်သေတ္တာ ၉၅ ကုန်တင်ကုန်သေတ္တာ ၈၆ကုန်ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - CONTILAPISLAZULI | G/C&Fertilizer ၂၉၆၃၃တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - ZI JING SONG | Steel & Equipment ၁၁၆၂၈တန်ကုန်ချရန် |
| နန်းသီတာဆိပ်ကမ်း | - TAUNG GYI | G/C ၄၅၀ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TUG;ASL COURAGEOUS | - | MALAYSIA | ၁၅.၉.၂၀၁၇ |
| BG;AOM HOPPER-9 | - | MALAYSIA | ၁၅.၉.၂၀၁၇ |
| BG;AOM HOPPER-10 | - | MALAYSIA | ၁၅.၉.၂၀၁၇ |
| VIKING CHANCE | Units Vehicle (R0/RO) ၂၂၆၂ တန်ကုန်ချရန် | JAPAN | ၁၆.၉.၂၀၁၇ |
| KORALIA | Cement (In Bulk) ၈၀၀၀တန် ကုန်ချရန် | MALAYSIA | ၁၇.၉.၂၀၁၇ |
| CORE SHIP OL | Steel ၁၀၀၉၇ တန်ကုန်ချရန် | CHINA | ၁၈.၉.၂၀၁၇ |
| KIRANA NAREE | Rice ၂၅၀၀၀ တန်ကုန်တင်ရန် | AFRICA | ၁၈.၉.၂၀၁၇ |
| IDM DOODLE | Steel ၁၀၀၈၂ တန်ကုန်ချရန် | INDIA | ၁၉.၉.၂၀၁၇ |
| EXCEL | BUDDHA IMAGES + RAAWAY DUMPER ၂၇၈ တန်ကုန်တင်ရန် | THAI | ၂၀.၉.၂၀၁၇ |
| HONG KAI | Fertilizer& Steel ၁၇၅၁၈ တန်ကုန်ချရန် | CHINA | ၂၂.၉.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| UNI AMPLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၆.၉.၂၀၁၇ |
| MCC SINGAPORE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၉.၂၀၁၇ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၉.၂၀၁၇ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၉.၂၀၁၇ |
| DAWEI | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁၆.၉.၂၀၁၇ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆.၉.၂၀၁၇ |
| FSL SANTOS | SINGAPORE | အလုံဆိပ်ကမ်း | ၁၆.၉.၂၀၁၇ |
| YANTRA BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၇.၉.၂၀၁၇ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၇.၉.၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.AU VIRGO | P'Oil | SINGAPORE | ၁၄.၉.၂၀၁၇ |
| MT.FLY GURNARD | ဒီဇယ်ဆီ | SINGAPORE | ၁၄.၉.၂၀၁၇ |
| MT.OCEAN PREMIER | MOGAS 92 RON | SINGAPORE | ၁၅.၉.၂၀၁၇ |
| MT.SINGA PARAIS | ဒီဇယ်ဆီ | SINGAPORE | ၁၆.၉.၂၀၁၇ |
| MT.SINGA BERLIAN | ဒီဇယ်ဆီ | SINGAPORE | ၁၆.၉.၂၀၁၇ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၆.၉.၂၀၁၇ |
| MT.BOSS OIL-1 | P'Oil | SINGAPORE | ၁၆.၉.၂၀၁၇ |
| MT.YU RU | MOGAS 92 RON | SINGAPORE | ၁၆.၉.၂၀၁၇ |

## ပြည်မိုးမြေပဲ ဝယ်လက်ဝယ်ယူမှုနည်းလာလို့ ဈေးကျလာ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးမှာ ဆက်တိုက်ဆိုသလို ဈေးအနည်းငယ်စီကျနေတာ တွေ့ရပါတယ်။ ရွှေတောင်၊ ပေါင်းတလည်၊ ပေါက်ခေါင်းဘက်ရှိ ကျေးရွာများမှ မိုးမြေပဲ နေ့စဉ်ဝင်ရောက်မှုမရှိပေမယ့် ရက်ခြားဝင်ရောက်တာတွေ့ရပါတယ်။ တစ်ကြိမ်လျှင် အိတ် ၉၀၀-၁၀၀၀ခန့်သာ ဝင်ရောက်မှုရှိလို့ မနှစ်ကနဲ့နှိုင်းယှဉ်ပါက ယခုနှစ်မှာ ဝင်ရောက်မှုများလာတာ တွေ့ရပါတယ်။ ယခုနှစ်ရေကြီးသော်လည်း မြေပဲခင်းများ မပျက်စီးပေမယ့် အထွက်နှုန်းနည်းသဖြင့် ဝင်ရောက်မှု နည်းနေသေးတာတွေ့ရပါတယ်။ ဝယ်လက်ကလည်း ဝယ်ယူမှုနည်းနေသေးလို့ ဈေးအနည်းငယ်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၇၅၀ ဖြင့် တစ်နေ့လျှင် အိတ် ၂၀၀-၃၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ၂၀၂၅ ကျပ်၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ဖြင့် တစ်နေ့လျှင် အိတ် ၁၅၀-၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## ၂၀၁၇ခုနှစ် စက်တင်ဘာလ ပထမပတ်နှင့်ဒုတိယပတ်အတွင်း မန်းကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော သီးနှံများ၏ဈေးနှုန်းနှင့်ဈေးကွက်

မန္တလေးကုန်စည်ဒိုင်(ပွဲစား/ကုန်သည်/စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာနေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိတဲ့ လယ်ယာထွက်သီးနှံများထဲမှတရုတ်ဝယ်လက်အဆွဲများတဲ့ ပဲတီစိမ်း၊နှမ်းရောင်စုံနဲ့စီပီပြောင်းဈေးကွက်များအနက် ယခုတစ်ပတ်မှာ ပဲတီစိမ်းတစ်ပိဿာလျှင် ၁၇၆၉ ကျပ်ရှိခဲ့ရာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင်၁၄၃ကျပ်(တစ်တန်လျှင် ၈၇၅၇၂ကျပ်) ဈေးမြင့်တက်ခဲ့ပြီး နေ့စဉ် သုံးတင်းအိတ် ၁၅၀၀၀ကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။

နှမ်းရောင်စုံဈေးကွက်တွင် နှမ်းဖြူတစ်ပိဿာလျှင် ၂၅၅၆ကျပ်ဖြင့် ယခင်နှစ်ကာလတူဈေးထက် ၁၁၂ကျပ် (တစ်တန် ၆၈၅၈၇ကျပ်)၊ နှမ်းညိုတစ်ပိဿာလျှင် ကျပ် ၂၀၀၀ဈေးရှိခဲ့ရာ ယခင်နှစ်ကာလတူဈေးထက် ၈၉ကျပ် (တစ်တန် ၅၄၅၀၃ကျပ်)၊ နှမ်းနက် တစ်ပိဿာလျှင် ၂၄၄၄ကျပ်ရှိခဲ့ရာ ယခင် နှစ်ကာလတူဈေး ထက် ၂၂၂ကျပ်(တစ်တန် ၁၃၅၉၅၀ ကျပ်)၊နှမ်းနက်စမုံတစ်ပိဿာလျှင် ၂၈၂၂ကျပ် ရှိခဲ့ရာ ယခင်နှစ်ကာလတူဈေးထက် ၈၉ကျပ်(တစ်တန် ၅၄၅၈၃ကျပ်)မြင့်တက်ခဲ့ကြောင်း၊နေ့စဉ်သုံးတင်းဝင်အိတ်ဖြင့်နှမ်းရောင်စုံအိတ်၄၅၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

စီပီပြောင်းတစ်ပိဿာလျှင် ကျပ် ၅၅၀ရှိခဲ့ရာ ယခင်နှစ်ကာလတူထက် တစ်ပိဿာလျှင် ၃၁ကျပ် (တစ်တန် ၁၈၉၈၄ ကျပ်)မြင့်တက်ခဲ့ရာ သုံးတင်းဝင်အိတ် ၂၀၀၀ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

ပဲမျိုးစုံဈေးကွက်တွင် ပဲယင်းတစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ ထောပတ်ပဲတစ်ပိဿာလျှင် ၂၄၃၆ ကျပ်၊ ပဲကြီးတစ်ပိဿာလျှင် ၃၁၆၇ကျပ်ရှိခဲ့ရာ ဈေးနှုန်းအပြောင်းအလဲမရှိသလို အရောင်းအဝယ်လည်း အေးနေကြောင်းသိရသည်။ ရန်ကုန်ဝယ်လက်နှင့်ဒေသတွင်းဝယ်လက်များက ဝယ်ယူလေ့ရှိသည့် မတ်ပဲမှာတစ်ပိဿာလျှင် ၁၀၆၇ ကျပ်ရှိခဲ့ရာ ယခင်နှစ်ကာလတူဈေးအောက် ၁၅၀ ကျပ်(တစ်တန် ၉၁၈၅၉ကျပ်)ဖြင့် နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့်၊ ကုလားပဲဖြူလုံးကြီး တစ်ပိဿာလျှင် ၂၃၀၆ ကျပ်ရှိခဲ့ရာ ယခင်နှစ်ကာလတူဈေးထက် ၁၈ကျပ်(တစ်တန် ၁၁၀၂၃ကျပ်)မြင့်တက်ခဲ့သည်။ ကုလားပဲထိုင်ဝမ်တစ်ပိဿာလျှင် ၂၂၂၂ ကျပ်ရှိခဲ့ရာ ယခင်နှစ်ကာလတူဈေးအောက် ၅၃ကျပ်(တစ်တန် ၃၂၄၅၇ ကျပ်) ကျဆင်းခဲ့သည်။ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းဝင်အိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်တွင် ပဲတီစိမ်း၊ နှမ်းရောင်စုံနှင့်စီပီပြောင်းတို့ယခင်တစ်ပတ်ထက် ဈေးမာပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မတ်ပဲနှင့်ကုလားပဲတို့မှာ ရန်ကုန်ဝယ်လက်နှင့်ဒေသတွင်းဝယ်လက်များ အဆွဲနည်းတာကြောင့် ဈေးကျဆင်းကာ အရောင်းအဝယ်အေးကြောင်း၊ တရုတ်ဝယ်လက် အများဆုံးဖြစ်သည့် ပဲတီစိမ်း၊နှမ်းရောင်စုံနှင့်စီပီပြောင်းတို့ကို ယခုထက်ပိုမိုတင်ပို့နိုင်ရန် ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရန်အတွက် သီးနှံစိုက်ပျိုးသည့်ဒေသများအနေဖြင့် ခေတ်မီသည့်စိုက်ပျိုးနည်းစနစ်များ၊ ရိတ်သိမ်း၊ သယ်ယူ၊ သိုလှောင်မှုစနစ်များကို နည်းပညာအကူအညီရယူရန်၊ သို့မှသာ အရည်အသွေးပိုမိုကောင်းမွန်သည့်သီးနှံများရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ကုန်သည်များအနေဖြင့်လည်း ဈေးကွက်ကို တရုတ်ဝယ်လက်တစ်ခုတည်းသာ အားမကိုးဘဲ အခြားပြည်ပဝယ်လက်များရရှိအောင် ကြိုးစားသင့်ကြောင်း ကုန်သည်ကြီးတစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

**အာကာကျော်(မန္တလေး)**

## စက်တင်ဘာလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲကြီးသီးနှံ ဈေးအမြင့်ဆုံးရရှိပြီး ပဲတီစိမ်းသီးနှံဈေးငြိမ်

စက်တင်ဘာလလယ် ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပဝယ်လက် ပဲများအနက် ပဲတီစိမ်းသီးနှံတစ်မျိုးသာ အရောင်းအဝယ်ဖြစ်ပြီး ကျန်ပဲများအားလုံးကတော့ ဒေသတွင်းဝယ်လက်များဖြင့် လက်လီလက်ကားအရောင်းအဝယ်ဖြစ်လျက်ရှိတာကို တွေ့ရပါတယ်။

ဒါကြောင့် မတ်ပဲသီးနှံနဲ့ ပဲစင်းငုံသီးနှံမှာ ဈေးကွက်အတွင်း အရောင်းအဝယ်မဖြစ်သလောက်ရှိခဲ့တာကြောင့် တစ်ပတ်လျှင် မတ်ပဲ အိတ် ၂၀၀ခန့်သာ အရောင်းအဝယ်ဖြစ်ပြီး ပဲစင်းငုံအိတ် ၁၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ငွေလို၍ ရောင်းချသူများအနေဖြင့် ရသလောက်ဈေးဖြင့်သာ ရောင်းချနေကြတယ်လို့ သိရကာ မတ်ပဲတစ်တင်း ကျပ် ၁၈၀၀၀၊ ပဲစင်းငုံတစ်တင်း ကျပ် ၁၂၇၀၀ တို့ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်။

ပြည်တွင်းမှာအဓိကအရောင်းအဝယ်ဖြစ်နေတဲ့ ပဲသီးနှံများအနက် ကုလားပဲနဲ့ ပဲကြီးသီးနှံမှာ ဈေးလည်းကောင်းသလို အရောင်းအဝယ်လည်းသွက်နေခဲ့ပြီး ကျန်ပဲများမှာ လက်လီအရောင်းအဝယ်သာများခဲ့ကြောင်း သိရပါတယ်။ ကုလားပဲသီးနှံမှာ အဝင်မရှိတော့ဘဲ လက်ကျန်လှောင်ပဲများရှိတာကြောင့် နေ့စဉ်ပဲခွဲစက်သမားများ ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ကြရလို့ အိတ် ၂၀၀ မှ ၂၅၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကုလားပဲဈေးနှုန်းမှာ တရိပ်ရိပ်တက်လျက်ရှိလို့ တစ်တင်း ကျပ် ၄၇၀၀၀ ရရှိနေခဲ့တယ်လို့ သိရပါတယ်။

ယခင်နှစ်ကလည်း ကုလားပဲသီးနှံဈေးမှာ ပဲကြီးဈေးထက်ပိုရပြီး ဈေးကောင်းခဲ့တာကြောင့် စက်တင်ဘာလအတွင်း တစ်တင်း ကျပ် ၄၀၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာ ယခုနှစ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရတဲ့သီးနှံဖြစ်ခဲ့လို့ရွှေကျွန်းတစ်တင်း ကျပ်၅၅၀၀၀၊ ကမ်းနားတစ်တင်း ကျပ် ၅၀၀၀၀ဖြင့် ပဲကြော်ဖိုသမားများဝယ်ယူကြကာ အိတ် ၁၀၀ ကျော် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲအဝင်ရှိခဲ့သော်လည်း ဝင်ရောက်မှုနည်းလာလို့ လက်ကျန်ပဲများကို ဝယ်လိုအားရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ကာ မျိုးပဲများလည်း အဝယ်ရှိတာကြောင့် မျိုးပဲတစ်တင်း ကျပ် ၆၀၀၀၀ ဖြင့် ဈေးကောင်းရခဲ့ပါတယ်။ ယခင်နှစ်က ပဲကြီးသီးနှံဈေးမှာ တစ်တင်းလျှင် ကျပ် ၃၀၀၀၀ အောက်သာ ရရှိလို့ ကုလားပဲသီးနှံထက် ဈေးနိမ့်နေခဲ့သော်လည်း ယခုနှစ်မှာတော့ ကုလားပဲသီးနှံထက်ပင် ဈေးပိုရလာလို့ ဈေးကွက်မှာ ဈေးအမြင့်ဆုံးနဲ့ ရပ်တည်နေခဲ့ပါတယ်။

လက်လီပဲဈေးကွက်မှာတော့ ထောပတ်ပဲသီးနှံနဲ့ ပဲနီပြားသီးနှံများမှာ ယခင်နှစ် ဈေးနှင့်ယှဉ်လျှင် ဈေးကောင်းရလျက်ရှိကာ ထောပတ်ပဲတစ်တင်း ကျပ် ၃၂၀၀၀၊ ပဲနီပြားတစ်တင်း ကျပ်၃၁၅၀၀ဖြင့် လက်လီဝယ်ယူသူများအား အိတ်အနည်းငယ်စီ နေ့စဉ်ရောင်းချခဲ့ရပါတယ်။ ဒါကြောင့် ယခုနှစ်မှာ ပြည်တွင်းဝယ်လက် ပဲများအားလုံးလိုလိုဟာ ပြည်ပဝယ်လက်ပဲများထက် ဈေးကောင်းရတဲ့ သီးနှံများဖြစ်နေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

စားတော်ပဲသီးနှံအနေဖြင့် ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၄၉၀၀၀အထိ ဈေးထပ်ပိုလာလို့ လက်လီပဲဈေးကွက်အတွင်းမှာ ဈေးအမြင့်ရရှိပြီး နေ့စဉ် ပုံမှန်အိတ် အနည်းငယ်ရောင်းချခဲ့ရတာကို တွေ့ရပါတယ်။ ယခု စက်တင်ဘာလလယ် ပြည်ပဲမျိုးစုံဈေးကွက်ရှိ ဈေးနှုန်းများလေ့လာမှုအရ ပဲကြီးသီးနှံနှင့် ကုလားပဲသီးနှံအပြင် စားတော်ပဲသီးနှံများ ဈေးဆက်မြင့်တက်လျက်ရှိကာ ပဲကြီးသီးနှံဟာ ဈေးကွက်အတွင်း ဈေးအမြင့်ဆုံးဖြစ်နေခဲ့ပြီး ပြည်ပဝယ်လက် ပဲတီစိမ်းသီးနှံထက်ပင် ဈေးကောင်းရလျက်ရှိကြောင်းသိရှိရပါတယ်။

**ခင်ဆွေဝင်း**

## ကြက်သွန်

# မုံရွာကြက်သွန်နီစျေးကွက်ပေါက်စျေးအမြင့်နဲ့ အရောင်းအဝယ်အေး

မုံရွာ (ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ်ကြက်သွန်နီ စျေးကွက်မှာယခင်တစ်ပတ်က ပေါက်စျေးနှုန်းထက်မြင့်တက်လျက်ရှိပြီး ဆက်တိုက် စျေးမြင့်တက်ကာအရောင်းအဝယ် အနည်းငယ်အေးနေကြောင်းသိရပါတယ်။ ဒေသ တွင်း ကြက်သွန်နီပေါက်စျေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာ၍ အရောင်း အဝယ်အေးနေပြီး စျေးကွက်အတွင်း ပြည်ပမှ ကြက်သွန်နီများဝင်ရောက်လာကာ ပေါက်စျေးနှုန်းမှာလည်း ထက်ဝက်ကွာခြားကြောင်းသိရပါတယ်။

ယခုတစ်ပတ်ကြက်သွန်နီတစ်ပိဿာလက်ကားပေါက်စျေးနှုန်းမှာ (ကြီး) ကျပ် ၂၀၀၀၊ (လတ်) ကျပ် ၁၉၀၀၊ (သေး) ၁၈၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာ ပေါက်စျေးနှုန်းမှာ(ကြီး) ကျပ် ၂၂၀၀၊ (လတ်) ကျပ် ၂၀၀၀၊ (သေး) ကျပ်၁၉၀၀နှုန်း နဲ့ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်တစ်ပတ် လက်ကားပေါက်စျေးနှုန်းမှာ (ကြီး) ကျပ်၁၈၀၀၊ (လတ်)ကျပ်၁၇၀၀၊(သေး) ကျပ် ၁၆၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီ တစ်ပိဿာပေါက်စျေးနှုန်းမှာ (ကြီး)ကျပ် ၂၁၀၀၊ (လတ်) ကျပ် ၁၈၀၀၊ (သေး)ကျပ် ၁၇၀၀ နှုန်းပေါက်လို့ ယခုတစ်ပတ်ပေါက်စျေးနှုန်းမှာ ယခင်တစ်ပတ်စျေးနှုန်းထက် မြင့်တက် နေပြီး ယခင်နှစ်ကာလတူပေါက်စျေးနှုန်းထက် ထက်ဝက်ကျော်စျေးမြင့် လျက်ရှိကြောင်း တွေ့ရပါတယ်။

မုံရွာကြက်သွန်ဖြူစျေးကွက်ကတော့ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက် ရှိကြောင်းသိရပါတယ်။ ပွဲရုံသို့ နေ့စဉ်ကြက်သွန်ဖြူပိဿာ ၁၀၀၀ခန့် ဝင်ရောက် လျက်ရှိပြီး စျေးအနည်းငယ်သာ အတက်အကျရှိကာ အရောင်းအဝယ်လည်း ပုံမှန် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်ကြက်သွန်ဖြူ တစ်ပိဿာပွဲရုံပေါက် စျေးနှုန်းမှာ (ဗမာ) ကျပ် ၃၅၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်စျေးနှုန်းမှာ(ဗမာ)ကျပ်၄၀၀၀၊(ရှမ်း)ကျပ်၃၀၀၀၊(ကြူကုတ်)ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာ ကြက်သွန်နီပွဲရုံမှ သိရပါတယ်။

**ကြည်ကြည်နွယ်( မုံရွာ)**

# ပြည်ကြက်သွန်နီ စျေးဆက်လက်ကောင်းနေဆဲ

ယခုတစ်ပတ် ပြည်ကြက်သွန်နီစျေးကွက်တွင် ကြက်သွန်နီစျေးနှုန်းများဆက် လက်မြင့်တက်လျက်ရှိနေကြောင်းသိရပါတယ်။ ပြည်ပွဲရုံလက်ကားစျေးမှာ တစ် ပိဿာလျှင် ပျမ်းမျှ ကျပ်၂၀၀ခန့်စျေးမြင့်သွားသလို လက်လီစျေးအသေးများ၌ တစ်ပိဿာလျှင်ပျမ်းမျှကျပ် ၃၀၀မှကျပ်၄၀၀ခန့်ပိုမိုမြင့်တက်သွားကြောင်းသိရပါ တယ်။ဝင်ရောက်မှုအားဖြင့် မကွေး၊ ဆိပ်ဖြူ၊ ပခုက္ကူ၊ အောင်လံနယ်တို့မှ တစ်နေ့ လျှင်အနည်းဆုံးပိဿာ ၃၀ ဝင်အိတ် ၂၀၀မှအများဆုံးအိတ်၄၅၀ခန့်ထိ ဝင်ရောက် မှုရှိပြီး စျေးမြင့်သည့်အတွက် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ပုံမှန်ဝယ်လက်သမား များဖြင့်သာ အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်းသိရပါတယ်။ နယ်ကျော်ရောင်း ဝယ်မှုအနေဖြင့် ဧရာဝတီတိုင်းသို့ပုံမှန်စီးဆင်းမှုရှိပြီး ရခိုင်ပြည်နယ်တွင်ပုံမှန်ထက် မှာယူမှုနည်းနေတယ်လို့လည်းသိရပါတယ်။ စျေးနှုန်းအနေနဲ့ယခုတစ်ပတ်ပွဲရုံလက် ကား တစ်ပိဿာလျှင်(ကြီး)ကျပ်၂၃၀၀၊ (လတ်)ကျပ် ၂၂၀၀၊ (သေး) ကျပ် ၁၉၀၀ မှ ကျပ်၂၀၀၀ရှိပြီး၊ လက်လီစျေးအသေးများတွင်(ကြီး)ကျပ် ၂၆၀၀၊ (လတ်)ကျပ် ၂၄၀၀၊(သေး)ကျပ်၂၁၀၀မှကျပ်၂၂၀၀နှုန်းနှင့်ရောင်းဝယ်လျက်ရှိပါတယ်။ ယခင်-တစ် ပတ်လက်ကားစျေး(ကြီး)ကျပ် ၂၀၀၀မှ ကျပ် ၂၁၀၀၊ (လတ်) ကျပ် ၁၉၀၀၊ (သေး) ကျပ်၁၈၀၀နှုန်းရှိပြီး လက်လီစျေးများတွင်(ကြီး) ကျပ် ၂၂၀၀၊(လတ်)ကျပ် ၂၁၀၀၊ (သေး)ကျပ်၁၉၀၀မှကျပ် ၂၀၀၀နှုန်းရှိတဲ့အတွက် ယခုတစ်ပတ်စျေးနှုန်းမှာ ယခင်တစ်ပတ်စျေးနှုန်းထက် ပိုမိုမြင့်တက်နေတာတွေ့ရပါတယ်။ ထို့ပြင် ပြည်စျေး ကွက်အတွင်း တရုတ်ကြက်သွန်နီနှင့် အိန္ဒိယကြက်သွန်နီများလည်း တွေ့ရှိရပြီး တစ်ပိဿာလျှင် ကျပ် ၁၄၀၀ မှ ကျပ် ၁၅၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ ကိုယ်တိုင်ချက်ပြုတ်စားသုံးသူများမှ ဝယ်ယူမှုမရှိဘဲ နေ့စဉ်အသုံးရှိ သည့် အစားအသောက်ချက်ပြုတ်ရောင်းချသူများမှသာ အရည်အသွေးမကောင်း ပေမယ့် စျေးချိုသော တရုတ်၊ အိန္ဒိယကြက်သွန်နီများကို ဝယ်ယူသုံးစွဲကြကြောင်း လည်းသိရှိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# ဆားလင်းကြီးမြို့နယ်ရှိ ကြက်သွန်နီ အရောင်းအဝယ်သွက်နေ

ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ကြက်သွန်နီအများဆုံး စိုက်ပျိုးသော ကျေးရွာများသို့ ဝယ်ရောင်းကိုယ်စားလှယ်များက ကိုယ်တိုင်ကွင်းဆင်းဝယ်ယူလျက် ရှိနေတဲ့အတွက် စျေးနှုန်းပိုမိုမြင့်တက်လျက်ရှိနေကြောင်းသိရပါတယ်။ ယခင်တစ်ပတ် နှင့် နှိုင်းယှဉ်လျှင် အရောင်းအဝယ်ပိုမိုသွက်လျက်ရှိကြောင်းသိရပါတယ်။

ယခင်တစ်ပတ်က(ကြီး) တစ်ပိဿာ ကျပ် ၁၈၀၀၊ (လတ်) ကျပ် ၁၇၀၀၊ (သေး) ကျပ် ၁၆၀၀နှုန်းရှိပြီးယခုတစ်ပတ် ကြက်သွန်နီ (ကြီး) တစ်ပိဿာကျပ် ၂၀၀၀၊ (လတ်) ကျပ်၁၉၀၀၊ (သေး)ကျပ် ၁၈၀၀နှုန်းရှိကြောင်း ဝယ်ရောင်းကိုယ်စားလှယ်၏ ပြောပြ ချက်အရ သိရပါတယ်။

**မိုးမိုးမြင့်(ယင်းမာပင်)**

## ချင်း

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းတန်ချိန် ၁၀၀ ကျော်တင်ပို့

စက်တင်ဘာ ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း ချင်း ၁၀၈တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၁၂၀ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်မှာချင်း ၁၂တန်နီးပါး တင်ပို့မှုလျော့ခဲ့တယ်လို့သိရပါတယ်။ ချင်းတစ်တန် ပျမ်းမျှ အမေရိ ကန်ဒေါ်လာ ၂၁၅ရရှိခဲ့လို့ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၃၂၂၀ဝင်ငွေရရှိခဲ့တယ် လို့သိရပါတယ်။

**သီတာဝင်း**(DOT)

# ရှမ်းချင်း အရောင်းအဝယ်အေးနေ

ရှမ်းချင်းတွေလည်း အရောင်းအဝယ်ခပ်အေးအေးသာရှိပါတယ်။ ရှမ်းပြည် နယ်ရဲ့ ချင်းစျေးကွက်ကြီးတစ်ခုဖြစ်တဲ့ ဟိုပုံးချင်းစျေးကွက်မှာလည်း ချင်းအဝင်မရှိ တော့ပေမယ့် လက်ကျန် ချင်းတွေလည်း ရှိနေပါသေးတယ်။ ချင်း(ဥမ)က ကုန်သ လောက်တော့ ဖြစ်နေပါပြီ။ ဥမတွေက ချင်းတက်လောက် အထားမခံတာကြောင့် တစ်လခန့်လှောင်ထားရင် ပုပ်သွားတာရယ်၊ အပင်ပေါက်လာတာရယ်ကြောင့် အလျော့များလာပါတယ်။ ချင်း(သစ်)တွေကတော့ နောက်နှစ်မှ ပေါ်လာတော့မှာ ဖြစ်လို့ ဟိုပုံးစျေးကွက်မှာတော့ နှစ်တိုင်းလိုလို အသစ်မပေါ်ခင်စပ်ကြားမှာ ပစ္စည်း က ပြတ်သွားလေ့ရှိပါတယ်။ ကလောမြို့နယ်လောက်စိုက်ပျိုးမှုမရှိတာကြောင့် ဟိုပုံး ပစ္စည်းက အထွက်နည်းသလို ပစ္စည်းလည်း အကုန်မြန်ပါတယ်။ ချင်း(စို)တွေမရှိ သလောက်ဖြစ်နေသလို ချင်းခြောက်ကလည်း ကုန်သလောက်ဖြစ်သွားပြီလို့ ဟိုပုံး စျေးကွက်ကသိရှိရပါတယ်။ လောလောဆယ်မှာလည်း ချင်းကအရောင်းအဝယ်ပါး နေပြီး ချင်း(စို)က တစ်ပိဿာ ၂၅၀ ကျပ်၊ ချင်း(ခြောက်)ကတစ်ပိဿာ ကျပ် ၁၃၀၀ စျေးရှိပါတယ်။

အောင်ပန်းစျေးကွက်မှာလည်း ပြည်ပအဝယ်နည်းနေပြီး ပြည်တွင်းသုံးစျေး ကွက်သာရှိပါတယ်။ ပြည်တွင်းဝယ်လက်တွေဖြစ်တဲ့ တပ်ကုန်း၊ ရန်ကုန်၊ ပြည်၊ မုံရွာ စတဲ့ မြို့တွေက ထိုးချင်းအတွက် ဝယ်ယူမှုရှိနေပြီး တစ်ပတ်အတွင်းချင်းပိဿာချိန် ပေါင်း ရှစ်သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ အောင်ပန်း စျေးကွက်မှာ ချင်းတစ်ပိဿာပေါက်စျေးက အနိမ့်ဆုံး ၂၈၀ ကျပ် မှ အမြင့်ဆုံး ကျပ် ၄၀၀နဲ့ ချင်းခြောက်က တစ်ပိဿာ ကျပ် ၁၁၀၀ မှ ကျပ် ၁၂၀၀စျေးရှိပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# စစ်တွေမှ ချင်းပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာ ၂ ရက်မှ ၈ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၉၇၆၀ တန်ဖိုးရှိချင်းစို ၂၆တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၈တန်နဲ့ နှိုင်းယှဉ်ပါက ၈တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ စစ်တွေမှာ ချင်းတစ်တန်ရဲ့မိမိဘက် ပေါက် စျေး(ငွေလဲနှုန်းအရ)၁၀၃၃၇၅၂ကျပ်ဖြစ်ပြီး ယခင်နှစ်ကာလတူစျေးမှာ ကျပ် ၉၂၁၈၈၀ ရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ကြက်သွန်ဖြူစျေးကွက်သို့ ကြက်သွန်ဖြူများ ပုံမှန်ဝင်ရောက်လာ

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ တရုတ်နဲ့ရှမ်းပြည်နယ်တို့မှ ကြက်သွန်ဖြူ အိတ်တွေပုံမှန်ဝင်ရောက်နေတာတွေ့ရပါတယ်။ ဒေသတွင်း လက်လီ အရောင်းအဝယ်များနဲ့ အနီးတစ်ဝိုက်ဒေသများရဲ့ အိတ်ဆွဲဝယ်ယူမှုကြောင့် အရောင်းအဝယ်မှာလည်း ပုံမှန်ဖြစ်ကြောင်းသိရပါတယ်။

သီတင်းကျွတ်ပွဲတော်နီးပြီမို့ အရောင်းအဝယ် အသင့်အတင့်ရှိ နေခြင်းဖြစ်ပါတယ်။ စျေးနှုန်းများမှာလည်း ယခင်နှစ်ထက်စာလျှင် စျေးနှုန်း အများကြီးသက်သာပြီး ယခုနှစ် ကြက်သွန်ဖြူစျေးဟာ စားသုံးသူအတွက် ကြိုက်စျေးဖြစ်လျက်ရှိနေပါတယ်။ ယခုနှစ် ကြက်သွန်ဖြူတစ်ပိဿာလျှင် (ပွဲရုံစျေး) ရှမ်းစ ကျပ် ၃၃၀၀နှင့် ကြူကုတ်စ ကျပ် ၂၁၀၀ စျေးတို့ဖြင့် ရောင်းချ နေတာတွေ့ရပါတယ်။ ဒေသတွင်း လက်လီစျေးများတွင် ရှမ်းစ ကျပ် ၃၆၀၀ နှင့် ကြူကုတ်စ ကျပ် ၂၅၀၀စျေးတို့ဖြင့် ရောင်းချနေပါတယ်။

ယခင်နှစ်စျေးထက်စာလျှင် ကြက်သွန်ဖြူစျေးဟာ ထက်ဝက်နီးပါးခန့် စျေးကျလာတာ တွေ့ရပါတယ်။ ယခင်နှစ်ကာလတူ ကြက်သွန်ဖြူစျေးနှုန်း များမှာ (ပွဲရုံစျေး)ရှမ်းစ ကျပ် ၃၂၀၀ နှင့် (လက်လီစျေး) ကျပ် ၃၆၀၀ တို့ဖြစ် ပါတယ်။ ရှမ်းစစျေးကွက်ကတော့ ပုံမှန်စျေးဖြစ် ပေါ်နေတာတွေ့ရပါတယ်။ ယခင်နှစ်က (ကြူကုတ်စ) တစ်ပိဿာလျှင် (ပွဲရုံ စျေး) ကျပ် ၄၂၀၀နှင့် (လက် လီစျေး) ကျပ် ၄၈၀၀ ရှိခဲ့ပါတယ်။ ယခုရက်ပိုင်းအတွင်း ကြက်သွန်ဖြူအိတ် ၂၅၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## နနွင်း

# အောင်ပန်းစျေးကွက်မှာ နနွင်းပိဿာချိန် သုံးသောင်းခန့် အရောင်းအဝယ်ဖြစ်

ရှမ်းပြည်နယ်ထွက် သီးနှံများ အနက် တစ်နှစ်ပတ်လုံး အရောင်း အဝယ်ဖြစ်တာကတော့ ရှမ်းချင်း၊ ရှမ်း နနွင်းနဲ့ ရှမ်းပြောင်းတွေသာဖြစ်ပြီး ထွက်ပေါ်တဲ့အချိန် ကွာခြားပေမယ့် စျေးကွက်မှာ ပစ္စည်းလက်ကျန်မပြတ် တာကြောင့် တစ်နှစ်ပတ်လုံးအရောင်း အဝယ်ဖြစ်တဲ့ သီးနှံတွေ ဖြစ်ပါတယ်။ ဟိုပုံးနနွင်းတွေကိုတော့ တရုတ်နိုင်ငံကို တင်ပို့ဖို့အတွက် မူဆယ် ဝယ်လက်တွေ က ဇူလိုင်လအထိ ဝယ်ယူခဲ့ပြီး စုပုံထား ကာ ကားတစ်စီးစာရမှ သယ်ယူလို့ ဩဂုတ်လအတွင်း ကားတင်တာ ကြောင့် ဝယ်ယူမှုကိုလည်း ခေတ္တရပ်နား ထားတယ်လို့သိရပါတယ်။ အောင်ပန်း စျေးကွက်က နနွင်းတွေကိုတော့ အရင် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်တို့က ဝယ် ယူပေမယ့် မိုးတွင်းကာလ လမ်းပန်း ဆက်သွယ်ရေး အခြေအနေကြောင့် ဝယ်ယူမှု ရပ်သွားတယ်လို့သိရပါတယ်။ ပြည်တွင်းသုံးအမှုန့်ကြိတ်ဖို့ရယ်၊ ခြင် ဆေးခွေပြုလုပ်ဖို့ရယ်၊ပရဆေး ပြုလုပ်ဖို့ ရယ်အတွက် ရန်ကုန်၊ ပြည်၊ တပ်ကုန်း ဝယ်လက်တွေက ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း နနွင်းပိဿာချိန် သုံး သောင်းခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ် လို့လည်း အောင်ပန်းနနွင်းပွဲရုံတွေမှ သိရပါတယ်။ ဒီတစ်ပတ်ရှမ်းနနွင်းစျေးတွေ ကတော့ ဟိုပုံးစျေးကွက်မှာ တစ်ပိဿာ ပေါက်စျေးက အနိမ့်ဆုံး ကျပ် ၁၀၅၀ မှ အမြင့်ဆုံးကျပ် ၂၅၀၀စျေးရှိပြီးအောင်ပန်း စျေးကွက်မှာ အနိမ့်ဆုံး ကျပ် ၁၂၀၀ မှ အမြင့်ဆုံး ကျပ် ၂၅၀၀ မှ ကျပ် ၂၇၀၀ စျေးရှိပါတယ်။ဆင်တောင်နနွင်းကတော့ တစ်ပိဿာ ကျပ် ၃၅၀၀ စျေးရှိကြောင်း သိရပါတယ်။

**ဇေခိုင်(တောင်ကြီး)**

# မူဆယ်မှ နနွင်းတက် လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင် ဘာ ၂ရက်မှ ၈ရက်အထိ ရက်သတ္တပတ် အတွင်း အမေရိကန်ဒေါ်လာ ၁၁၈၇၆၁ တန်ဖိုးရှိ နနွင်းတက်(ရှမ်းစ) ၁၆၆တန် ကျော်ကိုတရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃၅တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၉တန်လျော့နည်းတင်ပို့ ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်း တက်တစ်တန်ရဲ့မိမိဘက်ပေါက်စျေး(ငွေ လဲနှုန်းအရ) ကျပ်၉၆၃၈၂၀ဖြစ်ပြီး ယခင် နှစ်ကာလတူစျေးမှာ ၉၂၆၃၈၅ကျပ်ရှိခဲ့ ပါတယ်။ နနွင်းအစစ်ကို ဟင်းခတ်အမွှေး အကြိုင်အဖြစ်လည်းကောင်း၊ ဆေးဝါး ဖော်စပ်ရာတွင် ကုန်ကြမ်းအဖြစ်လည်း ကောင်း ဝယ်ယူသုံးစွဲမှုများပြားသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့ နယ်တွင် နနွင်းစိုက်ပျိုးသူတွေ အကျိုးဖြစ် ထွန်းလျက်ရှိကြောင်းသိရပါတယ်။

**မော်မော်အောင်**

# အာဆီယံ၏နောက်ထပ်ခြေလှမ်း သို့မဟုတ် ဘုံငွေကြေးနှင့်ဘဏ်လုပ်ငန်း

ငွေကြေးစီမံခန့်ခွဲမှုဂုရု Mark Mobius သည် ပြီးခဲ့သည့် နှစ်ပေါင်း ၅၀အတွင်း အာဆီယံ၏ ပေါင်းစည်းမှုကို အကောင်းဆုံးအဆင့် (Grade A) အဖြစ်အမှတ်ပေးထားသည်။ အာဆီယံ၏နောက်ထပ်ခြေလှမ်းမှာ ဘုံငွေကြေးနှင့်ဘဏ်လုပ်ငန်း (Common Currency and Banking System) ဖြစ်မည်ဟု Mark Mobius က မျှော်လင့်နေသည်။ Mobius သည် ယူနိုက်တက်ကင်းဒမ်း UK အခြေစိုက် Templeton Emerging Markets Group ဟူသော ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီး၏ အမှုဆောင်ဥက္ကဋ္ဌဖြစ်သည်။ ပြီးခဲ့သည့် ရာစုနှစ်ဝက်အတွင်း အာဆီယံသည် ဒေသဆိုင်ရာပူးပေါင်းမှုအောင်မြင်ခဲ့ကြောင်း၊ ဒေသဆိုင်ရာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအပြင် ခရီးသွားလုပ်ငန်းလည်း တိုးတက်ခဲ့ကြောင်း ၂၀၁၇ခုနှစ် ဩဂုတ်လတွင် သူက ပြောကြားခဲ့သည်။

ယခု ၂၀၁၇ ခုနှစ်တွင် အာဆီယံသည် ရွှေရတုနှစ်ပတ်လည်အခမ်းအနားကို ကျင်းပလျက်ရှိသည်။ အာဆီယံတွင် စင်ကာပူနှင့် ဘရူနိုင်းကဲ့သို့သော တစ်ဦးချင်းဝင်ငွေ မြင့်မားသော နိုင်ငံများနှင့် အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်ကဲ့သို့သော ဝင်ငွေအလယ် အလတ်နိုင်ငံများပါဝင်သည်။ ထို့ပြင် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားကဲ့သို့သော တစ်ဦးချင်းဝင်ငွေ အလယ်အလတ်တန်းစားအဆင့်သို့ ရောက်ရှိလာတော့မည့်နိုင်ငံများ (New frontiers) လည်း ပါဝင်သည်။

**ရည်မှန်းချက်များ (Goals)**

အာဆီယံသည် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ကို အကောင်အထည်ဖော်လျက်ရှိသည်။ AEC ၏ ရည်ရွယ်ချက်မှာ အရှေ့တောင်အာရှကို တည်ငြိမ်ကြွယ်ဝပြီး ယှဉ်ပြိုင်နိုင်သောဒေသ (Stable, Prosperous and Competitive economy) အဖြစ် ဖန်တီးရန်ဖြစ်သည်။ AEC ၏ အသီးအပွင့်များကို အာဆီယံ ပြည်သူများရရှိခံစားပြီးလူနေမှုအဆင့်အတန်းကို မြှင့်တင်ရန်ဖြစ်သည်။ ကုန်စည်နှင့် ဝန်ဆောင်မှုများ လွတ်လွတ်လပ်လပ် ကုန်သွယ်နိုင်သောဒေသ၊ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုအားပေးသောဒေသ၊ ပညာရှင်နှင့် ကျွမ်းကျင်လုပ်သားများကို လွတ်လပ်စွာ နယ်စပ်ဖြတ်ကျော်ခွင့်ရှိသောဒေသအဖြစ် ဖန်တီးရန်ဖြစ်သည်။

လက်ရှိအချိန်ကာလတွင် အာဆီယံသည် ကမ္ဘာ့ သတ္တမမြောက် အကြီးဆုံးဈေးကွက်ဖြစ်သည်။ ထို့ပြင် တရုတ်နှင့် အိန္ဒိယပြီးလျှင် တတိယမြောက် လုပ်သားအင်အားအများဆုံး ဈေးကွက်လည်းဖြစ်သည်။ ထို့ကြောင့် အာဆီယံသည် ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံးဈေးကွက် (Fourth-largest Economic Bloc) ဖြစ်လာနိုင်ကြောင်း သုံးသပ်ခန့်မှန်းမှုများကို တွေ့မြင်နေရသည်။ လွန်ခဲ့သော ဆယ်စုနှစ်ငါးခုအတွင်း အရှေ့တောင်အာရှနိုင်ငံများသည် စီးပွားရေးနိမ့်ကျရာမှ စီးပွားရေးတိုးတက်မှုနှုန်း သိသိသာသာမြင့်တက်လာစေရန် ဆောင်ရွက်နိုင်ခဲ့သည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံသည် ၁၉၆၀ ပြည့်နှစ်တွင် တစ်ဦးချင်းဝင်ငွေ (Per-capita GDP) အမေရိကန်ဒေါ်လာ ၄၂၈ ဒေါ်လာသာရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ကန်ဒေါ်လာ ၅၂၉၆၁ ဒေါ်လာထိ တိုးတက်လာခဲ့သည်။ အလားတူ မလေးရှားနိုင်ငံသည် အဆိုပါကာလအတွင်း တစ်ဦးချင်းဝင်ငွေ ကန်ဒေါ်လာ ၂၃၅ ဒေါ်လာမှ ၉၅၀၇ ဒေါ်လာထိ တိုးတက်ခဲ့သည်။

"ရင်းနှီးမြှုပ်နှံသူတွေအတွက် အရှေ့တောင်အာရှရဲ့မတူကွဲပြားမှု (Diversity of the region) က စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ လုပ်ငန်းနယ်ပယ်တိုင်းလိုလိုမှာ စီးပွားရေးအခွင့်အလမ်းကောင်းတွေကို တွေ့မြင်နေရပါတယ်။ သတ္တုတူးဖော်ရေးလုပ်ငန်းကနေ စားသုံးကုန်စည်ထုတ်တဲ့ လုပ်ငန်းတွေနဲ့ နည်းပညာ အခြေခံလုပ်ငန်းတွေအထိ အလားအလာကောင်းပါတယ်။ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှု အဟန့်အတားတွေကို လျှော့ချနေတာကြောင့် အာဆီယံအုပ်စုဟာ ကြီးမားတဲ့ ဈေးကွက်ကို ပိုင်ဆိုင်ရတော့မှာပါ" ဟူ၍ Mobius က ပြောဆိုသည်။ "စီးပွားရေး တိုးတက်မှုနှုန်းတွေ

**| သိန်းမြင့်ဝေ |**

မြင့်တက်နေတာကြောင့် ပြည်သူတွေအတွက် ပိုမိုကြီးမားတဲ့ ကြွယ်ဝချမ်းသာမှုကို ဖြစ်စေပါတယ်။ အာဆီယံမှာ စားသုံးသူမျိုးဆက်သစ်တွေ (New Generation of Consumers) တိုးပွားလာတာကိုလည်း တွေ့ရပါတယ်။ လူငယ်မျိုးဆက်သစ်တွေက ကုန်ထုတ်စွမ်းအားရှိရှိ ဆောင်ရွက်ခဲ့သလို သူတို့ရဲ့အနာဂတ်ဟာ လည်း ပိုပြီးတောက်ပလာမှာပါ" ဟု Mobius က ထပ်လောင်း ပြောကြားခဲ့သည်။ ထို့ပြင် အာဆီယံစားသုံးသူများသည် Online Marketing ကို မြန်ဆန်စွာ လက်ခံကျင့်သုံးရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ မြန်မာနိုင်ငံကဲ့သို့သော အသစ်လွင်ဆုံးနှင့် အသေးငယ်ဆုံးဈေးကွက် (Newest and Smallest Markets) သည်ပင် Online ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာနေပြီဖြစ်သည်။

**ဆုံးရှုံးနိုင်ခြေများ (Risks)**

အရှေ့တောင်အာရှဒေသရှိ ဈေးကွက်များအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ ဆိုးရွားသောအကျိုးဆက်နှင့်အတူ ကြိုတင်မခန့်မှန်းနိုင်သောဖြစ်ရပ် (Black Swan Event) မှ ပြဿနာစတင်လာခြင်းဖြစ်သည်။ ကြိုတင်မခန့်မှန်းနိုင်သော Market Shock ကိုဆိုလိုသည်။ ဥပမာအားဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးကျဆင်းနေခြင်း သို့မဟုတ် လမ်းလွဲနေခြင်းကို တရုတ်အစိုးရ၏ ညှိနှိုင်းအဖြေရှာသောဖြစ်စဉ်က အာဆီယံဈေးကွက်များကို ရိုက်ခတ်လာနိုင်သည်။

ထို့ပြင် စိန်ခေါ်မှုများသည် ပကတိအခြေအနေ (Reality) မှတစ်ဆင့်လည်း ဖြစ်ပေါ်လာနိုင်သည်။ ကမ္ဘာ့စီးပွားရေး၏ ဘက်မညီသေးသော အခြေအနေ (Unbalanced Situation) ကြောင့်လည်း အာဆီယံဈေးကွက်များ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိအချိန်တွင် ကြွေးမြီအလွန်မြင့်မားသော နိုင်ငံများ (High Debt Nations) အများအပြားရှိနေသောကြောင့် ဖြစ်သည်။

နောက်ထပ်စိန်ခေါ်မှုမှာ အာဆီယံနည်းလမ်း (ASEAN Way) က အာဆီယံ၏ တိုးတက်မှုကို ဟန့်တားထားခြင်းမျိုးဖြစ်သည်။ အာဆီယံနည်းလမ်းသည် အာဆီယံဈေးကွက်များအား အခက်အခဲအတွင်းမှ ရုန်းမထွက်နိုင်အောင် ဖြစ်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံသည် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းပြီး အစည်းအဝေးနှင့် ဆွေးနွေးပွဲများဖြင့် အချိန်ကုန်နေကြောင့်ဖြစ်သည်။ ဥရောပသမဂ္ဂကဲ့သို့ အောင်မြင်သော စီးပွားရေးပေါင်းစည်းမှုပုံစံ (Type of Economic Integration) ကို မရရှိသေးပေ။ ထိုကဲ့သို့ ရရှိရန်လည်း အလှမ်းဝေးနေနိုင်ပါသေးသည်။

ခိုင်မာအားကောင်းပြီး တစ်ညီတစ်ညွတ်တည်းဖြစ်သော ဒေသဖြစ်ရေးအတွက် အာဆီယံဈေးကွက်များသည် ယဉ်ကျေးမှုအရလည်းကောင်း၊ စီးပွားရေးနှင့် နိုင်ငံရေးအရလည်းကောင်း လွန်စွာကွဲပြားခြားနားလျက်ရှိကြောင်း အချို့က ထောက်ပြဝေဖန်သည်။ ကွဲပြား ခြားနားလွန်းခြင်းသည် အင်အား မဟုတ်ကြောင်း ထောက်ပြလိုရင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အာဆီယံ၏ ရှေ့ဆက် လျှောက်မည့် ခြေလှမ်းသည် ဘုံငွေကြေး (Common Currency) နှင့် ဘုံဘဏ်လုပ်ငန်း (Common Banking System) ဖြစ်လာနိုင်ကြောင်း ပါခင်ဗျား။

**Source: business:inquirer.net**

# ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဂျပန်ရင်းနှီးမြှုပ်နှံသူများတွေ့ဆုံ

ထိုင်းနိုင်ငံသည် အစိုးရမူဝါဒတစ်သမတ်တည်းဖြစ်ခြင်း၊ ပွင့်လင်းမြင်သာမှုတို့ကို အရေးကြီးလုပ်ငန်းစဉ်များအဖြစ် ဆက်လက်ဆောင်ရွက်သကဲ့သို့ ဂျပန်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင် ကြရန် ဂျပန်နိုင်ငံ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီးMr. Hiroshige Keko ဦးဆောင်သည့်ဂျပန်ရင်းနှီးမြှုပ်နှံသူ စုစုပေါင်း ၅၇၀ ဦး ပါဝင်သော ဂျပန်နိုင်ငံစီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာကပြောကြားခဲ့ပါသည်။

ဂျပန်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယခုနှစ်အတွင်းထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်အတွက် အလေးထားစဉ်းစားကြစေလိုကြောင်းနှင့် ယခုနှစ်သည် တိုင်းပြည်အတွက် အကူးအပြောင်းကာလ ဖြစ်သည့်အပြင် ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံအစိုးရသည် ပွင့်လင်းမြင်သာမှု၏ အရေးပါမှုကို အလေးအနက်ထားကြောင်း၊ အရှေ့ပိုင်းစီးပွားရေးစင်္ကြံ(Eastern Economic Corridor - EEC)သို့ရင်းနှီးမြှုပ်နှံမှုများကို တွန်းအားပေးရန် ရည်ရွယ်၍ အစိုးရမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ အဓိကအရေးပါသည့် အခြေခံအဆောက်အဦစီမံကိန်းများ၌ ရင်းနှီးမြှုပ်နှံလာစေရန်လည်း တွန်းအားပေးလျက်ရှိပါကြောင်း၊ ခန့်မှန်းရင်းနှီးမြှုပ်နှံမှုပမာဏ ဘတ် ဘီလီယံ ၆၀၀ ရှိသည့် အခြေခံအဆောက်အဦစီမံကိန်းများကို အခြေခံ၍ နည်းပညာများ အဆင့်မြင့်ထားသည့် စီးပွားရေးဇုန်အသစ်များပါဝင်သည့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ(EEC)ဖြစ်လာစေရန် စီမံကိန်း များကို ပြင်ဆင်ရေးဆွဲထားပြီးဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ဆက်လက်ပြောကြားခဲ့ပါသည်။

EEC သည် စုစုပေါင်းမြေဧရိယာရိုင် ၃၀၀၀၀ ကျယ်ဝန်းပြီး Chon Buri၊ Rayong နှင့် Chachoengsao စသည့် ပြည်နယ်သုံးခုပါဝင်ပါသည်။ EEC အတွက် အစိုးရ၏ဦးစားပေးစက်မှုလုပ်ငန်း ၁၀ မျိုးမှာ Next-Generation Car၊ Smart Electronics၊ Affluent, Medical and Wellness Tourism၊ Agriculture and Biotechnology၊ Food၊ Robotics for Industry၊ Logistics and Aviation၊ Biofuels and Biochemical၊ Digital နှင့် Medical Services တို့ဖြစ်ကြပါသည်။ ထိုင်းအစိုးရသည် EEC ကိုအလေးထားအကောင်အထည်ဖော်လျက်ရှိရာ ရွေးကောက်ပွဲပြီးနောက် အာဏာရရှိမည့် ရွေးကောက်ခံအစိုးရလက်ထက်တွင်လည်း EEC စီမံကိန်းကို ဆက်လက်ဖော်ဆောင်မည်ဟု ဝန်ကြီးချုပ်က ကတိပြုခဲ့ပြီး ထိုင်းနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ အခြေခံအဆောက်အဦ စီမံကိန်းများကိုအစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership - PPP) အစီအစဉ်များဖြင့် အကောင်အထည်ဖော်၍ အမြန်စီမံကိန်းများအတွက် စတင် အကောင်အထည်ဖော်မည့် ကာလကို နှစ်နှစ်မှ ကိုးလသို့လျှော့ချခဲ့ကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင် ဂျပန်နိုင်ငံသား ရင်းနှီးမြှုပ်နှံသူ အများဆုံးရှိပြီး နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းရှိပါသည်။ ထို့နောက် ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံနောက်တွင် ထိုင်းနိုင်ငံ၏ ဒုတိယအများဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် Hiranya Sujinai က ပြောကြားခဲ့ပါသည်။

ယခုနှစ်၏ ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့အနေဖြင့် ဂျပန်ရင်းနှီး မြှုပ်နှံသူများ၏အဆိုပြုလျှောက်ထားလွှာကို အများဆုံးလက်ခံရရှိထားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဘတ်ဘီလီယံ ၁၂၀ အနက်ဂျပန်ရင်းနှီး မြှုပ်နှံမှုသည် ဘတ် ၆၅ ဘီလီယံသို့မဟုတ် ၅၅ ရာခိုင်နှုန်းအထိပါဝင်ပါသည်။ ဟိုက်ဘရစ်မော်တော်ကား(Hybrid Vehicle)လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ဘတ် ၁၉ ဒသမ ၅၄ ဘီလီယံ ပါဝင်သကဲ့သို့ အထူးပေါ်လီမာစီမံကိန်း (Special Polymer Projects) အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ဘတ် ၁၅ ဒသမ ၁၅ ဘီလီယံပါဝင်ကြောင်း အတွင်းရေးမှူးချုပ် HiranyaSujinai က ဆက်လက်ပြောကြားခဲ့ပါသည်။

ထိုင်းကုန်သည်ကြီးများအသင်း (Thai Chamber of Commerce)၏ဥက္ကဋ္ဌ Kalin Sarasin နှင့် ထိုင်းစက်မှုလုပ်ငန်းဖက်ဒရေးရှင်း (Federation of Thai Industries)၏ဥက္ကဋ္ဌ Chen Namchaisiri တို့သည် ထိုင်းအစိုးရ၏ ဦးစားပေးစက်မှုလုပ်ငန်း ၁၀ မျိုးကို အထောက်အကူပြုရန်အတွက် ဂျပန်စီးပွားရေးဖက်ဒရေးရှင်း (Japan Business Federation)နှင့် ဂျပန်ကုန်သည်ကြီးများနှင့် စက်မှု လုပ်ငန်းရှင်များအသင်း (Japan Chamber of Commerce and Industry)တို့နှင့် နားလည်မှုစာချွန်လွှာ(MoU)ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် စုစုပေါင်း တန်ချိန် ၅၀၀၀၀ ကျော်ဝင်

စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၀၉၁၆၀၁၀ တန်ဖိုးရှိ ဒီဇယ် ၄၃၃၄၈ ဒသမ ၃၅၁ တန်နဲ့ အမေရိကန်ဒေါ်လာ ၇၀၆၄၄၁၁ တန်ဖိုးရှိ ဓာတ်ဆီ ၁၂၈၄၁ ဒသမ ၄၉၃ တန်၊ စုစုပေါင်း ဒီဇယ်၊ ဓာတ်ဆီ ၅၆၁၈၉ ဒသမ ၈၄၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန်၃၆၄၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၆၈၇၀ ကျော် ပိုမိုတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဓာတ်ဆီတင်သွင်းမှုမရှိဘဲ ဒီတစ်ပတ်မှသာ ပြန်လည်တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄၅၈၁၀၉ တန်ဖိုးရှိ ဒီဇယ် ၉၁၁ ဒသမ ၅၀၉ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၅၂၁၇၅ တန်ဖိုးရှိ ဓာတ်ဆီ ၄၃၆ တန်ကိုလည်းကောင်း၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၈၅၃၈၉၃ တန်ဖိုးရှိ ဒီဇယ် တန် ၁၇၅၀ ကို လည်းကောင်း တင်သွင်းခဲ့သလို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄၅ တန်ဖိုးရှိ Re-export ဒီဇယ်၅၄၅၇ ဒသမ ၆၄၉ တန်ကိုလည်းကောင်း၊ လွယ်ဂျယ်ကုန် သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၁၅ တန်ဖိုးရှိ Re-export ဒီဇယ် တန်ချိန် ၉၀ ကိုလည်းကောင်း တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်၊အောက်တိန်း (92) နဲ့ (95) မှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၇၁၀ ၊ အောက်တိန်း (92) ကျပ် ၇၂၀ ၊ အောက်တိန်း (95) ကျပ် ၇၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၁၁ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေး ကျပ် ၁၄၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်မှာ ဝယ်ဈေး ကျပ် ၁၃၄၀၀၀၊ ရောင်းဈေး ကျပ် ၁၄၅၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ စက်တင်ဘာလ ၁၁ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၄၉၀၀၀၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်မှာ ဝယ်ဈေး ကျပ် ၁၅၀၀၀၀၊ ရောင်းဈေး ကျပ် ၁၅၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်ရင် ဒီဇယ်ဈေးနည်းနည်းမြင့်လာပြီး ဓာတ်ဆီဈေး နည်းနည်းကျလာတယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)၊ အောက်တိန်း(95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း(95) တစ်လီတာ ကျပ် ၈၄၀ ၊ ဒီဇယ် တစ်လီတာ ကျပ် ၇၁၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ကျပ် ၇၄၀ ၊ အောက်တိန်း(92)တစ်လီတာ ကျပ် ၇၄၀၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါ ဈေးများမှာ စက်တင်ဘာ ၁၁ ရက် မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၅၀၀၀၊ ရောင်းဈေး ကျပ် ၁၄၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ စက်တင်ဘာ ၁၁ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၅၀၀၀၊ ရောင်းဈေး ကျပ် ၁၅၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ စက်တင်ဘာ ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၅၄၀၀၀၊ ရောင်းဈေး ကျပ် ၁၅၆၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဓာတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိပြီး ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀ ၊ အောက်တိန်း 92 ကျပ် ၇၆၀၊ အောက်တိန်း (95) ကျပ် ၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

### ပြည်တွင်းရွှေဈေး ကျပ်ကိုးသိန်းခွဲတွင် တန်းနေ

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ကိုးသိန်းခွဲဝန်းကျင်တွင် တန်းနေပြီး အတက်အကျအနည်းငယ်သာရှိနေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၃၄၀ နီးပါးအထိရောက်ရှိလာပြီးနောက် ပြန်လည်ကျဆင်းသွားခဲ့သည်။

ပြုံးယမ်း၏ ဒုံးကျည်ပစ်လွှတ်မှုဖြစ်စဉ်များ ပြီးဆုံးပြီးနောက်တွင် ကမ္ဘာ့ရွှေဈေးများ မြင့်တက်လာသော်လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ လက်ရှိအခြေအနေတွင် တုံ့ပြန်မှုမရှိသဖြင့် ကမ္ဘာ့ရွှေဈေးများ ပြန်လည်ကျဆင်းလာခဲ့သည်။

ကမ္ဘာ့ရွှေဈေးကျဆင်းလာသော်လည်း ပြည်တွင်းရွှေဈေးမှာမူအတက်အကျမရှိသလောက်ဖြစ်ခဲ့ကာ ကျပ်ကိုးသိန်းခွဲဝန်းကျင်တွင် တန်းနေကြောင်း ရွှေကုန်သည်တစ်ဦးက သုံးသပ်ပြောကြားခဲ့သည်။

“ကမ္ဘာ့ရွှေဈေးက ဈေးစဖွင့်တဲ့နေ့မှာ အမေရိကန်ဒေါ်လာ ၁၃၄၀ နီးပါးအထိရောက်ရှိခဲ့တယ်။ ဒါကလည်း မြောက်ကိုရီးယားရဲ့ ဒုံးကျည်ပစ်လွှတ်မှုဖြစ်စဉ်အပြီးမှာ တက်သွားခဲ့တာပါ။ ဒါပေမယ့်အဲဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တစ်ဖက်က လှုပ်ရှားမှုမရှိတာကြောင့် ကမ္ဘာ့ရွှေဈေးက ပြန်ကျလာခဲ့ပါတယ်။ ကမ္ဘာ့ရွှေဈေးပြန်လည်ကျဆင်းလာပေမယ့် ပြည်တွင်းရွှေဈေးကတော့ တစ်ထောင်၊ နှစ်ထောင်လောက်အတက်အကျဖြစ်တာကလွဲရင် ကျပ်ကိုးသိန်းခွဲဝန်းကျင်မှာပဲ ရှိနေပါတယ်။ ရွှေဈေးတွေ မြင့်တက်လာတဲ့အတွက် မဖြစ်မနေဝယ်မယ့်သူကလွဲရင် ဝယ်ရောင်းသမားတွေ အားလုံးငြိမ်နေကြတယ်”ဟု ရွှေကုန်သည်ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် စက်တင်ဘာ ၁၁ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၅၆၀၀၀ ရှိခဲ့ပြီး စက်တင်ဘာ ၁၃ ရက်တွင် ကျပ် ၉၅၂၀၀၀သို့ ကျဆင်းခဲ့သည်။ ထို့နောက် စက်တင်ဘာ ၁၆ ရက်အထိ ကျပ် ၉၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၁၁ ရက်တွင် တစ်အောင်စလျှင် ၁၃၃၈ အမေရိကန်ဒေါ်လာရှိခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၂၀ သို့ကျဆင်းခဲ့သည်။ **မယ်သီတာ**

### ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ပြန်လည်မြင့်တက်

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်များ ပြန်လည်သွက်လာခဲ့ကြောင်း ဝယ်ရောင်းသမားများက ပြောကြားခဲ့သည်။

“ဒီတစ်ပတ်မှာ ဈေးပြန်တက်လာတော့ ဈေးကွက်ထဲမှာလှုပ်လှုပ်ခတ်ခတ်တွေ ဖြစ်ကုန်တယ်။ တစ်ပတ်ထဲမှာ လေးကျပ်လောက်တက်လာတဲ့အပြင် ဈေးပိတ်ရက်မှာလည်း အမြင့်ဈေးနဲ့ ပိတ်ခဲ့တဲ့အတွက် ဈေးပြန်ဖွင့်ချိန်မှာ ဈေးပြန်တက်လာမှာကိုစိုးရိမ်တဲ့အတွက် ဝယ်ထားကြတဲ့သူတွေ များပါတယ်” ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် စက်တင်ဘာလ ၁၁ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၃၄၈ ကျပ်၊ ဝယ်ဈေး ၁၃၄၇ ကျပ်ရှိခဲ့ပြီး စက်တင်ဘာလ ၁၆ ရက်တွင် ရောင်းဈေး ၁၃၅၂ ကျပ်၊ ဝယ်ဈေး ၁၃၅၀ ကျပ်ဖြင့် ဈေးပိတ်ခဲ့သည်။ **မယ်သီတာ**

### MTSH က အစုရှယ်ယာပေါ် အမြတ်များကို စက်တင်ဘာ ၁၄ ရက်မှ စတင်ထုတ်ပေးပြီ

YSX တွင် စာရင်းဝင်ရောင်းချလျက်ရှိသည့် MTSH ကုမ္ပဏီက အစုရှယ်ယာပေါ် အမြတ်များကို စက်တင်ဘာ ၁၄ ရက်မှစတင်ကာ ထုတ်ပေးနေပြီဖြစ်ကြောင်း MTSH ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၆၀ ဖြင့် ခွဲဝေပေးခြင်းဖြစ်ပြီး Record Date အဖြစ် ဩဂုတ် ၁၁ ရက်ကို သတ်မှတ်ထားပြီး ယင်းနေ့မတိုင်မီSecurities ကုမ္ပဏီများတွင် အစုရှယ်ယာစာရင်းဝင်ထားသူများသည် သတ်မှတ်ရက်များအတွင်း မိမိတို့ စာရင်းဝင်ထားသည့် Securities ကုမ္ပဏီများတွင် သွားရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

အဆိုပါ ဩဂုတ် ၁၁ ရက်နှင့် ယင်းနေ့နောက်ပိုင်းတွင် စာရင်းဝင်ထားသူများအနေဖြင့် MTSH ကသတ်မှတ်ထားသည့်နေ့ရက်များနှင့် သတ်မှတ်ထားသည့် ဘဏ်များတွင် သွားရောက်ထုတ်ယူကြရမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၁၅ ရက် စာရင်းများအရ ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် ကုမ္ပဏီများ၏ရှယ်ယာဈေးနှုန်းများမှာ FMI ကုမ္ပဏီ၏ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၃၅၀၀၊ MTSH ကုမ္ပဏီ၏ အစုရှယ်ယာ တစ်စုလျှင် ကျပ် ၃၇၀၀၊ MCB ၏အစုရှယ်ယာတစ်စုလျှင် ကျပ် ၈၆၀၀၊ FPB ၏အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၅၀၀၀ ရှိသည်။ **မယ်သီတာ**

## Currency Exchange Rate

September 15, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.25 |
| BDT | Bangladesh Taka | 81.75 |
| CAD | Canada Dollars | 1.22 |
| CNY | China Yuan Renminbi | 6.54 |
| EUR | Euro | 0.84 |
| H KD | Hong Kong Dollars | 7.81 |
| I NR | India Rupees | 64.09 |
| I DR | Indonesia Rupiahs | 13242.12 |
| JPY | Japan Yen | 110.55 |
| MYR | Malaysia | 4.19 |
| PKR | Pakistan Rupees | 105.44 |
| PHP | Philippines Pesos | 51.23 |
| RUB | Russia Rubles | 57.48 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1131.80 |
| LKR | Sri Lanka Rupe | 152.98 |
| THB | Thailand Baht | 33.07 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22723.52 |

*Source:xe.com*

## World Gold Price

September-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| Date | NY | London | Zurich |
| 11 | 1339 | 1339 | 1339 |
| 12 | 1326 | 1328 | 1328 |
| 13 | 1334 | 1332 | 1332 |
| 14 | 1324 | 1322 | 1322 |
| 15 | 1334 | 1332 | 1332 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 11-9- 2017 | 951.50 | 952.00 |
| 12-9-2017 | 949.00 | 949.70 |
| 13-9- 2017 | 953.00 | 954.50 |
| 14-9 -2017 | 949.50 | 950.00 |
| 15-9- 2017 | 957.00 | 957.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာလ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 11 | 6.51 | 33.13 | 81.11 | 63.87 |
| 12 | 6.53 | 33.13 | 82.12 | 64.03 |
| 13 | 6.53 | 33.08 | 82.23 | 63.99 |
| 14 | 6.55 | 33.10 | 81.45 | 64.08 |
| 15 | 6.54 | 33.07 | 81.75 | 64.09 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 11-September | 17.82 | 3054.30 | 2074.41 | 6680.99 | 1002.00 |
| 12-September | 17.70 | 3088.69 | 2088.51 | 6688.48 | 985.00 |
| 13-September | 17.84 | 3053.86 | 2100.63 | 6613.54 | 983.00 |
| 14-September | 17.66 | 3024.99 | 2080.36 | 6480.42 | 977.00 |
| 15-September | 17.77 | 3026.75 | 2058.09 | 6462.79 | 981.00 |

Source:kitco.com

## Energy NYMEX 15-9-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 49.75 | -0.14 | -0.28 |
| Brent Crude Futr (USD/bbl) | 55.31 | -0.16 | -0.29 |
| Gasoline Rbob Fut (Cent/gal) | 162.43 | -0.44 | -0.27 |
| Natural Gas Futr (USD/MMBtu) | 3.06 | -0.01 | -0.39 |
| Heating Oil Futr (Cent/gal) | 177.51 | -0.24 | -0.14 |

## ဘိလပ်မြေ

# ဒီတစ်ပတ်နယ်စပ်လမ်းရော ပင်လယ်ရေကြောင်းမှပါ ဘိလပ်မြေအဝင်ပို

စက်တင်ဘာ ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၈၉၀၀ တန်ဖိုးရှိဘိလပ်မြေ ၁၅၇ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေ ၂၆ တန်ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာဘိလပ်မြေ တန်ချိန် ၁၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၃၇၃၀တန်ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၈၈၅၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၄၈၇၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။



# တောင်ကြီးဘိလပ်မြေဈေးကွက် အရောင်းအေး

**ရန်ကုန်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်ဘိလပ်မြေနဲ့စိန်ဘိလပ်မြေက ဈေးနည်းနည်းမြင့်လာပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၈၅၀၊ စိန်(ထိုင်း) ကျပ်၅၇၅၀၊ မော်လမြိုင်ဆင် ကျပ် ၅၆၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၇၀၀၊ကြံ့နှစ်ကောင် ကျပ်၄၈၀၀၊အယ်လ်ဖာ ကျပ် ၄၈၀၀၊ဆင်မင်း(ကျောက်ဆည်) ကျပ် ၃၉၀၀၊ ခရောင်း ကျပ် ၅၂၀၀၊ ကျားခေါင်း ကျပ် ၄၂၀၀၊ မြင်းခေါင်းကျပ် ၄၂၀၀၊ မော်လမြိုင်ဆင် ကျပ် ၆၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၉၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၉၅၀၊ ဆင်(ထိုင်း) ကျပ် ၅၅၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးများတာကြောင့် အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း)ကျပ် ၇၃၀၀၊ အေသုံးလုံးကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ခါတ်မြေသြဇာ

# မြေသြဇာတန်ချိန် ၁၂၀၀၀ ကျော်တင်သွင်း

စက်တင်ဘာလ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၁၀၅၉၈ တန်ဖိုးရှိဓာတ်မြေသြဇာ ၁၂၅၂၃ ဒသမ ၈၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၅၀၀၊ အစ္စရေးနိုင်ငံမှ ၇၂ တန်၊ ဘီလာရုစ်နိုင်ငံမှ ၁၀၄၅ တန်၊ တရုတ်နိုင်ငံမှ ၅၀၀၉ ဒသမ ၅၀ တန်၊ ထိုင်းနိုင်ငံမှ ၃၆၀၉ ဒသမ ၃၀ တန်၊ ပါကစ္စတန်နိုင်ငံမှတန်ချိန် ၂၀၀၀နဲ့ မလေးရှားနိုင်ငံမှ ၂၈၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၁၃၀၀၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ မြေသြဇာတန်ချိန် ၄၇၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ဓာတ်ဆား၊ အာမို၊ ပိုတက်၊ ကွန်ပေါင်း၊ ပိုတက်ဆီယမ်နိုက်တြိတ်၊ ယူရီးယား စတဲ့အမျိုးအစားများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းအေး

စက်တင်ဘာလ ၃ ရက်မှ ၉ ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၁၂၅၂၀ ကျော် အဝင်ရှိခဲ့တာကြောင့် ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၃၀၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၇၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၁၉၈၄၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာတန်ချိန် ၂၅၇၃၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၈၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းမှ ပါ အဝင်လျော့ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မန္တလေး၊မကွေးနဲ့ တောင်ကြီးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာဈေးငြိမ်သလို အရောင်းအေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅(ထိုင်း)ကျပ် ၃၉၀၀၀၊ ကွန်ပေါင်း(ပန်းရောင်)ကျပ် ၃၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၅၀၀၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်ဆားက နည်းနည်းအရောင်းဖြစ်ပြီး ကျန်မြေသြဇာများကအရောင်းအေးတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှတာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဒီတစ်ပတ် သီးစုံ(ဝါစိမ်းပြာ)က ကျပ် ၁၀၀ဈေးမြင့်ခဲ့ပြီး ကျန်မြေသြဇာများကဈေးအပြောင်းအလဲမရှိဘဲ ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ ၁၂း၁၃ ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၃၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၃၅၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၇၀၀၊ တောင်သူမ ကျပ် ၁၅၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဒီတစ်ပတ်မိုးကောင်းနေတာကြောင့် အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၆၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၆၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၄၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ်၁၁၇၀၀၊ပိုးသတ်ဆေး ကျပ် ၂၃၀၀၊ တီစူပါ၁၅ပတ်လည်(တရုတ်) ကျပ်၃၇၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား(တရုတ်)ကျပ် ၁၄၂၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၃၂၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၇၀၀၊ မြားကမ္ဘာကျပ် ၁၅၅၀၀ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ဒီတစ်ပတ် တီစူပါ၄၆%က ကျပ် ၂၀၀၊ ပန်းသီးစုံက ကျပ် ၃၀၀ ဈေးမြင့်ပြီး ယူရီးယား(ရွှေတောင်-တရုတ်)က ကျပ် ၁၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်)က ကျပ် ၅၀၀ ဈေးကျလာတယ်လို့စိုက်ပျိုးရေးပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၂၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၂၃၀၀၊တီစူပါ၄၆%ကျပ် ၂၀၂၀၀၊ မြားသီးစုံ ကျပ် ၁၄၄၀၀၊ ပန်းသီးစုံ ကျပ် ၁၅၄၀၀နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီရောနို့မှုန့်ပါ တန်ချိန် ၂၀၀ကျော်တင်သွင်း

စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၈၉၂၁၅ တန်ဖိုးရှိ နို့ဆီ ၂၄၈ ဒသမ ၀၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၅၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၉၀ ကျော် တင်သွင်းမှုလျော့နည်းတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နို့မှုန့်က နယူးဇီလန်နိုင်ငံမှ တန်ချိန် ၅၀၊ သြစတြေးလျနိုင်ငံမှ ၇၅ တန်၊ ဗီယက်နမ်နိုင်ငံမှ သုညဒသမ ၄၃၂တန်နဲ့ မလေးရှားနိုင်ငံမှ ၇၆ ဒသမ ၆၀၄ တန်၊ စုစုပေါင်း ၂၀၂ ဒသမ ၀၃၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၈၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၂၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၉ မှ ၈/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၈ မှ ၁/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၅.၈၀ | ၁၅၅.၃၅ | (-) | ၇၉.၅၅ |
| ၂။ | လွယ်ဂျယ် | ၂၆၅.၀၀ | ၆၁၁.၀၀ | (-) | ၃၄၆.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၈၀၈.၀၀ | ၂၃၀၁.၅၀ | (-) | ၁၄၉၃.၅၀ |
| ၅။ | တာချီလိတ် | ၂၆၀၀.၀၀ | ၃၁၅၀.၀၀ | (-) | ၅၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၄၄၁.၂၅ | ၂၆၀၀.၀၀ | (+) | ၂၈၄၁.၂၅ |
| ၈။ | မြိတ် | ၄၅၄၃.၅၀ | ၃၆.၀၀ | (+) | ၄၅၀၇.၅၀ |
| | စုစုပေါင်း | ၁၃၇၃၃.၅၅ | ၈၈၅၃.၈၅ | (+) | ၄၈၇၉.၇၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂/၉ မှ ၈/၉ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၈ မှ ၁/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၄၁၉.၁၀ | ၁၆၆၅၆.၁၇ | (-) | ၂၂၃၇.၀၇ |
| ၂။ | လွယ်ဂျယ် | ၃၂၉.၀၀ | ၂၉၆.၀၀ | (+) | ၃၃.၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၃၉.၅၀ | ၁၉၃.၂၅ | (+) | ၉၄၆.၂၅ |
| ၄။ | ကန်ပိုက်တီ | ၄၀.၀၀ | ၁၃၀.၀၀ | (-) | ၉၀.၀၀ |
| ၅။ | မြဝတီ | ၃၃၁၇.၁၅ | ၇၈၃၄.၅၀ | (-) | ၄၅၁၇.၃၅ |
| ၆။ | ကော့သောင်း | - | ၇၀.၀၀ | (-) | ၇၀.၀၀ |
| ၇။ | မြိတ် | - | ၅၁.၀၀ | (-) | ၅၁.၀၀ |
| ၈။ | ရိဒ် | ၆၀၀.၀၀ | ၅၀၀.၀၀ | (+) | ၁၀၀.၀၀ |
| | စုစုပေါင်း | ၁၉၈၄၄.၇၅ | ၂၅၇၃၀.၉၂ | (-) | ၅၈၈၆.၁၇ |

ခင်မိုးသူ

## နှမ်း

# ပြည်မိုးနှမ်း ဈေးငြိမ်နေသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ပြီး ပုံမှန်အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။

နှမ်းနီ အနည်းငယ် ဝင်ရောက်နေပြီဖြစ်တဲ့အတွက် တစ်နေ့လျှင် အိတ် ၂၀၀ခန့်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ စမုံနက်နှမ်းကို မန္တလေးဝယ်လက်များက အဝယ်ရှိနေသဖြင့် တစ်နေ့လျှင် အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ နှမ်းနက်ကိုအောင်လံဝယ်လက်များက အဝယ်ရှိနေသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်မပျက်တာ တွေ့ရပါတယ်။ မိုးနှမ်းကို မြန်အောင်၊ ကြံခင်းဘက်မှ နေ့စဉ်မပြတ်တောင် ရက်ခြားဝင်ရောက်မှုရှိသဖြင့် ဈေးကွက်တွင် နှမ်းဝင်ရောက်မှု မလိုင်သေးပေမယ့်ရှိတဲ့ နှမ်းများဖြင့်သာ ရောင်းဝယ်လျက်ရှိပါတယ်။

ယခုတစ်ပတ် နှမ်းဈေးမှာ ယခင်တစ်ပတ်အတိုင်း နှမ်းနီ သုံးတင်း တစ်အိတ်လျှင် ကျပ် ၉၅၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀နှင့် စမုံနက်နှမ်း သုံး တင်းတစ်အိတ်လျှင် ကျပ် ၁၂၃၀၀၀ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

# မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းလျော့နည်းတင်ပို့

စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၉၄ သန်း တန်ဖိုးရှိ နှမ်းရောင်စုံ ၂၂၈၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှနှမ်းနက် ၃၁ တန်၊ နှမ်းညိုတန် ၂၃၀ နဲ့ ချင်းရွှေဟော်မှ နှမ်းနက်တန် ၁၃၅၀၊ နှမ်းညို ၈၅ တန်ကျော်၊ နှမ်းဖြူ ၄၂၇ တန်ကျော်နဲ့ နှမ်းဖြူ(အခွံချွတ်) ၁၆၃ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းနှစ်ခုပေါင်းမှ နှမ်းရောင်စုံ တန် ၃၈၄၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၅၅၃ တန်လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၃၉၉၇၉၇ ကျပ်နဲ့ နှမ်းနက်တစ်တန်လျှင် ၂၂၁၃၆၃၂ ကျပ်ဈေးရှိကြောင်း၊ မန္တလေး-မူဆယ်ကုန်စည် သယ်ယူခနှုန်းမှာ နှမ်းတစ်ပိဿာကို ၅၄ ကျပ်မှ ၅၆ ကျပ်ရှိကြောင်းသိရပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

# မလေးရှား စားအုန်းဆီဈေးနှုန်းများ ခြောက်လတာအတွင်း အမြင့်ဆုံးဈေးသို့ ရောက်ရှိ



မလေးရှား စားအုန်းဆီဈေးများသည်ခြောက်လတာအတွင်း အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့ကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။ မလေးရှားစားအုန်းဆီ ကြိုရောင်း ကြိုဝယ်ဈေးများသည်ခြောက်လအတွင်း သုံးကြိမ်မြောက်အဖြစ် ဆက်တိုက်ဈေးမြင့်တက်လာခြင်းဖြစ်သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် နိုဝင်ဘာလအတွက် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့သည့် စားအုန်းဆီစံထား ဈေးနှုန်းများမှာ ၁ ဒသမ ၅၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၈၇၃ ရင်းဂစ်(အမေရိကန် ဒေါ်လာ ၆၈၅ ဒသမ ၆၈)ရှိခဲ့သည်။ စားအုန်းဆီအရောင်းအဝယ်ဖြစ်မှု ပမာဏမှာ ၂၅တန်ရှိ အတွဲပေါင်း ၅၇၆၀၀ ရှိခဲ့သည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင်တွင် အစောပိုင်းကာလများက စာချုပ်ချုပ်ဆို ခဲ့သည့် ဈေးနှုန်းမှာ ၂၈၇၆ ရင်းဂစ်ရှိခဲ့ပြီး အဆိုပါဈေးနှုန်းသည် မတ်လ ၈ ရက်ကတည်းက မြင့်တက်ခဲ့သည့် ဈေးနှုန်းပင်ဖြစ်ပြီး သုံးရက်အတွင်း လေးရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဈေးကွက်အတွင်းရှိ စားအုန်းဆီ ကုန်သည်များအနေဖြင့် အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို မြင်တွေ့လာနိုင်ဖွယ်ရှိကြောင်း ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်များက ပြောကြားခဲ့သည်။

“နည်းပညာအားကောင်းလာမှုနဲ့ ကုန်သည်တွေရဲ့ကြိုရောင်းကြိုဝယ်ဈေးတွေ မြင့်တက်လာမှုက စားအုန်းဆီဈေးနှုန်းအဆင့်ကို ရင်းဂစ် ၂၈၅၀ အထိ ရောက်ရှိဖို့အတွက် အထောက်အပံ့ဖြစ်စေခဲ့ပါတယ်”ဟု ကုန်သည်တစ်ဦးက ပြော ကြားခဲ့သည်။

သုံးရက်ကြာ ကျင်းပလျက်ရှိသည့် Globoil India ညီလာခံတွင် ဆွေးနွေးခဲ့ကြသူများက စားအုန်းဆီနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးခဲ့ကြသဖြင့် စားအုန်းဆီဈေးနှုန်း အတက်အကျနှင့်ပတ်သက်၍ မျှော်လင့်ရနိုင်သည်ဟုဆိုသည်။

စက်တင်ဘာလ ၁၃ ရက်အစောပိုင်းက စားအုန်းဆီဈေးနှုန်းသည် တစ်တန်လျှင် ၂၈၃၆ ရင်းဂစ်ရှိခဲ့ပြီး ၂၈၅၃ ရင်းဂစ်မှ ၂၈၇၇ ရင်းဂစ်အတွင်း ရှိနေခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်ဆန်းစစ်ရေးမှူး ဝမ်တောင်းကပြောကြားခဲ့သည်။

“တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်ရဲ့ ဈေးကွက်မှာ အောက်တိုဘာလဟာ တရုတ်လူမျိုးတို့ရဲ့နှစ်သစ်ကူးကာလဖြစ်တာကြောင့် စားအုန်းဆီဈေးကွက် ပိတ်ရက်နီးကပ်လာပြီဖြစ်ပါတယ်။ စက်တင်ဘာလဟာ စားအုန်းဆီ လက်ကျန်ကောက်ယူမှာဖြစ်သလို စားအုန်းဆီ ဈေးနှုန်းဟာလည်း မပြောင်းလဲဘဲ တည်ရှိနေမှာဖြစ်ပါတယ်”ဟု ဒါလီယံကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ချီကာဂိုကုန်သည်များဘုတ်အဖွဲ့တွင် ပဲပုပ်ဆီစာချုပ်ချုပ်ဆိုဈေးသည် သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီလအတွက် ပဲပုပ်ဆီစာချုပ် ချုပ်ဆိုဈေးမှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး စားအုန်းဆီစာချုပ်ချုပ်ဈေးမှာ သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၅-၉-၂၀၁၇) *ကျပ်/ပိဿာ*

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၁၀၀ | ၅၁၀၀ | □ | ၄၇၀၀ | ၄၄၀၀ | ▽ | ၁၉၀၀ | ၁၉၅၀ | △ |
| ရန်ကုန် | ၅၅၀၀ | ၅၅၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၈၅၀ | ၂၀၀၀ | △ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၂၁၀၀ | ၂၁၀၀ | □ |
| ပဲခူး | ၅၀၀၀ | ၅၀၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၃၀ | ၁၈၅၀ | △ |
| မကွေး | ၄၂၀၀ | ၄၂၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၇၀၀ | ၃၇၀၀ | □ | ၁၈၈၀ | ၁၉၄၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၅-၉-၂၀၁၇ **US$/Ton**

| အမျိုးအစား | စက်တင်ဘာပထမပတ် | စက်တင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၆၅.၀၀ | ၆၉၃.၀၀ | △ |
| **RBD P.Olein** | ၆၆၁.၀၀ | ၆၇၉.၅၀ | △ |
| **RBD P.Stearin** | - | ၆၆၈.၀၀ | - |

***Source: bepi.mpob***

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၅-၉-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၇၀၃.၅၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၂၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၅၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၁၅ |
| ဆီကန်သို့လောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၂.၄၁ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၄.၀၄ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၆၄.၃၈၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၅-၉-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၇၀ ဒေါ်လာနှင့် USD ဈေး ၁၃၅၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၅-၉-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၄ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# နိုင်ငံခြားငွေ ဖလှယ်နှုန်းကို ပြဋ္ဌာန်းသော အချက်များနှင့် ပတ်သက်သည့် သီအိုရီများနှင့် ငွေကြေးမူဝါဒ

ဒေါက်တာခင်မောင်ညွန့် School of Management Mae Fah Luang University, Thailand ရေးသားသော Recent developments in Microstructure approach to exchange rate determination and implications for monetary policy စာတမ်းကို ခင်မောင်ညို (ဘောဂဗေဒ) ဘာသာပြန်ဆိုသည်။

| ခင်မောင်ညို (ဘောဂဗေဒ) |

## Part 2



အဝယ်၊ အရောင်း အော်ဒါအနည်းအများနှင့် ပတ်သက်သော သတင်းအချက်အလက်များသည် ဗဟိုဘဏ်အတွက် တခြားသော မဟာဗျူဟာများနှင့်အတူ အရေးကြီးသော မဟာဗျူဟာနှစ်ခုချမှတ်ရေးအတွက် အထောက်အကူဖြစ်စေသည်။ ပထမမဟာဗျူဟာမှာ အရောင်းအဝယ်အော်ဒါများကို ခွဲခြားနိုင်ခြင်းဖြစ်သည်။ အရောင်းအဝယ်သမား အချင်းချင်းအကြား အရောင်းအဝယ်အော်ဒါများကို ဘဏ်ကြီးများအတွက် သီးသန့်ခွဲခြားကာ ဘဏ်ငယ်များနှင့် မရောဘဲ သီးခြားကောက်ယူနိုင်သည်။ ထို့အတူပင် ရင်းနှီးမြှုပ်နှံမှုဘဏ်များနှင့် စီးပွားရေးဘဏ်များကို သီးသန့်ကောက်ယူနိုင်သည်။ ဖောက်သည်များ၏ အော်ဒါများကိုဘဏ်များ၊ ဘဏ်မဟုတ်သော ကော်ပိုရေးရှင်းများဟုလည်း သီးခြားခွဲနိုင်သည်။ ဒုတိယမဟာဗျူဟာအနေဖြင့် နိုင်ငံခြားငွေဈေးကွက်တွင် ဩဇာကြီးမားသော အဖွဲ့အစည်းများ၏ အကျိုးသက်ရောက်မှုကို ဖော်ထုတ်ကာ သွယ်ဝိုက်သောနည်းဖြင့် ဝင်ရောက်စွက်ဖက်ရာတွင် အသုံးပြုနိုင်သည်။ တစ်နည်းအားဖြင့် နိုင်ငံခြားငွေ အရောင်းအဝယ်လုပ်သူတစ်ဦးချင်းစီနှင့် စေ့စပ်ညှိနှိုင်းခြင်းဖြင့်သော်လည်းကောင်း၊ အရောင်းအဝယ်လုပ်သူအချင်းချင်း အကြားပြုလုပ်သော ဈေးကွက်တွင်လည်းကောင်း ဝင်ရောက်စွက်ဖက်နိုင်သည်။

ဆိုလိုသည်မှာ အော်ဒါဝင်ရောက်မှုများသည် အရေးပါသော သတင်းအချက်အလက်များဖြစ်ပြီး ဗဟိုဘဏ်က ဝင်ရောက်ထိန်းကျောင်းရာတွင် အထောက်အကူဖြစ်သည်။ ဗဟိုဘဏ်က ရေတိုအတိုးနှုန်း အပြောင်းအလဲ၊ ငွေကြေးမူဝါဒများ အပြောင်းအလဲပြုလုပ်ရာတွင် အသုံးပြုနိုင်သည်။ နိုင်ငံခြားငွေဈေးကွက်၏ လည်ပတ်မှု၊ နိုင်ငံခြားငွေဖလှယ်နှုန်း ဖြစ်တည်လာစေမည့် လုပ်ငန်းစဉ်နှင့် ဈေးကွက်၏ စရိုက်လက္ခဏာတို့အပေါ် ဗဟိုဘဏ်၏ ဝင်ရောက်စွက်ဖက်မှုကို ထိရောက်မှုရှိစေရန် အားပေးသည်။

အခြားလေ့လာချက်များအရ ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်ခြင်းသည် ငွေကြေးတန်ဖိုးကို တည်ငြိမ်စေပြီး ငွေဖလှယ်နှုန်း အတက်အကျနည်းစေရန် ထိန်းပေးသည်ကို တွေ့ရသည်။ နိုင်ငံခြားငွေဈေးကွက်တွင် ဝင်ရောက်စွက်ဖက်ခြင်းကြောင့် အနာဂတ်ငွေဖလှယ်နှုန်း အခြေခံ အနေအထားများနှင့်ပတ်သက်၍ မသေချာမရေရာမှုများကို လျှော့ကျစေသည်။ နိုင်ငံခြားငွေဈေးကွက်တွင် အရောင်းအဝယ်ပမာဏ ကြီးမားလာစေပြီး အရောင်းအဝယ်လုပ်သော စရိတ်များကို လျှော့ကျစေသည်။ ဖလှယ်နှုန်း အတက်အကျကြမ်းခြင်းကို လျှော့စေပြီး ဝင်ရောက်စွက်ဖက်မှုကိုလည်း သတင်းရရှိနိုင်ကာနိုင်ငံခြားငွေဈေးကွက်အပေါ် အကျိုးသက်ရောက်မှု ကြီးမားနိုင်သည်။

မကြာမီကလေ့လာချက်များအရ မေကရိုဘောဂဗေဒနှင့် မိုက်ကရိုဘောဂဗေဒဟူ၍ သီးခြားလေ့လာမှုများကို ပေါင်းစည်းကာ နိုင်ငံခြားငွေဖလှယ်နှုန်း အတက်အကျ၊ အရောင်းအဝယ်အော်ဒါ အနည်းအများနှင့် မေကရိုဘောဂဗေဒ အခြေအနေများနှင့် ပတ်သက်သော မျှော်မှန်းချက်များ၏ ဆက်စပ်မှုကိုထုတ်ဖော်ရန် ကြိုးစားလာကြသည်။ အရောင်းအဝယ်အော်ဒါနှင့် ပတ်သက်သော မျှော်လင့်တွက်ဆမှုများက နိုင်ငံခြားငွေဖလှယ်နှုန်းနှင့်ပတ်သက်သော အခြေခံအနေအထားများကို အပြောင်းအလဲဖြစ်စေသည်။ မိုက်ကရိုပုံသဏ္ဍာန်နည်းလမ်းအရလက်တွေ့ရရှိသောရလဒ်များသည် အရောင်းအဝယ်အော်ဒါများကြောင့် မည်သို့ဖြစ်နိုင်ကြောင်း ပို၍ရှင်းပြနိုင်သည်။ အရောင်းအဝယ် အော်ဒါများသည် လက်ကျန် Portfolio Balance မှတစ်ဆင့်သော်လည်းကောင်း၊ သတင်းအချက်အလက်များမှတစ်ဆင့် အကျိုးသက်ရောက်သောနည်းဖြင့်သော်လည်းကောင်း ဩဇာလွှမ်းမိုးကြသည်။ ဤနည်းဖြင့် ဗဟိုဘဏ်၏ ဝင်ရောက်စွက်ဖက်မှုကြောင့် ဈေးကွက်ရှိငွေအနည်းအများနှင့် နိုင်ငံခြားငွေဈေးကွက်၏ စွမ်းဆောင်ရည်တို့ကို စောင့်ကြည့်ရန် အထောက်အကူဖြစ်သည်။

အကယ်၍ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံခြားငွေဖလှယ်နှုန်းနှင့် ပတ်သက်သော သမိုင်းကြောင်း စာရင်းအင်းများက ကာလလတ်မှ ကာလရှည်အတွင်း ငွေဖလှယ်နှုန်းကျဆင်းမည့် အလားအလာကို ညွှန်ပြနေလျှင် သမားရိုးကျ နိုင်ငံခြားငွေလဲလှယ်နှုန်း သဘောတရားက ရေရှည်မူဝါဒများ ချမှတ်ကျင့်သုံးရန် အကြံပြုသည်။ လုပ်အား၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းကြောင့် အမှန်တကယ် ငွေဖလှယ်နှုန်းမြင့်မားလာစေသည်ဟု ယူဆသည်။ လေ့လာ တွေ့ရှိချက်များအရ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းသည် အရောင်းအဝယ်ပြုလုပ်သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းအပေါ် အခြေခံသော အမှန်တကယ် နိုင်ငံခြားငွေဖလှယ်နှုန်းမှတစ်ဆင့် ကူးပြောင်းရောက်ရှိသွားကြောင်း တွေ့ရသည်။

ထို့အပြင် အမေရိကန်၊ ဂျပန်နှင့် ယူရိုဇုန်တို့တွင် လေ့လာတွေ့ရှိချက်များအရ ဒေါ်လာဈေးနှုန်းနှင့် ထုတ်လုပ်မှုစွမ်းအားတို့၏ ဆက်စပ်မှုကို လေ့လာကြည့်သောအခါ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်အတွင်း ထုတ်လုပ်မှုစွမ်းအား မြင့်မားလာခြင်းကြောင့် အမေရိကန်ဒေါ်လာ၏ ပြင်ပတန်ဖိုး အပြောင်းအလဲများအပေါ် ဩဇာလွှမ်းမိုးမှုရှိကြောင်း တွေ့ရသည်။

နိုင်ငံခြားငွေ သီအိုရီနှင့် လုပ်အား၏ ထုတ်လုပ်မှုစွမ်းအားတို့အကြား ဆက်စပ်မှုနှင့်ပတ်သက်၍ မူဝါဒနှင့် မဟာဗျူဟာအမျိုးမျိုးရှိကြသည်။ အသွင်ကူးပြောင်းနေသောနိုင်ငံများနှင့် ဆီလျော်သည့် အရေးကြီးသော မူဝါဒနှစ်ခုရှိသည်။ ၎င်းတို့မှာ လုပ်သားများထုတ်လုပ်မှုစွမ်းအားနိမ့်ရာမှ ထုတ်လုပ်မှုစွမ်းအားမြင့်မားရာသို့ ရွှေ့ပြောင်းရေးအတွက် လုပ်သားကဏ္ဍ ပြုပြင်ပြောင်းလဲမှုပြုလုပ်ခြင်းသို့မဟုတ် လုပ်ခမူဝါဒချမှတ်ခြင်းအားဖြင့် လုပ်သားရွှေ့ပြောင်းမှုမူဝါဒ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ မူဝါဒတို့ဖြစ်သည်။ ဤနေရာတွင် အတိုးနှုန်းကို အသုံးပြုကာ ထုတ်လုပ်မှုစွမ်းအားတိုးတက်ရန် ဗဟိုဘဏ်၏ ကြိုးပမ်းအားထုတ်မှုမှာ အရာမထင်ပေ။

သို့သော်လည်း သေချာစွာ ပြင်ဆင်ရေးဆွဲထားသော ငွေကြေးမူဝါဒများမှတစ်ဆင့် သွယ်ဝိုက်သောနည်းဖြင့် အကျိုးသက်ရောက်မှုရှိကာ စီးပွားရေးအဆောက်အအုံတွင် စုစုပေါင်းဝယ်လိုအားနှင့် စုစုပေါင်းရောင်းလိုအားတို့ကို ကိုက်ညီစေပြီး စွမ်းရည်မြင့်မားသည့် ဈေးကွက်ဖြစ်ပေါ်ကာ ဈေးနှုန်းနှင့် နိုင်ငံခြားငွေတို့ကို တည်ငြိမ်စေသည်။ ဆိုလိုသည်မှာ နိုင်ငံတကာ ကုန်သွယ်ရေး၊ စက်မှုလက်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများ ရေးဆွဲရာ၌ အထက်တွင်ဖော်ပြခဲ့သော လုပ်သား၏ ထုတ်လုပ်မှုစွမ်းအားမြင့်မားရေးကို အာရုံစိုက်ခြင်းအားဖြင့် စဉ်ဆက်မပြတ်တိုးတက်မှုရရှိကာ နိုင်ငံခြားငွေဖလှယ်နှုန်း၏ စွမ်းဆောင်ရည်သည်လည်း မြင့်မားလာမည်ဖြစ်သည်။ လုပ်သား၏ ထုတ်လုပ်မှုစွမ်းအား တိုးပွားစေသော လုပ်ငန်းများ စတင်လုပ်ဆောင်ခြင်းသည် မျှော်လင့်ထားသော အနာဂတ်အခြေခံအနေအထားများနှင့် မျှော်လင့်ထားသော ရလဒ်များရရှိရေးအတွက် ပုဂ္ဂလိက,ကဏ္ဍကို အချက်ပြလိုက်ရာရောက်သည်။

### သင်ခန်းစာများ

(၁) အထောက်အထားများအရ နိုင်ငံခြားငွေအမှာ အော်ဒါသည် အထူးသဖြင့် ရေတိုကာလတွင်လည်းကောင်း၊ ကာလလတ်တွင်လည်းကောင်း အမည်ခံနိုင်ငံခြားငွေဖလှယ်နှုန်းအပေါ် သိသာထူးခြားပြီး ဆက်တိုက်အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရသည်။

(၂) ထိုအချက်က ရေတိုနိုင်ငံခြားငွေအော်ဒါစီးဝင်မှု အပြောင်းအလဲသည် နိုင်ငံခြားငွေဖလှယ်နှုန်းအပေါ်တွင် လည်းကောင်း၊ ရေတိုတွင် ဗဟိုဘဏ်၏ ငွေကြေးမူဝါဒနှင့် ဝင်ရောက်စွက်ဖက်မှုတို့ ထိရောက်မှုရှိ-မရှိ ပြန်လည်သုံးသပ်နိုင်သော ယန္တရားတစ်ခုအဖြစ်လည်းကောင်း အကျိုးသက်ရောက်မှုကို ထင်ဟပ်သည်။

(၃) နိုင်ငံခြားငွေ အမှာအော်ဒါဝင်ရောက်မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များသည် ဗဟိုဘဏ်နှင့် ငွေကြေးအာဏာပိုင်များ၊ ဈေးကွက်တွင် အဓိကလှုပ်ရှားသူများ ဖော်ထုတ်ရေးနှင့် ဗျူဟာများ ချမှတ်ရေး၊ နိုင်ငံခြားငွေဈေးကွက်အပေါ်တွင် ကျရောက်နိုင်သော အကျိုးသက်ရောက်မှုများကို စောင့်ကြည့်ရန်၊ နိုင်ငံခြားငွေဖလှယ်နှုန်း အတက်အကျကို ထိန်းချုပ်နိုင်သော တိုက်ရိုက်ငွေကြေးမူဝါဒများချမှတ်ရန်၊ စေ့စပ်ညှိနှိုင်းသောနည်းဖြင့် သွယ်ဝိုက်ဝင်ရောက်စွက်ဖက်ရန်တို့အတွက် အထောက်အကူ ဖြစ်စေသည်။

(၄) ထို့အပြင် နိုင်ငံခြားငွေ အရောင်းအဝယ်အော်ဒါ စီးဆင်းမှုနှင့်ပတ်သက်သော သတင်းအချက်အလက်များက ငွေကြေးအာဏာပိုင်များအနေဖြင့် ရေတိုတွင် ငွေတန်ဖိုးထပ်မံကျဆင်းမှုကို ဟန့်တားပေးမည့် ငွေကြေးမူဝါဒများ ချမှတ်ကျင့်သုံးရန် အထောက်အကူ ဖြစ်စေသည်။

အဆိုပါ ငွေကြေးမူဝါဒနှင့် နည်းလမ်းများတွင် (၁) ငွေချေးစာချုပ်ဈေးကွက်လည်ပတ်မှုကို ချောမွေ့စေခြင်း၊ (၂) ငွေကြေးဖလှယ် (Swept) သည့် နည်းလမ်းများကို အသုံးပြုခြင်း၊ (၃) နိုင်ငံခြားငွေ လေလံဈေးကွက်တွင်ရှိနေသော ပို့ကုန်သွင်းကုန်လုပ်ငန်းများ၊ ကုမ္ပဏီ ကြီးများ၏ နိုင်ငံခြားငွေပမာဏကို တိုးပွားစေမည့် မူဝါဒများ ချမှတ်ခြင်းတို့ ပါဝင်သည်။ (၄) မြန်ဆန်သော အီလက်ထရောနစ်ရောင်းဝယ်ရေးစနစ်နှင့် နည်းလမ်းများကို အသုံးပြုခြင်းအားဖြင့် ပိုမို၍ ထင်သာမြင်သာရှိစေကာ သတင်းရရှိပုံ မညီမမျှဖြစ်နေမှုကို ဖယ်ရှားပေးပြီး နိုင်ငံခြားငွေဈေး အတက်အကျလှုပ်ရှားမှု ကို လျှော့နည်းစေသည်။ (၅) ကာလလတ်မှ ကာလရှည်မူဝါဒများ ချမှတ်ရာတွင် နိုင်ငံတကာကုန်သွယ်ရေး၊ စက်မှုလက်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(ပြင်ပချေးငွေနှင့် အကူအညီအပါအဝင်) ငွေကြေးနှင့် ဘဏ္ဍာရေးမူဝါဒများချမှတ်ရာတွင် အထက်၌ဖော်ပြခဲ့သော လုပ်သား၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားရေးကို ဦးတည်ကာ စီးပွားရေးတည်ငြိမ်ပြီး စွမ်းရည်မြင့်မားသော နိုင်ငံခြားငွေဈေးကွက် ဖြစ်မြောက်စေရမည်။

Ref : Gereben, Gyomai and Kiss (2005). "The Microstructure approach to exchange rates : a survey from a central bank's viewpoint", Magyar Nemzeti Bank, the Central Bank of Hungary, Budapest.

Lyons, Richard (2001). The Microstructure Approach to Exchange Rates, MIT Press, Cambridge, Massachusetts, London, England.

Vitale, Paolo (2006). "A market microstructure analysis of foreign exchange intervention", European Central Bank, Germany.

Rime, Sarno and Sojli (2010). Exchange rate forecasting order flow and macroeconomic information, Journal of International Economics. Elsevier.

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# ပဲမျိုးစုံအပါအဝင် အိန္ဒိယနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းကုန်သွယ်မှု အားကောင်းလာစေရန် ဩစတြေးလျက လိုလားနေ

ဩစတြေးလျသည် အိန္ဒိယနှင့် စိုက်ပျိုးရေး ထွက်ကုန် ကုန်သွယ်မှုတိုးမြှင့်လာစေရေး ကြိုးစားလျက်ရှိရာ အိန္ဒိယပြည်တွင်း၌ လိုအပ်လျက်ရှိသည့် ပဲမျိုးစုံနှင့် အစေ့အဆန်ကုန်သွယ်မှု တိုးမြှင့်ရန် စိတ်ဝင်စားနေသည်ဟု Australian High Commission ၏ Trade Commissioner Gregory Harvey က ဩဂုတ်လ ၃၀ ရက်၌ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Australia Business Week in India အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဩစတြေးလျကုန်သွယ်ရေးဝန်ကြီးဦးဆောင်၍ လုပ်ငန်းရှင် ၄၀ ဦးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယခုနှစ် ဩဂုတ်လ ၂၈ ရက်မှ စက်တင်ဘာလ ၁ ရက်ထိ အိန္ဒိယသို့လာရောက်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ပဲနှင့်အစေ့အဆန်များ (Pulses and Grain) ကိုသာမက Lupin ကဲ့သို့သော အမယ်သစ်များကိုလည်း စတင်မိတ်ဆက်ရောင်းချရန်နှင့် ဝါဂွမ်းမှအစ အုတ်ဂျုံအထိ အခြားသောကုန်စည်များကိုလည်း ကုန်သွယ်မှုတိုးမြှင့်လိုကြောင်း၊ ထို့မျှသာမက နို့ထွက်ပစ္စည်း၊ အစေ့အဆန် သိုလှောင်ခြင်းနှင့် သီးနှံများကိုင်တွယ်စီမံခန့်ခွဲသည့် ဝန်ဆောင်မှုဆိုင်ရာ နည်းပညာသစ်များကို ဩစတြေးလျကုမ္ပဏီများက အိန္ဒိယသို့မိတ်ဆက်ရန် စိတ်ဝင်စားနေသည်ဟု Harvey က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့ပြင် အထွက်နှုန်းတိုး၊ ရာသီနှင့် ပိုးမွှားဒဏ်ပိုမိုခံနိုင်စွမ်းရှိပြီး အာဟာရဓာတ်ပိုမိုကြွယ်ဝသော သီးနှံမျိုးစိတ်သစ်များ စမ်းသပ်အကောင်အထည်ဖော်ရာ၌ နှစ်နိုင်ငံ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများအကြား သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လိုသည်ဟုလည်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိတွင် အိန္ဒိယသည် ဩစတြေးလျ၏ စိုက်ပျိုးရေးပို့ကုန် သတ္တမအများဆုံးတင်ပို့သောဈေးကွက်ကြီးဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် နှစ်နိုင်ငံ စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံဖြင့် ဩစတြေးလျသည် အိန္ဒိယ၏ ဒသမမြောက် စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်မှုအနေဖြင့် ဩစတြေးလျမှ အိန္ဒိယသို့ပဲတင်ပို့ရာ၌ ကုလားပဲနှင့် ပဲတီစိမ်းတို့ကို အဓိကအားဖြင့် တင်ပို့လျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် ဩစတြေးလျဒေါ်လာ ၁၇၂ ဒသမ ၆ သန်းဖိုးသာ တင်ပို့နိုင်ခဲ့ရာမှ ၂၀၁၆ တွင် ဩစတြေးလျဒေါ်လာ ၈၉၀ ဒသမ ၉ သန်းခန့်ထိသို့ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ပထမကိုးလတွင် အိန္ဒိယသို့ ၁ ဒသမ ၂ ဘီလီယံခန့်အထိ တိုးတက်တင်ပို့နိုင်ခဲ့သည်ဟု Australian Trade and Investment Commission က ထုတ်ပြန်ထားကြောင်း၊ ဩစတြေးလျ၏ ဘဏ္ဍာနှစ်မှာ ဇူလိုင်လ ၁ ရက်မှ ဇွန်လ ၃၀ ရက်ထိဖြစ်ကြောင်း သိရှိရပါသည်။

အလားတူပင် လတ်တလောနှစ်များအတွင်း အိန္ဒိယသို့ ဩစတြေးလျ ဂျုံတင်ပို့မှုပမာဏမှာလည်း မြင့်တက်လာလျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် ဩစတြေးလျဒေါ်လာ သုည ဒသမ ၇ သန်းတန်ဖိုးရှိ မပြောပလောက်သည့်ပမာဏကိုသာ တင်ပို့နိုင်ခဲ့ရာမှ ၂၀၁၆ တွင် ဩစတြေးလျဒေါ်လာ ၂၆၉ သန်းခန့်ထိသို့ တိုးတက်လာခဲ့ကြောင်း၊ ၂၀၁၇ ပထမသုံးလပတ်တွင် ဩစတြေးလျဒေါ်လာ ၃၉၅ သန်းခန့် တင်ပို့ခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင်မူ အိန္ဒိယသည်ပြည်တွင်း ထုတ်လုပ်မှုမြင့်တက်လာသည့်အတွက် ပြည်တွင်းအကာအကွယ်များ ပြုလုပ်ထားရှိမှုကြောင့် အိန္ဒိယသို့ ဂျုံတင်ပို့မှုပမာဏကျဆင်းဖွယ်ရှိသည်ဟု Harvey က ပြောကြားခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် အိန္ဒိယမှဩစတြေးလျသို့ တင်ပို့သည့်အဓိကစိုက်ပျိုးရေးပို့ကုန်အမယ်များမှာ ဆန်၊ လက်ဖက်ပင်၊ ကော်ဖီ၊ စက္ကူထုတ်လုပ်သည့်ပစ္စည်းများနှင့် ကိတ်မုန့်ပြုလုပ်သည့် ကုန်ကြမ်းများတို့ဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ရေလွှမ်းမိုးမှုနှင့် မိုးခေါင်မှုများကြောင့် အိန္ဒိယ၌ ယခုနှစ် မိုးသီးနှံ (Kharif Crop) ထုတ်လုပ်မှုပမာဏ လျော့နည်းမည့် အလားအလာရှိ

အိန္ဒိယနိုင်ငံတွင် ပြည်နယ်အများအပြား၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိခြင်းနှင့် အချို့သောသီးနှံများ၏ စိုက်ဧကမှာ ကျဆင်းလာခဲ့ခြင်းတို့ကြောင့် ယခုနှစ်တွင် မိုးသီးနှံ စုစုပေါင်းထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်အောက် လျော့နည်းနိုင်သည်ဟု ပညာရှင်များက သုံးသပ်ပြောကြားထားကြောင်း သိရှိရပါသည်။

သို့ရာတွင် နိုင်ငံအတွင်း အခြေခံစားကုန်သီးနှံများအား အစိုးရက အရန်သိုလှောင်မှုများ ပြုလုပ်ထားသည့်အတွက် စားနပ်ရိက္ခာလုံလောက်မှုရှိနိုင်ပြီး သီးနှံဈေးနှုန်းများကိုလည်း တည်ငြိမ်အောင် ဆက်လက်ထိန်းထားနိုင်မည်ဟုလည်း သုံးသပ်ထားကြောင်း သိရှိရပါသည်။

ယခုနှစ် မိုးသီးနှံများအနက် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံများ၏ စိုက်ဧကမှာ ကျဆင်းခဲ့သည့်အတွက် ယင်းသီးနှံများ၏ ထုတ်လုပ်မှုပမာဏမှာလည်း ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ စပါးသီးနှံမှာမူ စိုက်ဧကကျဆင်းသော်လည်း အထွက်နှုန်းကောင်းနိုင်သည့်အတွက် ယခုနှစ်ထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်နှင့်အလားတူထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ယခုနှစ်တွင် ငွေဖြစ်လွယ်သည့် သီးနှံများဖြစ်သည့် ကြံနှင့်ဝါ ထုတ်လုပ်မှုပမာဏမှာမူ ယခင်နှစ်ထက် ပိုမိုကောင်းမွန်နိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားပြီး ကြံနှင့်ဝါ စိုက်ဧကများမှာ ယခင်နှစ်ထက် ကိုးရာခိုင်နှုန်းနှင့် ၁၈ ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ဂူဂျာရတ်၊ အာသံ၊ ရာဂျတ်စသန်၊ ဘီဟာ၊ အနောက်ဘင်ဂေါနှင့် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်များ၏ နေရာအနှံ့အပြား၌ ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိသော်လည်း အိန္ဒိယနိုင်ငံတောင်ပိုင်းတွင်မူ မိုးနည်းနေပြီး သီးနှံစိုက်ပျိုးရန်အတွက် မိုးရေမလုံလောက်သည့်အခြေအနေများနှင့် တွေ့ကြုံရလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ရက်သတ္တပတ်ထိ အချက်အလက်များအရ ရေကြီးခြင်း၊ မိုးသည်းထန်ခြင်း၊ မိုးခေါင်ခြင်းများကြောင့် ထိခိုက်မှုရှိသည့် စိုက်ဧကပေါင်း ၃ ဒသမ ၈၂ သန်းရှိကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန အတွင်းဝန် SK Pattanayak က ယခုနှစ်တွင် သီးနှံအချို့၏ ထုတ်လုပ်မှုလျော့နည်းနိုင်သော်လည်း အချို့သောသီးနှံများမှာ ထုတ်လုပ်မှုတိုးတက်လာနိုင်ကြောင်း၊ ယင်း အခြေအနေများကြောင့် ယခုနှစ်မိုးရာသီသီးနှံ စုစုပေါင်းထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်ထက် တိုးတက်များပြားနိုင်သည့် အခြေအနေတွင်မရှိဘဲ အလားတူပမာဏတွင်သာ ရှိနိုင်သည်ဟု ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအတွင်း၌ ယခုရာသီအတွင်း ရေလွှမ်းမိုးမှုဒဏ်ကို အဆိုးရွားဆုံး ရိုက်ခတ်ခံစားရသည့် ပြည်နယ်များမှာ ဂူဂျာရတ်ပြည်နယ်တွင် စိုက်ဧက ၁ ဒသမ ၁ သန်း၊ ရာဂျတ်စသန်ပြည်နယ်တွင် စိုက်ဧက ခုနစ်သိန်းနှင့် ဘီဟာပြည်နယ်တွင် စိုက်ဧက ၆ ဒသမ ၅ သိန်းတို့ဖြစ်ကြောင်း သိရှိရပါသည်။ (ရာဂျတ်စတန်ပြည်နယ်သည် မိုးရာသီပဲသီးနှံ အများဆုံးစိုက်ပျိုးသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ဥတ္တရာပရာဒေ့ရှ်ပြည်နယ်သည်လည်း ပဲအမြောက်အမြား စိုက်ပျိုးသည့် ပြည်နယ်ဖြစ် ကြောင်း သိရှိရပါသည်။)

ကင်နာတာကာ၊ ကီရာလာနှင့် တီလန်ဂါနာပြည်နယ်များတွင်မူ ခြောက်သွေ့မှုကြောင့် ပဲ၊ နှံစားပြောင်း၊ ဆီထွက်သီးနှံနှင့် ဝါသီးနှံစိုက်ပျိုးဧကများ လျော့နည်းခဲ့သည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါသည်။

ပညာရှင်များကမူ ယခင်နှစ် မိုးရာသီက သီးနှံစုစုပေါင်းတန်ချိန် ၁၃၈ ဒသမ ၅၂ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံ စုစုပေါင်း ထုတ်လုပ်မှုပမာဏအနေဖြင့် ယခင်နှစ်အောက် ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအတွင်း ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

Agri Value Chain Ltd သုတေသနကုမ္ပဏီ က အိန္ဒိယနိုင်ငံ၏ ယခုနှစ် မိုးရာသီ ပဲထုတ်လုပ်မှု ပမာဏမှာ ယခင်နှစ်တန်ချိန် ၉ ဒသမ ၄၂ သန်းအောက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ကျဆင်းနိုင်ကြောင်း၊ ဆန်ထုတ်လုပ်မှုပမာဏမှာမူ ယခင်နှစ်အလားတူပမာဏဖြစ်သည့် တန်ချိန် ၉၆ ဒသမ ၃၉ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ဆီထွက်သီးနှံထုတ်လုပ်မှုပမာဏ အနေဖြင့် ယခင်နှစ်တန်ချိန် ၂၂ ဒသမ ၄ သန်းအောက် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းထိ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

ပဲစိုက်ဧကအနေဖြင့် စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ယခင်နှစ် ပဲဈေးနှုန်းကျဆင်းခဲ့သည့်အတွက် လယ်သမားများက စိုက်ဧကလျှော့၍ စိုက်ပျိုးလာကြရာ ယခုနှစ်တွင် ဟက်တာဧက ၁၃ ဒသမ ၇၆ သန်းသာရှိခဲ့ပြီး ယခင်နှစ်ထက် လေးရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

Indian Pulses and Grains Association (IPGA) ၏ဥက္ကဋ္ဌဖြစ်သူ Pravin Dongre က အိန္ဒိယနိုင်ငံ၏ ယခုနှစ်မိုးရာသီ ပဲထုတ်လုပ်မှု အနေဖြင့် ယခင်နှစ်ထက် သုံးရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းထိ ကျဆင်းမည်ဟု ခန့်မှန်းကြောင်း၊ သို့ရာတွင် အစိုးရအနေဖြင့် ပဲစင်းငုံတန်ချိန် ၁ ဒသမ ၄ သန်းခန့် သိုလှောင်ထားပြီး ပြည်တွင်းဈေးကွက်၌လည်း အမြောက်အမြားရှိနေသေးသည့်အတွက် ဈေးနှုန်းမြင့်တက်နိုင်ဖွယ်မရှိကြောင်း၊ ရေရှည်တွင်အစိုးရအနေဖြင့် ပြည်ပမှ ပဲတင်သွင်းမှုကန့်သတ်ချက်များအား ဖယ်ရှားပေးရလိမ့်မည်ဟုလည်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

All India Rice Exporters' Association ၏ဥက္ကဋ္ဌဖြစ်သူ Vijay Setia က ယခုရာသီစပါးစိုက် ဧကအနေဖြင့် ယခင်နှစ်ထက် ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဟက်တာဧက ၃၆ ဒသမ ၆ သန်းသာရှိခဲ့သော်လည်း စပါးအဓိကစိုက်ပျိုးသည့် ပြည်နယ်များ၌ ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်း ပိုမိုမြင့်မားနိုင်သည့်အတွက် ယခင်နှစ် ထုတ်လုပ်မှုပမာဏကိုပြည့်မီနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

Solvent Extractors' Association of India ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ BV Mehta က အိန္ဒိယနိုင်ငံ၏ ယခုနှစ် ပဲပုပ်ထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်ပမာဏ တန်ချိန် ၁၃ ဒသမ ၇၉ သန်းအောက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ ကျဆင်းဖွယ်ရှိပြီး မြေပဲနှင့်နေကြာတို့ အပါအဝင် ဆီထွက်သီးနှံစိုက်ဧကမှာ ယခင်နှစ်အောက် ရှစ်ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ သို့ဖြစ်၍ မြေပဲထုတ်လုပ်နိုင်မှုမှာ ယခင်နှစ်တန်ချိန် ၆ ဒသမ ၂ သန်းအောက် ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ကြောင်း၊ သို့ရာတွင် နိုင်ငံမြေပဲလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းမှာ သွင်းကုန်အပေါ် မှီခိုနေရသည်ဖြစ်ရာ ပြည်တွင်းထုတ်လုပ်မှုလျော့ကျရုံမျှဖြင့် ဈေးနှုန်းမြင့်တက်ဖွယ်မရှိဟု ပြောကြားထားကြောင်း သိရှိရပါသည်။

Cotton Association of India ၏ ဥက္ကဋ္ဌ ဖြစ်သူ Nayan Mirani က ယခုနှစ်တွင် ဝါသီးနှံမှာ စိုက်ဧကလည်းမြင့်တက်မှုရှိပြီး ရာသီဥတုမှာလည်း အခြေအနေပေးသည့်အတွက် အလားအလာကောင်းပြီး အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ကြောင်း၊ ယခုနှစ် ဝါစိုက်ဧကအနေဖြင့် ယခင်နှစ်ထက် ၁၈ ရာခိုင်နှုန်းတိုးတက်လာရာ ဟက်တာဧကပေါင်း ၁၁ ဒသမ ၈၉ သန်းသို့ တိုးတက်လာခဲ့ကြောင်း၊ သို့ဖြစ်၍ ယခုနှစ် ရာသီဝါထုတ်လုပ်မှုပမာဏအနေဖြင့် ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပြီး ရာသီဥတုကောင်းမွန်ပါက ထိုထက်ပို၍ ထုတ်လုပ်မှုပမာဏတိုးတက်နိုင်ကြောင်း၊ သို့ဖြစ်၍ ဝါဈေးနှုန်းမှာလည်း ကျဆင်းလာနိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကြံလုပ်ငန်းရှင်များအသင်းကမူ ယခုနှစ်ရာသီ၌ ကြံစိုက်ဧက ကိုးရာခိုင်နှုန်း မြင့်တက်လာသည့်အတွက် ကြံ၊ သကြားထုတ်လုပ်မှုပမာဏမှာ ယခင်နှစ်ထက် ပိုမိုမြင့်မားမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ

(၁၅–၉–၂၀၁၇)

သန်းထိုက်အောင်

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းအရောင်းအဝယ်ကောင်းနေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကျပ် ၅၉၀ (တစ်တန်ကျပ်၃၆၁၃၁၀) နဲ့ ယခုတစ်ပတ်မှာလည်း အရောင်းအဝယ်ဖြစ်နေခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၇၁၈၀၀၀ သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၂၈၀၂၉၀၀ကျော် ရှိခဲ့တာကြောင့် အရောင်းအဝယ် သွက်ခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှမူဆယ်အထိ ပြောင်းတစ်ပိဿာ ၂၉ ကျပ်ရှိပြီး အတက်အကျမရှိကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းလုံးကြီး ဈေးတည်ငြိမ်နေပြီး မတ်ပဲဈေးပြန်လည်ကျဆင်းလာ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ယခင်တစ်ပတ်ကအတိုင်း ပဲတီစိမ်းလုံးကြီးဈေးကောင်းရနေပြီး မတ်ပဲဈေးကတော့ ပြန်လည်ကျဆင်းလာကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းလုံးကြီး တစ်ပိဿာ ၁၄၄၇ကျပ် (တစ်တန်ကျပ် ၈၈၆၁၂၀) နဲ့ ဈေးမြင့်ခဲ့ရာမှ ယခုတစ်ပတ်မှာလည်း အလားတူအတိုင်း ဈေးတည်ငြိမ်နေပါတယ်။ မန္တလေး ဝယ်လက်က ပဲတီစိမ်းလုံးကြီးကို ဝယ်ချင်ကြပေမယ့်လည်း ကုန်လက်ကျန်နည်းပါးနေတာကြောင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၁၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ကျပ် ၉၅၀(တစ်တန်ကျပ် ၅၈၁၇၇၀) အထိ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ မြို့ခံပဲခွဲစက်များက အရည်အသွေးကောင်းမွန်မှုကိုရွေးချယ်၍ ဝယ်ယူကြလို့ အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၆၉၀နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၆၆၀ (တစ်တန်ကျပ် ၄၀၄၁၇၀) ထိ ဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ဝယ်ရောင်းကုန်သည်များက ဝယ်လိုအားရှိပေမယ့် ရောင်းသူများဘက်မှ ဈေးကောင်းရအောင် စောင့်ဆိုင်းနေလို့ ယခုတစ်ပတ်မှာလည်း အရောင်းအဝယ်နည်းနေကြောင်း သိရပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခုတစ်ပတ်မှာလည်း နှမ်းဖြူတစ်ပိဿာ ၂၃၆၇ကျပ်(တစ်တန်ကျပ် ၁၄၄၉၅၂၀) နဲ့ ဈေးအတက်အကျမရှိဘဲ ငြိမ်နေကြောင်း သိရပါတယ်။နှမ်းဖြူကို မန္တလေးဝယ်လက်က ဝယ်ယူချင်ပေမယ့် အဝင်နည်းပြီးရောင်းလိုအားနည်းတာကြောင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီအရောင်းအဝယ် အေးနေပြီး မတ်ပဲနဲ့ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ၁၀၃၃ ကျပ်နဲ့ ဈေးကောင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၀၀၀ ကျပ် (တစ်တန်ကျပ် ၆၁၂၃၀၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၇၁၇ ကျပ်ထိ ဈေးတက်ခဲ့သော်လည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၆၅၀ မှ ၆၈၀ (တစ်တန်ကျပ် ၃၉၈၀၀၀)အထိ ပြန်လည်ဈေးကျခဲ့ပေမယ့် အရောင်းအဝယ်အေးနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(အညာ) ရွှေဝါတစ်ပိဿာ ၁၆၈၉ ကျပ်နဲ့ ဈေးဖွင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၇၂၄ကျပ် (တစ်တန် ကျပ် ၁၀၅၅၇၆၀ ) အထိ ဈေးကောင်းရခဲ့သလို တရုတ်တင်ပို့သူများက ဝယ်ယူနေတဲ့ ပဲတီစိမ်း(အညာ)ရွှေဝါက ဈေးကွက်အတွင်း ပုံမှန်ဝင်ရောက်လာတာကြောင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံနှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၃ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၈၂၂ ကျပ် (တစ်တန်ကျပ် ၁၇၂၈၁၆၀) ထိ ဈေးတက်ခဲ့ပြီး တစ်ရက်ကို အိတ် ၆၀၀မှ ၈၀၀ ကြား ရောင်းချနေရကြောင်း သိရပါတယ်။ အလားတူ ယခင်တစ်ပတ်က နှမ်းဖြူ တစ်ပိဿာ ၂၄၄၄ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်လည်းတစ်ပိဿာ ၂၅၁၁ကျပ် (တစ်တန်ကျပ် ၁၅၃၇၇၁၀) အထိ တစ်ရက်ကို အိတ် ၄၀၀မှ ၅၀၀အထိ အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နောက်ထပ်ဈေးတက်တဲ့ကုန်စည်ကတော့ တရုတ်ဝယ်လက်တွေ ပုံမှန်ဝယ်ယူနေတဲ့ အစေ့ထုတ်ပြောင်းဖြစ်ပြီး ယခင်တစ်ပတ်ကတစ်ပိဿာ ၅၃၇ ကျပ် ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ၅၄၆ကျပ် (တစ်တန် ကျပ် ၃၃၄၃၆၀)နဲ့ အရောင်းအဝယ်ဖြစ်နေကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးပြန်လည်ကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲတီစိမ်း၊ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်ပိဿာ ၁၄၂၀ ကျပ်နဲ့ ဈေးကောင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၃၁၅ကျပ် (တစ်တန်ကျပ် ၈၀၅၂၉၀) အထိ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကျပ် ၉၅၀ နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၉၁၀ (တစ်တန်ကျပ် ၅၅၇၂၇၀) နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ အလားတူ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၆၉၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၆၃၅ ကျပ်(တစ်တန်ကျပ်၃၈၈၈၆၀) အထိဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်စမုံ တစ်ပိဿာ ၂၇၃၅ ကျပ်မှ ယခုတစ်ပတ်မှာ နှမ်းနက်စမုံ တစ်ပိဿာ ကျပ် ၂၆၉၀ (တစ်တန် ၁၆၄၇၃၃၀ကျပ်) ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မန္တလေးဝယ်လက်နဲ့ မြို့ခံနှမ်းလှော်လုပ်ငန်းတွေက အဝယ်များခဲ့တဲ့ နှမ်းဖြူထိပ်စကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၄၇၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၅၁၀ (တစ်တန် ကျပ် ၁၅၁၂၆၀၀) အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

xxxxxxxxxxxxxxxx

## အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန်ဈေးငြိမ်နေပြီး ပဲတီစိမ်း(သစ်) ဈေးထပ်မံမြင့်တက်

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ကုလားပဲဟော်လန် ဈေးဆက်ငြိမ်နေသလို ယခင်တစ်ပတ်ကတည်းက ဈေးတက်ခဲ့တဲ့ ပဲတီစိမ်း(အသစ်)ကတော့ ဈေးထပ်မြင့်လာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဟော်လန် တစ်ပိဿာကို ကျပ် ၂၂၅၀ (တစ်တန် ကျပ် ၁၃၇၇၈၇၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သလို ယခုတစ်ပတ်မှာလည်း ဈေးအပြောင်းအလဲမရှိခဲ့ပါဘူး။

ကုလားပဲဟော်လန်ကို မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်ယူလျက်ရှိတာကြောင့် အရောင်းအဝယ် ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ ပဲတီစိမ်း (အသစ်)ကလည်း ယခင် တစ်ပတ်အထိ တစ်ပိဿာကျပ် ၁၃၇၅ အထိ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၄၀၀ ကျပ် (တစ်တန် ကျပ် ၈၅၇၃၄၀) အထိ ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းအသစ်ကို မန္တလေးဝယ်လက်က ဝယ်ယူမှုများတာကြောင့် အရောင်းအဝယ်များခဲ့ကြောင်း သိရပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် နှမ်းနီနဲ့ နှမ်းနက်က ယခင်တစ်ပတ် ဈေးတစ်ပိဿာ ကျပ် ၂၁၁၀ (တစ်တန် ကျပ်၁၂၉၂၁၄၀) နဲ့ ဈေးဆက်ရှိနေခဲ့ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းနက် တစ်ပိဿာ ကျပ် ၂၇၃၅ နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၇၅၅ ကျပ် (တစ်တန် ကျပ် ၁၆၈၇၁၃၀) နဲ့ ဈေးမြင့်တက်ခဲ့ကြောင်း သိရပါတယ်။ သိပ္ပံနှမ်းနက်နဲ့ နှမ်းနက်ကို မန္တလေးဝယ်လက်နဲ့ နှမ်းနီကို မြို့ခံဆီစက်လုပ်ငန်းရှင်များက ဝယ်ယူနေတာကြောင့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(သေး)ဈေး တက်ရိပ်ပြ

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း(လုံးသေး) ဈေးအနည်းငယ် တက်ရိပ်ပြခဲ့ပေမယ့် ပဲစင်းငုံနီက ဈေးကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၆၉၅ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာတစ်ပိဿာ ၆၆၀ကျပ် (တစ်တန် ကျပ် ၄၀၄၁၇၀ ) ဈေးရှိခဲ့ပြီး ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိနေပေမယ့် ရောင်းချမှုနည်းပါးနေတာကြောင့် အရောင်းအဝယ်နည်းပါးကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း(လုံးသေး)တစ်ပိဿာ ကျပ် ၁၄၈၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၅၄၀(တစ်တန်ကျပ် ၉၄၃၀၈၀) နဲ့ ဈေးကောင်းခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## ဘုရင့်နောင်ပဲဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီတို့ ဈေးပြန်လည်ကျဆင်း

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲFAQ(RC)၊ မတ်ပဲ SQ(RC) နဲ့ ပဲစင်းငုံနီတို့ဟာ ယခင်တစ်ပတ်က ဈေးထက်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ(RC) တစ်တန် ကျပ် ၅၆၁၀၀၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၅၅၄၀၀၀ အထိ၊ မတ်ပဲ SQ(RC) ကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၇၉၀၀၀၀ အထိရှိခဲ့ပြီး ယခုတစ်ပတ်မှာ တစ်တန် ကျပ် ၇၄၄၀၀၀ ထိ ဈေးပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း ယခင်တစ်ပတ်က တစ်တန် ကျပ် ၄၃၂၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၄၁၈၅၀၀ နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မတ်ပဲ FAQ(RC)တစ်တန်ကို ကျပ် ၇၀၀၀၊ မတ်ပဲ SQ(RC)တစ်တန်ကို ကျပ် ၄၆၀၀၀၊ ပဲစင်းငုံနီ တစ်တန်ကို ကျပ် ၁၃၅၀၀ စသည်ဖြင့် ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။

xxxxxxxxxxxxxxxx

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ ဈေးအနည်းငယ်ကျပြီး အစေ့ထုတ်ပြောင်း ကုန်ပစ္စည်းပြတ်လပ်နေ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲအနည်းငယ် ဈေးပြန်လည်ကျဆင်းခဲ့ပြီး အစေ့ထုတ်ပြောင်းကတော့ ကုန်လက်ကျန်မရှိတော့ဘူးလို့ သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ တစ်ပိဿာ ၁၀၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခု တစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၇၀ (တစ်တန်ကျပ် ၅၉၄၀၁၀) နဲ့ပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို ဒေသဝယ်ရောင်းကုန်သည်များက ဝယ်ယူခဲ့ပြီး အရောင်းအဝယ် ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က အစေ့ထုတ်ပြောင်း တစ်ပိဿာ ၆၀၀ ကျပ်အထိဈေးမြင့်ခဲ့ရာမှ ယခုတစ်ပတ်မှာတော့ ပစ္စည်းပြတ်လပ်မှုဖြစ်ပေါ်နေကြောင်း သိရပါတယ်။ ရန်ကုန်အစာစပ်လုပ်ငန်းဝယ်လက်တွေက အစေ့ထုတ်ပြောင်းကို ဝယ်ယူမှုလည်း မရှိတော့သလို ရောင်းချမှုလည်း မရှိတော့ကြောင်း သိရပါတယ်။

# တစ်ယောက်တည်း“ပဲ စားပွဲ”မှသည် အမျိုးသားအဆင့် ပဲစားပွဲတော်ဆီသို့

ဖိုးသာအောင်ဟာ အညာဒေသမှာမွေးပြီး ပဲစားသုံးကာ ကြီးပြင်းလာတဲ့ တောင်သူတစ်ဦးပါ။ ဩဂုတ်လဆန်းပိုင်းမှာ အဓိက ပဲစားသုံးတဲ့နိုင်ငံတစ်နိုင်ငံက ပဲစင်းငုံ တင်သွင်းမှုကို ကန့်သတ်ခဲ့ပါတယ်။ ဒါ့အပြင် ဩဂုတ်လစတုတ္ထပတ်မှာ မတ်ပဲတင်သွင်းမှုကိုပါ ထပ်မံကန့်သတ်လိုက်ပြန်ပါတယ်။ ကျွန်တော် ဖိုးသာအောင် စိတ်မချမ်းမသာနဲ့ နေပြည်တော်တက်ခဲ့ရတယ်။ ဩဂုတ်လ ၂၅ရက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးစီးဦးဆောင်ပြီး အစိုးရ၊ ပုဂ္ဂလိက၊ ထုတ်လုပ်သူ၊ ဖိုးသာအောင်တို့ တောင်သူတွေ၊ ပညာရှင်တွေနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ညီလာခံ ခန်းမမှာပြုလုပ်တဲ့ ညှိနှိုင်းဆွေးနွေးပွဲမှာ တောင်သူတစ်ဦးရဲ့ အမြင်နဲ့ဝင်ရောက် ဆွေးနွေးခွင့်ရခဲ့ပါတယ်။ အဲဒီပွဲမှာ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် အချက် ၁၀ ချက်ကို ဆွေးနွေးညှိနှိုင်းနိုင်ခဲ့တယ်ဆိုတာ သတင်းမီဒီယာတွေ၊ လူမှုကွန်ရက်တွေမှာ တွေ့ပြီးဖြစ်ကြမှာပါ။

အဲဒီထဲက တစ်ချက်ဖြစ်တဲ့ “အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုဆိုင်ရာ မူဝါဒပြောင်းလဲမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ထွက်ရှိသောပဲများ အိန္ဒိယနိုင်ငံသို့ တင်ပို့နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်အတွက် ပဲတင်ပို့မှုဆိုင်ရာပေါင်းစပ် ညှိနှိုင်းရေးကော်မတီအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် ဖွဲ့စည်းရန်”ဆိုတဲ့ အချက်တစ်ချက်ပါဝင်တာကို တွေ့ရပါတယ်။ အဲဒီဆုံးဖြတ်ချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရဲ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ စာအမှတ်၊ စက-၁၄/၂(၁)-၄၉/ ၂၀၁၇(၁) အရ ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ကို အစိုးရဝန်ထမ်းငါးဦး၊ ပညာရှင်သုတေသီသုံးဦး၊ ပုဂ္ဂလိကအသင်းအဖွဲ့မှ တာဝန်ရှိသူ သုံးဦး၊ ဖိုးသာအောင်တို့ တောင်သူကိုယ်စားလှယ်နှစ်ဦးအပါအဝင် မြန်မာနိုင်ငံ အထက်နဲ့အောက် ပေါင်း၁၃ ဦးတို့လည်း အဖွဲ့ထဲမှာပါဝင်ခဲ့ပါတယ်။

ဒီလိုနဲ့ ဩဂုတ်လ ၃၀ နဲ့ ၃၁ ရက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှာ ကျင်းပတဲ့ ဆွေးနွေးပွဲမှာ တို့တောင်သူတွေ ဘာဆက်လုပ်ကြမလဲပေါ့ ဆွေးနွေးကြ၊ တိုင်ပင်ကြနဲ့ အချက် ၂၇ ချက် ဖော်ထုတ်ရရှိခဲ့ပါတယ်။ တောင်သူကိုယ်စားလှယ်အဖြစ် အထူးလုပ်ငန်းအဖွဲ့ထဲပါပြန်တော့လည်း ဒီလုပ်ငန်းအဖွဲ့က ဘာဆက်လုပ်ကြမလဲလို့ဆွေးနွေးတဲ့ စက်တင်ဘာလ ၅ ရက်မှာ ရန်ကုန်မှာ ကျင်းပတဲ့ ဆွေးနွေးပွဲကို ဆက်တက်ရပြန်ရော။ အဲဒီမှာ လုပ်ငန်းစဉ် ၁၈ ရပ် ချမှတ်ခဲ့ပြန်တယ်။ ဒီလုပ်ငန်းစဉ်တွေထဲမှာ အရင်လုပ်ရမယ့် လတ်တလောလုပ်ရမယ့်လုပ်ငန်းတွေ ဆက်လုပ်ဖို့ရှိလေတော့ အညာမပြန်နိုင်၊ စက်တင်ဘာလ ၁၃ ရက်မှာ အိန္ဒိယသံအမတ်ကြီးနဲ့ ကျွန်တော်တို့ အထူးလုပ်ငန်းအဖွဲ့နဲ့တွေ့တဲ့ပွဲကို တစ်ဆက်တည်း တက်ခဲ့ရပြန်တယ်၊ ဒီမှာလည်း သဘောတူညီချက်လေးချက်ကို ညှိနှိုင်းဆွေးနွေးလို့ရပြန်တယ်။ ဒီအချက်တွေတော့ မီဒီယာတွေကို မပြောပါနဲ့လို့ သံအမတ်ကြီးက တောင်းဆိုတာကြောင့် ဘာတွေဆိုတာကို မဖော်ပြပါရစေနဲ့။

အကျေအလည် ညှိနှိုင်းပြီးရင်တော့ သိလာရမှာပါ။ ဒါနဲ့ပဲ သံရုံးထဲက ထွက်လာ၊ ပူအိုက်တဲ့ရန်ကုန်မြို့ရဲ့ တံ့ပြန်မှုကြောင့် ချွေးသုတ်ပုဝါလေးသုတ်ကာ လမ်းလျှောက်လာရင်း ချစ်တီးဆိုင်ဝင်၊ ပဲစားပွဲကို တစ်ယောက်တည်း ကျင်းပခဲ့ပါတယ်။ ပဲစင်းငုံဟင်းရည်၊ မနုတ်သနီဟင်းရည်၊ မတ်ပဲကျော်နဲ့ ပါပလာ၊ စားကောင်းကောင်းနဲ့ စားခဲ့တာ ဗိုက်အတော်တင်းတော့ အစည်းအဝေးသုံးခုက ချမှတ်ခဲ့တဲ့ ၅၅ ချက်ထဲမှာပါတဲ့ အထက်အောက် မြန်မာနိုင်ငံမှာ အမျိုးသားအဆင့် ပဲစားပွဲတော်များ၊ ပဲအဓိကစိုက်ပျိုးတဲ့တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခု (စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီ၊ ရန်ကုန်၊ ရှမ်းပြည်နယ်)တို့မှာ တိုင်း/ခရိုင်/မြို့နယ်အဆင့်/ တောင်သူသိအောင် ဈေးကွက်ရှိတဲ့ အစားထိုးသီးနှံစိုက်ပျိုးရေး၊ ပဲစင်းငုံ၊ မတ်ပဲကို ခွဲတမ်းစနစ်ထက်မကျော်စေဘဲ ညှိနှိုင်းစိုက်ပျိုးရေး၊ ပဲတီစိမ်းကို အီးယူ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်နိုင်ငံများသို့ တိုးချဲ့တင်ပို့နိုင်ဖို့အတွက် ခေတ်ကြွင်းမပါအောင် အရည်အသွေးမြင့်ထုတ်လုပ်ရေး၊ ညီလာခံများပြုလုပ်ရင်း ပဲစားပွဲတော်များကိုပါ အမျိုးသားရေးအမြင်ဖြင့် ပြုလုပ်ရေး၊ ပဲအဓိကစားသုံးတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရ၊ ပုဂ္ဂလိက၊ ပရဟိတ၊ ကူညီရေးဆိုင်ရာများကလည်း တန်ဖိုးရှိတဲ့ အာဟာရပြည့်ဝတဲ့ ပဲစင်းငုံ၊ မတ်ပဲတို့ကို အစားထိုးကျွေးရေးဆိုတဲ့ ရှေ့လုပ်ငန်းစဉ်ကို သတိရပြီး အခုလို အရသာရှိအောင် ဘယ်လိုချက်သလဲလို့ စားဖိုမှူးကိုမေးတော့ လူ ၁၀၀ စာကို အောက်ပါအတိုင်း အသုံးပြုပါတယ်တဲ့ဗျာ-

ပဲစင်းငုံ(အခွံချွတ်/ခွဲခြမ်းရရာ) နှစ်ပိဿာ နူးအောင်ပြုတ်ပါ။ ခရမ်းသီး ၁၀ လုံး၊ မုန်လာဥဖြူ နှစ်ပိဿာ၊ မုန်လာဥနီ တစ်ပိဿာ၊ ဒန့်သလွန်သီးအတောင့် ၂၀၊ ခရမ်းချဉ်သီး ငါးဆယ်ကျပ်သား၊ ငရုတ်သီးစိမ်း ၂၀ ကျပ်သား၊ ပျဉ်းတော်သိမ် ၂၀ကျပ်သား၊ နံနံပင် ၂၀ ကျပ်သား၊ မန်ကျည်းမှည့် ၂၀ ကျပ်သား၊ ကြက်သွန်နီ ငါးကျပ်သား၊ ချင်း ငါးကျပ်သား၊ ကြက်သွန်ဖြူ ငါးကျပ်သား၊ မဆလာ ငါးကျပ်သား၊ ဆီသန့်၊ ဆား၊ ရေသင့်တော်သလောက် (အဆီမပြန်ရန်ဂရုပြု)ထည့်ရတယ်တဲ့။ လတ်ဆတ်တဲ့ ပြည်တွင်းဖြစ်များနဲ့ အာဟာရရှိလှတဲ့ အသီးအနှံများကြောင့် ဒီပဲစင်းငုံမကောင်းဘဲ နေနိုင်ရိုးလား။

နှစ်စဉ် ပဲစင်းငုံသီးညှပ် ၈ ဒသမ ၃၆ ဧက စိုက်ခဲ့တာ ပြီးခဲ့တဲ့မိုးဦးက ဈေးမကောင်းလို့ လျှော်ဖြူပဲ ဦးစားပေးပြုစုခဲ့ပြီး ပဲစင်းငုံမထည့်ခဲ့တာ မှားလေရောသလားပေါ့။ ရွာရောက်မှ လက်ကျန်ရှိသူတွေဆီက နည်းနည်းမျှပြီး အထက်ပါအညွှန်းအတိုင်း “ရှင်မ”ကိုချက်ခိုင်းဦးမည်ဟု အတွေးနယ်ချဲ့ရင်း ပဲစားပွဲတော်များ အမြန်ဆင်နွှဲနိုင်ကြပါစေလို့ ဆန္ဒနဲ့ . . . . . ။

**ဖိုးသာအောင်**

## ထိုင်းအမျိုးသားသယ်ယူပို့ဆောင်ရေးကောင်စီက တစ်နှစ်ပတ်လုံးတင်ပို့မှု တိုးတက်နှုန်းအပေါ် လျော့နည်းခန့်မှန်း

ထိုင်းအစိုးရနှင့် အဖွဲ့အစည်းအသီးသီးတို့ အနေဖြင့် ထိုင်းနိုင်ငံ၏ ပို့ကုန်အပေါ် တိုးတက်မှု မြင့်မားစွာ ခန့်မှန်းနေကြသော်လည်း ထိုင်းနိုင်ငံ အမျိုးသား သယ်ယူပို့ဆောင်ရေးကောင်စီ (TNSC) အနေဖြင့်မူ မူလခန့်မှန်းထားသည့် ပို့ကုန် တိုးတက်မှုနှုန်းငါးရာခိုင်နှုန်းအတိုင်းသာ မပြောင်းလဲဘဲရှိနေမည်ဟု ခန့်မှန်းကြောင်း၊ နှစ်မကုန်ဆုံးမီ ပို့ကုန်ကို ထိခိုက်စေမည့် ယာယီအခက်အခဲများ ပေါ်ပေါက်လာနိုင်ကြောင်း ဖော်ပြထားပါသည်။

ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ကိုင်တွယ် ထိန်းချုပ်နိုင်ခြင်းမရှိသော ပြဿနာရပ်များနှင့် ရင်ဆိုင်နေရကြောင်း၊ အထူးသဖြင့် ဘတ်ငွေကြေးတန်ဖိုးတိုးမြင့်မှု ဖြစ်ကြောင်း၊ ငွေကြေးတိုးမြင့်မှုသည် ဆက်လက်ဖြစ်ပေါ်နေနိုင်ပြီး ပို့ကုန်ကိုထိခိုက်မှုရှိစေနိုင်ကြောင်း TNSC ဥက္ကဋ္ဌမစ္စဂန်ရာဖတ်က ပြောကြားခဲ့ပါသည်။ ဘတ်ငွေတန်ဖိုး တိုးမြှင့်မှုကြောင့် ထိုင်းနိုင်ငံအတွင်းသို့ ရင်းနှီးငွေ စီးဝင်မှုကောင်းမွန်နေသော်လည်း ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ထိခိုက်စေနိုင်ပြီး ပို့ကုန်အပေါ်၌လည်း ထိခိုက်မှုဖြစ်စေနိုင်ကြောင်း၊ ယခုနှစ်အတွက် ဘတ်ငွေတန်ဖိုး တိုးတက်မှုနှုန်းသည် ၇ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အာဆီယံဒေသများအတွင်း အင်အားအကောင်းဆုံး ဖြစ်ခဲ့ ကြောင်း၊ ဘတ်ငွေတန်ဖိုးတိုးတက်မှုကြောင့် ပို့ကုန်ကို ထိခိုက်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့သော်လည်း ထိုင်းကုန်စည် သယ်ဆောင်မှုများသည် လွန်ခဲ့သော လအနည်းငယ်အတွင်း တိုးတက်မှု ရှိခဲ့ပြီး ပို့ကုန်တိုးတက်မှုနှုန်းမှာလည်း ၁၀ ရာခိုင်နှုန်းကျော်လွန်ခဲ့ကြောင်း၊ သို့ဖြစ်၍ ၂၀၁၇ ခုနှစ် အတွက် ပို့ကုန်တိုးတက်မှုနှုန်းအား ငါးရာခိုင်နှုန်းမှ ခုနစ်ရာခိုင်နှုန်းသို့ပြင်ဆင်သတ်မှတ်ရန် အစိုးရသို့ တွန်းအားတစ်ရပ်ဖြစ်စေခဲ့ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး မစ္စအပိရာဒီကလည်း ၂၀၁၇ ခုနှစ်အတွက် ပို့ကုန်ခုနစ်ရာခိုင်နှုန်းတိုးမြင့်ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၅ ဘီလီယံ (ဘတ် ၇ ဒသမ ၆၆ ထရီလီယံ) ရရှိနိုင်မည်ဟု ခန့်မှန်းခဲ့ကြောင်း၊ ကူးသန်းရောင်းဝယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် စက်မှုလုပ်ငန်းပူးတွဲကော်မတီ (JSCCIB) မှလည်း ၂၀၁၇ ခုနှစ် ပို့ကုန်တိုးတက်မှုပြင်ဆင်သတ်မှတ်ခဲ့ခြင်းအပေါ် သဘောတူညီခဲ့ပြီး စီးပွားရေးတိုးတက်မှုနှုန်းသည်လည်း မူလက ၃ ဒသမ ၅ ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်းခန့်မှန်းထားရာမှ လေးရာခိုင်နှုန်း အထက်ရရှိမည်ဟု မျှော်လင့်နေကြကြောင်း၊ ဒုတိယသုံးလပတ်ကာလအတွင်း ဘတ်ငွေ တန်ဖိုးမြင့်တက်မှုကြောင့် ရင်းနှီးငွေစီးဝင်မှုများပြားခဲ့ကြောင်း၊ မစ္စဂန်ရာဖတ်အနေဖြင့်မူ ယခုနှစ် ပို့ကုန်တိုးတက်မှုနှုန်းကိုငါးရာခိုင်နှုန်းသာ မပြောင်းလဲဘဲ ခန့်မှန်းထားရှိကြောင်း ပြောကြားခဲ့ပါသည်။

အခြားဆက်စပ်ကိစ္စရပ်များအနေဖြင့် လောင်စာဆီဈေးနှုန်း ကျဆင်းလာမှုဖြစ်ကြောင်း၊ ယင်းကြောင့် ကုန်ပစ္စည်းဈေးနှုန်းများလည်း လိုက်ပါကျဆင်းပြီး ပို့ကုန်တန်ဖိုးကို မျှော်လင့်ထားသည်ထက် လျော့နည်းသွားစေနိုင်ကြောင်း၊ အစိုးရက ခန့်မှန်းထားသည့် ပို့ကုန်တိုးတက်မှုနှုန်းအသစ် ခုနစ်ရာခိုင်နှုန်းကို ပြည့်မီရန် ခက်ခဲစေနိုင်မည်ဖြစ်ကြောင်း၊ ၎င်းအပြင် ပြင်ပအကြောင်းအရာများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ် ကြောင်း၊ ပထဝီဝင်ဆိုင်ရာ ရုတ်တရက် ပြောင်းလဲမှုများကြောင့်လည်း ပို့ကုန်အပေါ် ထိခိုက်စေနိုင်ကြောင်း၊ ဥပမာအားဖြင့် ကိုရီးယားကျွန်းဆွယ်ကိစ္စသည် စီးပွားရေး အခြေအနေကို ပြောင်းလဲသွားစေနိုင်ကြောင်း မစ္စဂန်ရာဖတ်က ထပ်လောင်းပြောကြားခဲ့ပါသည်။

TNSC ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာဝီဆစ်က ပို့ကုန်လုပ်ငန်းရှင်များအတွက် ဘတ်ငွေတန်ဖိုး တိုးတက်မှုကြောင့် အခွန်ငွေ လျော့နည်းစေရုံသာမက လယ်သမားများအတွက် ဝင်ငွေကျဆင်းမှုကိုလည်း ဖြစ်စေနိုင်ကြောင်း၊ စရိတ်လျှော့ချရန်အတွက် လယ်ယာထွက်ကုန်များအပေါ် ဝယ်ယူမှုကျဆင်းသွားနိုင်ကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များအပေါ်မှ အခွန်ငွေရရှိမှုသည် နှစ်ရာခိုင်နှုန်းခန့် လျော့နည်းစေခဲ့ကြောင်း၊ ပြောင်းပြန်အကျိုးဆက်အနေဖြင့် ၎င်းတို့၏ ကုန်စည်သယ်ယူထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်နှင့် ဘဏ္ဍာရေးအခြေအနေကို လိုက်ပါပြောင်းလဲသွားစေနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

**သောင်းနိုင် (တာချီလိတ်)၊ Source : Bangkok Post**

## မန္တလေးတိုင်းဒေသကြီးအတွင်း မူဝါဒအကြံပြုဆိုင်ရာ အခြေပြုစီမံကိန်းလုပ်ငန်းများ ရေးဆွဲခြင်းနှင့်ပတ်သက်၍ Feasible Study / Scoping Study မှ သင်တန်းသားများ ကွင်းဆင်းလေ့လာ၍ အချက်အလက်များ ကောက်ယူ

ဖွံ့ဖြိုးရေးပညာရောင်ခြည်အဖွဲ့မှ မန္တလေးတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ ဖြစ်ရပ်လေ့လာချက်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်ပြီး လုပ်ဆောင်ခဲ့ပါသည်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ အသေးစား၊ အလတ်စား လုပ်ငန်းများအား တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကဏ္ဍများဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် မူဝါဒဆိုင်ရာအကြံပြုချက်များ ရေးဆွဲခြင်းတို့ကို တိုင်းဒေသကြီး အစိုးရမှဖွဲ့စည်းထားသော မူဝါဒရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် တိုင်းဒေသကြီးမူဝါဒ(မူကြမ်း)များ ထွက်ပေါ်ခဲ့ပြီဖြစ်ကြောင်းသိရပါသည်။

မူဝါဒအကြံပြုဆိုင်ရာ အခြေပြုစီမံကိန်းလုပ်ငန်းများ ရေးဆွဲခြင်းနှင့်ပတ်သက်၍ Feasible Study /Scoping Study သင်တန်းကို ဩဂုတ်လ ၁၅ ရက်မှ ၁၇ ရက်အထိ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများမှ သင်တန်းသား ၃၀ ဦးဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ သင်တန်းခန်းမတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရပါသည်။

မူဝါဒ(မူကြမ်း) အခြေပြုလုပ်ငန်းစဉ် တစ်ခုဖြစ်သော အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး (Food Safety) နှင့်ပတ်သက်သည့် လက်တွေ့ကွင်းဆင်းလေ့ကျင့်ခြင်းကို ကွင်းဆင်းအချက်အလက်ကောက်ခံရာတွင် အတွေ့အကြုံရှိသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန၊ ကျန်းမာရေးဌာန)၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး)၊ စားသုံးသူရေးရာဦးစီးဌာန၊ အသေးစားနှင့် အလတ်စား စီပွားရေးလုပ်ငန်းများဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ သင်တန်းသားများက စက်တင်ဘာလ ၄ ရက်မှ ၈ ရက်အထိ၊ မန္တလေး၊ မတ္တရာ၊ တောင်ပြုံး၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပြင်ဦးလွင်မြို့များသို့ အဖွဲ့သုံးဖွဲ့ခွဲကာ ကြက်ခြံ၊ ကြက်ပွဲရုံ၊ ကြက်သားရောင်းချသူများ၊ ငါးပိပွဲရုံ၊ ဆီစက်၊ ဆီကုန်သည်၊ သီးနှံစိုက်ပျိုးသူ တောင်သူများ၊ မျိုးစေ့ ထုတ်လုပ်ရောင်းချသူများ၊

*စာမျက်နှာ - ၂၀ သို့*

Vol: 17, No.36 Monday September 18 2017

## စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါး တန် ၁၂၀ တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၂ရက်မှ ၈ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၅ သန်းတန်ဖိုးရှိ ရေချိုငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးသားလောက်တို့ကို တန်၁၂၀ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခုတစ်ပတ်မှာ ရေချိုငါးမြစ်ချင်း တန် ၁၀၀ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုလိုရေထွက်ကုန်များ ပိုမိုရခြင်းဖြစ်တယ်လို့ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ရေချိုငါးများအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၇ သန်းတန်ဖိုးရှိဧည့်မထ ၂၅ မှတ်ဆန်၊ ဆီးသီးခြောက်၊ ချင်းအစိုမန်ကျည်းစေ့၊ ဆီးဖတ်၊ ဆီးယိုထုပ်တို့ကို ၂၀၈၃ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ပြည်တွင်းသို့ ဆိုင်ကယ်တင်သွင်းမှု ဆက်လက်ကျဆင်း

ပြည်တွင်းသို့ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၂ရက်မှ ၈ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၉၆ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၇၉၃၃ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၅၅၅စီး တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၂၂စီး လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်များတင်သွင်းမှု လျော့နည်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၇၇သန်းတန်ဖိုးရှိ ဆိုင်ကယ် ၆၉၉၈စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၉သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၆၅ စီးနှင့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၇၀ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## အိန္ဒိယသို့ ကွမ်းသီးတင်ပို့မှု ကျဆင်း

မြန်မာ-အိန္ဒိယနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၂ရက်မှ ၈ရက်ထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ သုည ဒသမ ၅၁၆ သန်းတန်ဖိုးရှိ ကွမ်းသီး ၆၁၆တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၁၉၂တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၇၆တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးနယ်စပ်ရော ရိဒ်နယ်စပ်မှပါ ကွမ်းသီးများ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ယခုလိုလျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၃သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၂၃၀နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၁၃သန်းတန်ဖိုးရှိ ကွမ်းသီး ၃၈၆တန်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၃၂၄သန်းတန်ဖိုးရှိ နမ့်ဖာလုံကုန်စုံ၊ ငရုတ်ကောင်း၊ စီးကရက်၊ ကုလားပဲတို့ကို ၄၂တန်နဲ့ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၆ သန်း တန်ဖိုးရှိ ဆေးရိုး၊ ဆေးကြေမှုန့်၊ မုန့်မျိုးစုံ၊ ပလတ်စတစ်အိတ်၊ ဆပ်ပြာမှုန့်၊ အချိုရည်၊ ငါးသေတ္တာ၊ မဝတ်တီရှပ်၊ မစီးဖိနပ် တို့ကို ၂၇၁တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်တင်ပို့မှုလျော့ကျ

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၇၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၅၅၂၃ တန်ကို တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က တန် ၆၂၉၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၇၆၇ တန် လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ယခုလို လျော့နည်းရခြင်းဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၃၈ သန်းတန်ဖိုးရှိငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၂၇၉တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ဒသမ၇၂၀သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ်ငါးရှဉ့်၊ ဆီအုန်းကြိတ်ဖတ်ကုန်ကြမ်းတို့ကို တန် ၃၃၉၀၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ရေခန်ပုစွန်၊ ကင်းမွန် (လိပ်)၊ သဲကဏန်း၊ ကဏန်းသေးအသေတို့ကို ၁၈၅၄ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့စက်တင်ဘာ ၂ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၆၇၂ တန်ဖိုးရှိ လက်ဖက်ခြောက် ၃၁တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ တင်ပို့မှုမရှိဘဲ ချင်းရွှေဟော်မှ ၁၀ တန် တင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၉၁၅၈ တန်ဖိုးရှိ လက်ဖက်ခြောက် ၂၃တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၅တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၆၂ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံမှ လက်ဖက်ကို အမေရိကန်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများသို့ စမ်းသပ်တင်ပို့ရာ ဈေးကွက်အောင်မြင်မှုရရှိပြီး ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းလောက်က အမေရိကန်သို့ လက်ဖက်အစိုကိုလည်းကောင်း၊ ဂျာမနီနိုင်ငံသို့ လက်ဖက်ခြောက် နှစ်တန်ကိုလည်းကောင်း စမ်းသပ်တင်ပို့ခဲ့ကြောင်း၊ မြန်မာ့လက်ဖက်၏ အားသာချက်မှာ အော်ဂဲနစ်ပစ္စည်းဖြစ်တာကြောင့် အနောက်နိုင်ငံများက ကြိုက်နှစ်သက်ကြောင်း မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရပါတယ်။

**မော်မော်အောင်**

## တရားမဝင်သယ်ဆောင်လာတဲ့ ကျောက်စိမ်းတုံးများ ကန်ပိုက်တီကုန်သွယ်ရေးစခန်း OSS အဖွဲ့မှ တွေ့ရှိ

မြစ်ကြီးနားမှ ထွက်ခွာလာသည့် IPSUM (အဖြူရောင်) ယာဉ်အမှတ် 9F****ကို ကန်ပိုက်တီကုန်သွယ်ရေးစခန်းတွင် OSS အဖွဲ့မှ သတင်းအရရှာဖွေစစ်ဆေးခဲ့ရာ တိတ်အဝါရောင်ဖြင့် ပတ်ထားသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံး အကြီးအသေးရောရာ ၂၇ တုံးအား စက်တင်ဘာ ၉ ရက် ဝ၉း၀၀နာရီခန့်တွင် ဖမ်းဆီးရမိခဲ့ပါသည်။

အဆိုပါ ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးများအား မြစ်ကြီးနားမြို့ အကောက်ခွန်ဦးစီးဌာနတွင် တိတ်အဝါရောင်များအားခွာ၍ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရေအတွက်မှာ ၃၅တုံးဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ကျောက်တုံး ၃၅တုံး၏ အလေးချိန်မှာ ၁၄၆ ကီလိုဂရမ်ဖြစ်ပြီး ခန့်မှန်းတန်ဖိုး ကျပ် ၁၀၂၂၀၀ ခန့်ရှိကြောင်း၊ မော်တော်ယာဉ်၏ ခန့်မှန်းတန်ဖိုးမှာ ကျပ်သိန်း ၂၀ခန့်ရှိကြောင်း သိရပါသည်။

ပစ္စည်းသယ်ဆောင်လာသူ ယာဉ်မောင်း ပြည့်ဖြိုးအား ဝိုင်းမော်ရဲစခန်းတွင် အမှုအမှတ်(ပ-၇/ ၂၀၁၇) ကျောက်မျက် ဥပဒေပုဒ်မ(၃၉)ဖြင့် အမှုဖွင့်လှစ် အရေးယူ ဆောင်ရွက်ပြီးဖြစ်ကြောင်း ကန်ပိုက်တီစခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

## မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါလျော့နည်းတင်ပို့

မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၃၄ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၉၃၇ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၂၇၄ တန်နဲ့ နှိုင်းယှဉ်ပါက ၃၃၇ တန်လျော့နည်းတင်ပို့ခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန် ဒေါ်လာ သုည ဒသမ ၄၅၅ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ပုစွန်နဲ့ငါးကြင်းစီဖောင်း တင်ပို့မှုပိုမိုသော်လည်း ငါးမျိုးစုံ၊ ကဏန်း၊ ငါးရှဉ့်နဲ့ အခြားရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့တာကြောင့် တန်ချိန်ရော တန်ဖိုးပါလျော့နည်းရခြင်းဖြစ်ပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

စက်တင်ဘာ ၂ ရက်မှ ၈ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၈ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ်ခုနစ်မျိုး၊ တန်ချိန်အားဖြင့် ၃၂၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၄၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၁၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

တင်ပို့ခဲ့တဲ့ ပရဆေးအမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ နနွင်းတက်၊ ဆီးဆန်၊ မာလာဥ၊ မာလာဥခေါင်းနဲ့ ဒရင်ကောက်မြစ်တို့ ဖြစ်ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိတဲ့ မာလာဥ တင်ပို့ခဲ့ပေမယ့် ကျန်အမယ်များ တင်ပို့မှုလျော့နည်းခဲ့တဲ့အတွက် ပရဆေး တင်ပို့မှု လျော့နည်းရခြင်းဖြစ်ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၇၇၁၂၅၀ တန်ဖိုးရှိ တောချင်း တန် ၂၅၀၀ တင်ပို့ခဲ့တာတွေ့ရပါတယ်။

မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနဲ့ ရိဒ်ကုန်သွယ်ရေးစခန်းနှစ်ခုမှလည်း အမေရိကန်ဒေါ်လာ ၂၄၂၉၈တန်ဖိုးရှိ တောင်လုံးကျော် တစ်တန်ခွဲကို မြန်မာနိုင်ငံသို့တင်သွင်းခဲ့ရာ တမူးမှတန်ဝက်နီးပါးနဲ့ ရိဒ်မှ တစ်တန်ကျော် ဖြစ်ပါတယ်။

**မော်မော်အောင်**

# ပုသိမ်မြို့ ပုသိမ်ဟိုတယ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီ ကုန်သည်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများတွေ့ဆုံ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် စက်တင်ဘာ ၁၃ ရက်က ပုသိမ်မြို့ ပုသိမ်ဟိုတယ်တွင် ဧရာဝတီကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI)၊ ခရိုင်ကုန်သည်စက်မှုအသင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တွေ့ဆုံခဲ့ပါသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် တိုင်းအတွင်း စီးပွားရေးဆိုင်ရာကိစ္စရပ်များအား ကုန်သည်စက်မှုအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအခက်အခဲနှင့် လိုအပ်ချက်များကို ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းကလည်းကောင်း၊ ဆန်စက်ဆိုင်ရာကိစ္စရပ်များကို တိုင်းဆန်စက်လုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးစိုးဝင်းက လည်းကောင်း၊ မအူပင်ခရိုင် ကုန်သည်စက်မှုအသင်း ဥက္ကဋ္ဌ ဦးဝင်းလှိုင်က လုပ်ငန်းအခက်အခဲနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ ပီလောပီနံအသင်း ဥက္ကဋ္ဌ ဦးကျော်သူရနှင့် ရော်ဘာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရာဇော်လင်းတို့အပြင် အသင်းအဖွဲ့ စီးပွားရေးလုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးမှုများကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး(ပုသိမ်)**

## ကျန်းမာရေးအကျိုးပြု ဆေးဖက်ဝင်အစားအစာ အာရှကုန်စည်ပြပွဲနှင့် ဇီဝထွက်ကုန်အခြေခံ လက်လီဈေးကွက် လေ့လာရေးသို့ မြန်မာလုပ်ငန်းရှင်များ သွားရောက်လေ့လာ

စင်ကာပူနိုင်ငံ Sands Expo and Convention Centre, Marina Bay, ခန်းမ D နှင့် E ၌ ၂၀၁၇ခုနှစ်၊ စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် ကျန်းမာရေးအကျိုးပြု ဆေးဖက်ဝင်အစားအစာ အာရှကုန်စည်ပြပွဲနှင့် ဇီဝထွက်ကုန် အခြေခံ လက်လီဈေးကွက်လေ့လာရေးသို့ HELVETAS-Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ သနပ်ခါးလုပ်ငန်းရှင်များ၊ စလေဇီးဖျော်ရည်လုပ်ငန်းရှင်နှင့် ဒေသတွင်း ဇီဝထွက်ကုန် ကုန်သွယ်မှုစီမံကိန်းဝန်ထမ်းများ အပါအဝင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်ခြောက်ဦး သွားရောက်လေ့လာခဲ့ကြပါသည်။

အဆိုပါ ကုန်စည်ပြပွဲသို့ အမေရိကန်၊ တရုတ်၊ အိန္ဒိယနှင့် ဥရောပနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်မှ အာဟာရဖြည့်စွက်စာ၊ သဘာဝဆေးဝါး၊ semi product ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ပြုပြင်ထုပ်ပိုးသည့်ဝန်ဆောင်မှု ကုမ္ပဏီများအပါအဝင် စုစုပေါင်း ကုမ္ပဏီသုံးရာကျော်တို့က Branded Finished Products ၊Ingredients and Raw Materials၊ Services & Equipment နှင့် Contract Manufacturing & Private Label ဟူ၍ အုပ်စုလေးခုဖြင့် ပါဝင်ပြသခဲ့ပါသည်။ ကုန်စည်ပြပွဲသို့ ဒေသရင်းမြစ် ဇီဝထွက်ကုန် ကုန်သွယ်မှုစီမံကိန်း အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီလုပ်ငန်းရှင် ကိုယ်စားလှယ် စုစုပေါင်း ၂၁ ဦးတို့ တက်ရောက်လေ့လာရေးခဲ့ကြပါသည်။

ပို့ကုန်ဈေးကွက်ဝင်နိုင်သည့် ဒေသမျိုးရင်း ဇီဝအခြေခံထွက်ကုန်များအား နိုင်ငံတကာဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဇီဝကုန်သွယ်မှုဆိုင်ရာ ကျင့်ဝတ်ကောင်းများနှင့်အညီ ရေရှည်ကောင်းမွန်တည်တံ့စွာ တင်ပို့ရောင်းချနိုင်ရေးနှင့် အလုပ်အကိုင်နှင့် ဝင်ငွေမြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးကာ အဖိုးတန်ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် ရည်ရွယ်၍ ကုန်စည်ပြပွဲနှင့် ဇီဝထွက်ကုန်အခြေခံ လက်လီဈေးကွက်သို့ လေ့လာရေးသွားရောက်ခဲ့ခြင်းဖြစ်ပါသည်။

ကိုယ်စားလှယ်များအနေဖြင့် ကုန်စည်ပြပွဲလေ့လာခြင်းနှင့် ဇီဝထွက်ကုန် အခြေခံလက်လီဈေးကွက်လေ့လာရေး လိုက်ပါ ဆောင်ရွက်ခြင်းနှင့်အတူ လက်လီဈေးကွက်အခြေအနေများနှင့် နိုင်ငံတကာဈေးကွက် လိုအပ်ချက်စံချိန်စံညွှန်းများအပေါ် ပြန်လည်သုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။ သင်တန်းအစီအစဉ်တွင် ရွေးချယ်ထားသည့် ထုတ်ကုန်များထုတ်လုပ်ရာတွင် ဇီဝထွက်ကုန်အခြေခံစည်းမျဉ်း(၇)ရပ်နှင့်အညီ လိုက်နာဆောင်ရွက်တတ်စေရန်လေ့ကျင့်ပေးခြင်း၊ ဈေးကွက်သတင်းအချက် အလက်ရယူပုံနည်းလမ်းများ ပို့ချပေးခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဈေးကွက်ရှာဖွေခြင်း မဟာဗျူဟာ ရေးဆွဲတတ်စေရန် နိုင်ငံအလိုက်နှင့် ကုမ္ပဏီအုပ်စုအလိုက် လက်တွေ့ပါဝင်ရေးဆွဲခြင်းတို့ကို စီမံကိန်းမှ Deputy Regional Project Manager Mr. Tuan Le Ah, နှင့် Consultant @ ProFound-Advisers in Development မှ Mr. Robbie Hogervorst တို့က ဦးဆောင်ပို့ချပေးခဲ့ပါသည်။

**မြတ်မြတ်စိုးမိုး**(Myantrade)

## ယွမ်ငွေကြေးတန်ဖိုးမြင့်တက်လာမှု၏ အကျိုးဆက်များကြောင့် တရုတ်နိုင်ငံ၏ကုန်သွယ်ပိုလျှံမှုကို ကျဆင်းစေသည်ဟု စီးပွားရေးရာ လေ့လာစောင့်ကြည့်သူများက ရှုမြင်သုံးသပ်

၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်ပမာဏ မမျှော်လင့်ဘဲ ကျဆင်းခဲ့ရခြင်းသည် ယွမ်ငွေကြေးမြင့်တက်လာရခြင်း၏ အကျိုးဆက်များကြောင့်ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ဆိုပါသည်။

စက်တင်ဘာ ၈ ရက်တွင် ထုတ်ပြန်ခဲ့သော အကောက်ခွန်စာရင်းများအရ ယွမ်ငွေကြေးတန်ဖိုးဖြင့် သွင်းကုန်ပမာဏသည် နှစ်စဉ်ဩဂုတ်လတွင် ၁၄ ရာခိုင်နှုန်းထိ မြင့်တက်လာချိန်တွင် ပို့ကုန်ပမာဏသည် ၆ ဒသမ ၉ ရာခိုင်နှုန်းထိသာ တိုးတက်ခဲ့ခြင်းဖြစ်ပါသည်။

ယခင်က ကုန်သွယ်ပိုလျှံမှုသည် လစဉ် ယွမ် ၂၈၆ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံ) ရှိခဲ့ရာမှ ယခင်နှစ်ထက် ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်ရေးရုံး၏ အချက်အလက်များအရ သိရှိရပါသည်။

နိုင်ငံခြားကုန်သွယ်မှုတန်ဖိုး စုစုပေါင်းပမာဏသည် ဩဂုတ်လတွင် ယွမ် ၂ ဒသမ ၄၁ ထရီလီယံထိရှိခဲ့ပြီး ၂၀၁၆ ခုနှစ်ကထက် ၁၀ ရာခိုင် နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။

ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက (ဧပြီလမှ ဩဂုတ်လအထိ) ရှစ်လတာကာလအတွင်း သွင်းကုန်ပမာဏ ၂၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာချိန်တွင် ပို့ကုန်ပမာဏ ၁၃ ရာခိုင်နှုန်းထိသာမြင့်တက်လာခြင်းကြောင့် ကုန်သွယ်ပိုလျှံမှု ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လမှစ၍ ရက်သတ္တပတ် အနည်းငယ်အထိ ယွမ်ငွေကြေး မြင့်တက်လာမှုကြောင့် နိုင်ငံ၏ ကုန်သွယ်မှုနှုန်း ကျဆင်းလာရခြင်းဖြစ်သည်ဟု နိုင်ငံတကာ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းမှ သုတေသနပညာရှင် Bai Ming က ဆိုပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးကဏ္ဍ တဖြည်းဖြည်း ကျယ်ပြန့်လာမှု၊ ဒေါ်လာတန်ဖိုး ကျဆင်းလာမှုများကြောင့် ယွမ်ငွေကြေးသည် ယခုနှစ်တွင် မြင့်တက်လျက်ရှိပါသည်။

စက်တင်ဘာ ၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၅၀၃၂ ယွမ်နှုန်းရှိခဲ့ပြီး ၂၀၁၆ ခုနှစ်၊ မေလမှစ၍ ငွေလဲနှုန်းများနှင့် နှိုင်းယှဉ်လျှင် ယွမ်ငွေကြေး အမြင့်ဆုံးကာလဖြစ်သည်ဟု China Foreign Exchange Trade System ၏ အချက်အလက်များအရ သိရပါသည်။

နိုင်ငံတကာ ယှဉ်ပြိုင်မှုများနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပြောင်းလဲချက်များကြောင့်လည်း ပို့ကုန်ပမာဏကို လျော့ကျစေနိုင်သည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုပါသည်။

နိုင်ငံခြား ကုမ္ပဏီများသည် တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံကြသောကြောင့် ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ပိုမိုတိုးတက်စေပြီး ပို့ကုန်ပမာဏလျော့ကျစေမှုနှင့် ကုန်သွယ်မှုပမာဏ ကျဆင်းလာစေခြင်းဖြစ်သည်ဟု Bai Ming ကဆိုသည်။

သတင်းအချက်အလက်များအရ ပထမခုနစ်လတာကာလအတွင်း တရုတ်နိုင်ငံ၏ဝန်ဆောင်မှုလုပ်ငန်း ကုန်သွယ်မှုပမာဏလိုငွေသည် ယွမ် ၁ ဒသမ ၀၄ ထရီလီယံအထိ ရှိခဲ့ပါသည်။

ယွမ်ငွေကြေး မြင့်တက်လာခြင်းသည် ပြည်ပကုန်သွယ်မှုနှုန်းကို မျှခြေအဖြစ် တည်ငြိမ်လာစေသည်ဟု Bai Ming က ဆိုပါသည်။ လတ်တလော ရင်မင်ဘီ(ယွမ်ငွေကြေး)တန်ဖိုးမြင့်တက်လာခြင်းသည် ပို့ကုန်ပမာဏကို လျော့ကျသွားစေတာမဟုတ်ဟု Liu Liu ကဆိုပါသည်။အခြားငွေကြေးများနှင့် နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာတန်ဖိုး လျော့ကျလာသော်လည်း ရင်မင်ဘီတန်ဖိုးက အခြားငွေကြေးများထက် သိသိ သာသာမြင့်တက်မလာကြောင်း၊ ၎င်းသည်ပို့ကုန်ပမာဏကိုလည်း အများကြီး လျော့နည်းလာစေမှာ မဟုတ်ကြောင်းနှင့် ယွမ်ငွေကြေးသည် အခြားငွေကြေးများနှင့် နှိုင်းယှဉ်လျှင် အားနည်းနေဆဲပင်ဖြစ်ကြောင်း Liu Liu က ဆိုပါသည်။

ယွမ်ငွေကြေးတန်ဖိုး မြင့်တက်လာမှုသည် တရုတ်-အမေရိကန် ကုန်သွယ်မှုကို ပြန်လည်ညီမျှလာစေမည်ဖြစ်ကြောင်း Liu Liu က ထပ်မံပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လထိ ပထမရှစ်လတာကာလအတွင်း တရုတ်-အမေရိကန် ကုန်သွယ်မှုပမာဏသည် ၁၉ ရာခိုင်နှုန်း၊ တရုတ်-အာဆီယံ ကုန်သွယ်မှုပမာဏ သည် ၁၉ ဒသမ ၉ ရာခိုင်နှုန်းနှင့် တရုတ်-ဂျပန် ကုန်သွယ်မှုပမာဏသည် ၁၅ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်မှုစုစုပေါင်းတန်ဖိုးသည် ယွမ် ၁၇ ဒသမ ၈၃ ထရီလီယံရှိခဲ့ပြီး ယခင်နှစ်များထက် ၁၇ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်သည့် အီးယူနှင့် ကုန်သွယ်မှုပမာဏသည် ယခင်နှစ်ထက် ၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး တန်ဖိုးအားဖြင့် ယွမ် ၂ ဒသမ ၇၁ ထရီလီယံထိ ရှိခဲ့ ပါသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်ပမာဏ အညွှန်းကိန်းသည် ဩဂုတ်လတွင် ၄၁ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး လစဉ်ပို့ကုန်တင်ပို့မှုနှုန်းသည် တည်ငြိမ်မည့် အလားအလာတွင်သာ ရှိနေမည်ဖြစ်သည်။

အနာဂတ် အကျိုးမျှော်သုံးသပ်ရမည်ဆိုပါက စီးပွားရေးကဏ္ဍတွင် ပြည်ပဝယ်လိုအား မြင့်တက်လာနိုင်သော်လည်း ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတွင် တည်ငြိမ်သော အနေအထား၌ ရပ်တည်နိုင်ရန် မရေရာမှုများ ရှိနေကြောင်း Liu Liu က သုံးသပ်ပြောကြားခဲ့ပါသည်။

**အောင်ကိုကို**
**မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်**
**Source : xinhua**

### အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြုချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကို ပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည် မဟုတ်ပါ။




# ကမ္ဘာလုံးဆိုင်ရာ တရုတ်ကုန်သည်ကြီးများ ညီလာခံမှသည် မြန်မာနိုင်ငံစီးပွားရေး ပိုမိုတိုးတက်လာစေရန် ဦးတည်

|မယ်သီတာ|

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်ကတည်းက ဆွေမျိုးမိတ်ဆွေရင်းချာများသဖွယ် နေထိုင်လာခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ မြန်မာလူမျိုးတို့နဲ့ တရုတ်လူမျိုးတို့ရဲ့ ရင်းနှီးပတ်သက်မှုဟာ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းရှည်လျားသလို တစ်နံတစ်လျားရှည်လျားလှပါတယ်။

တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုချင်းနီးစပ်သလို ကိုးကွယ်ရာဘာသာချင်းလည်း နီးစပ်လှပါတယ်။ ကမ္ဘာပေါ်မှာ လူဦးရေ အများဆုံးရှိတဲ့ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံက ထွက်ရှိသမျှ လယ်ယာထွက်ကုန်၊ သစ်သီးဝလံမျိုးစုံနဲ့ စက်မှုကုန်ကြမ်းတွေကို အဓိကအားထားနေရသလို မြန်မာနိုင်ငံအနေနဲ့လည်း မိမိနိုင်ငံမှာ မရရှိနိုင်တဲ့ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းမျိုးစုံနဲ့ အဝတ်အထည်တွေကို တရုတ်နိုင်ငံက အများအပြားတင်သွင်းပြီး အသုံးပြုနေကြရတာ ဖြစ်ပါတယ်။

အခုအခါမှာ မြန်မာနိုင်ငံမှာ တရုတ်နိုင်ငံဟာ အများဆုံးရင်းနှီးမြှုပ်နှံတဲ့ လူမျိုးတစ်မျိုးဖြစ်သလို မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုကဏ္ဍမှာလည်း ထိပ်ဆုံးမှာရှိနေတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ အာဆီယံဒေသတွင်း နိုင်ငံများနဲ့ ကုန်သွယ်ရာမှာလည်း အများဆုံးဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်အတွင်း အာဆီယံနိုင်ငံများနဲ့ ကုန်သွယ်ရာမှာ ၃၄၅ ဒသမ ၄၄၃ ဘီလီယံရှိခဲ့ပြီး ၂၀၁၁ ခုနှစ်က ကုန်သွယ်မှုနဲ့နှိုင်းယှဉ်ပါက ၁၅ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

ဒ့ါပြင် တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ ကုန်သွယ်မှုကို ကြည့်မယ်ဆိုရင် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၆ ဘီလီယံဖိုး ကုန်သွယ်မှုပြုနိုင်ခဲ့ပြီး ယင်းပမာဏအနက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၅ ဘီလီယံဟာ နယ်စပ်ဒေသများမှ ကုန်သွယ်မှုပြုခဲ့တာဖြစ်ပါတယ်။

တရုတ်လူမျိုးတွေဟာ ရှေးခေတ်ကာလကတည်းက အကြောင်းအမျိုးမျိုးကြောင့် ကိုယ့်ရဲ့မွေးရပ်ဇာတိကိုစွန့်ခွာပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ အခြေချနေထိုင်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီလိုရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ရာမှာ မိမိနေထိုင်ရာ ဒေသမှာရှိတဲ့ ဒေသခံတွေနဲ့ သင့်မြတ်အောင်နေထိုင်ပြီး အသက်မွေးဝမ်းကျောင်းတွေ ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီလို အသေးစားလုပ်ငန်းလေးတွေ လုပ်ကိုင်ခဲ့ရာကနေ အခုဆိုရင် အကြီးစားစက်မှုလုပ်ငန်းတွေလုပ်ကိုင်တဲ့အထိ ရောက်ရှိနေပြီး ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပါဝင်ပတ်သက်နေပြီဆိုတာ ဘယ်လိုမှငြင်းဆိုလို့မရတဲ့ အချက်တစ်ချက်ဖြစ်နေပါပြီ။

ဒါကြောင့် အောင်မြင်မှုရရှိနေတဲ့ လုပ်ငန်းရှင်တွေရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ ဘဝအတွေ့အကြုံတွေကို ကမ္ဘာအနှံ့အပြားမှာရှိတဲ့ ကုန်သည်တွေအားလုံးကို မျှဝေခံစားနိုင်ဖို့၊ နှီးနှောဖလှယ်နိုင်ဖို့အတွက် လိုအပ်တယ်လို့ စင်ကာပူနိုင်ငံမှာရှိတဲ့ တရုတ်ကုန်သည်များက ယူဆခဲ့ကြပါတယ်။ ဒါကြောင့် စင်ကာပူနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်း၊ ထိုင်းနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်းနဲ့ ဟောင်ကောင်တရုတ်ကုန်သည်ကြီးများအသင်းတို့က ဦးဆောင်ဦးရွက်ပြုကာ ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံကို ကျင်းပဖို့အတွက် ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။

ဒါကြောင့် ၁၉၉၁ ခုနှစ် ဇွန်လမှာ စင်ကာပူနိုင်ငံမှာ ပထမဦးဆုံးအကြိမ် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ အဲဒီညီလာခံကို နိုင်ငံပေါင်း ၃၀ ကျော်မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၆၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။

ဒ့ါအပြင် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံကို နှစ်နှစ်တစ်ကြိမ်ကျင်းပရန် သဘောတူညီခဲ့ကြပြီး ယင်းကဲ့သို့ကျင်းပနိုင်ရန် အမြဲတမ်းဦးစီးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီလိုဖွဲ့စည်းပြီးနောက် ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံကို ကျင်းပခဲ့တာဟာ ယခုနှစ်ဆိုလျှင် ၁၄ ကြိမ်မြောက်ရှိပြီ ဖြစ်ပါတယ်။

(၁၄)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ တရုတ်ကုန်သည်ကြီးများညီလာခံ (The 14th World Chinese Entrepreneurs Convention) ကို မြန်မာနိုင်ငံ ရန်ကုန်မြို့ မင်းဓမ္မလမ်းမှာရှိတဲ့ မြန်မာကွန်ဗင်းရှင်းစင်တာမှာ စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့ပါတယ်။

အဲဒီညီလာခံကို ရည်ရွယ်ချက်လေးရပ်နဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်တွေကတော့ ကမ္ဘာ့ဒေသအသီးသီးမှ အောင်မြင်ကျော်ကြားတဲ့ တရုတ်လုပ်ငန်းရှင်များနဲ့ မိမိနိုင်ငံတွင်းမှ ကုန်သည်လုပ်ငန်းရှင်များ ပါဝင်ချိတ်ဆက်အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရေး၊ မိမိနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးတံခါးဖွင့် စီးပွားရေးမဟာဗျူဟာလက်တွေ့အကောင်အထည်ဖော်မှုကို နိုင်ငံခြားကုန်သည်လုပ်ငန်းရှင်များ မျက်ဝါးထင်ထင် လေ့လာသိရှိနိုင်ရေး၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေပြီး နိုင်ငံတော်၏လူမှုစီးပွားကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားဖြစ်စေနိုင်ရေး၊ မြန်မာနိုင်ငံရဲ့ဂုဏ်ရောင်ကို ကမ္ဘာ့အလယ်မှာကြီးကျယ်ခမ်းနားအောင်မြင်စွာ ရပ်တည်နိုင်ရေးတို့ပင်ဖြစ်ပါတယ်။

"မြန်မာနိုင်ငံမှာ အခုလို ကမ္ဘာ့တရုတ်ကုန်သည်ကြီးများညီလာခံကို ကျင်းပနိုင်ခဲ့တဲ့အတွက် မြန်မာနိုင်ငံသာမကပါဘူး။ ဒီဖိုရမ်ကို တက်ရောက်လာကြတဲ့ ကမ္ဘာအရပ်ရပ်က လုပ်ငန်းရှင်ပေါင်းနှစ်ထောင်ကျော်အတွက်လည်း စီးပွားရေးအခွင့်အလမ်းတွေ အများအပြား ဖြစ်ပေါ်စေနိုင်ပါတယ်။ လက်ရှိ ကမ္ဘာအနှံ့အပြားရဲ့ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုကို ကြည့်မယ်ဆိုရင် နှစ်ပေါင်းများစွာ မိမိနေထိုင်တဲ့နိုင်ငံရဲ့ ဘာသာစကားကျွမ်းကျင်မှုတို့၊ အသိပညာအတတ်ပညာ ကျွမ်းကျင်မှုတို့၊ တီထွင်နိုင်စွမ်းရှိတဲ့ ဉာဏ်အမြော်အမြင်တို့ အဲဒီလို လူ့စွမ်းအားအရင်းအမြစ်တွေအပြင် သူတို့နှစ်ပေါင်းများစွာစုဆောင်းလာကြတဲ့ အရင်းအနှီးတွေဟာ အင်မတန်မှ အားသာတဲ့အချက်များပင်ဖြစ်ပါတယ်"လို့ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းမှ အမှုဆောင်ဖြစ်သူ ဒေါ်ရွှေစင်က ပြောကြားခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ သမ္မတရှီကျင့်ဖျင်ဟာ တရုတ်နိုင်ငံရဲ့ စီးပွားရေးမူဝါဒတွေကို ပြောင်းလဲကျင့်သုံးလာခဲ့သလို ကမ္ဘာမှာထင်ရှားလှတဲ့ စီမံကိန်းကြီးသုံးခုကိုလည်းချမှတ်လုပ်ဆောင်ခဲ့ပြီး အောင်မြင်အောင်ဆောင်ရွက်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

အဲဒီစီမံကိန်းကြီးသုံးခုကတော့ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခုစီမံကိန်း (One Belt, One Road)၊ ခေတ်သစ်ပိုးလမ်းမကြီးစီမံကိန်းနဲ့ အာရှအခြေခံ အဆောက်အဦရင်းနှီးမြှုပ်နှံမှုဘဏ် (The Asian Infrastructure Investment Bank- AIIB) တို့ပဲဖြစ်ပါတယ်။ အဲဒီစီမံကိန်းသုံးခု အောင်မြင်စေဖို့အတွက်လည်း တရုတ်နိုင်ငံခေါင်းဆောင်များဟာ အားသွန်ခွန်စိုက် ဆောင်ရွက်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီစီမံကိန်းသုံးခုကို တရုတ်နိုင်ငံက အကောင်အထည်ဖော်လျက်ရှိရာမှာ မြန်မာနိုင်ငံအနေနဲ့ ရရှိမယ့် အခွင့်အရေးများကို ကောင်းစွာအသုံးချရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့စီးပွားရေး ပိုမိုတိုးတက်လာစေဖို့ စီးပွားရေးနည်းဗျူဟာအရ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနည်းလမ်းသစ်များကို ချမှတ်ရမှာဖြစ်သလို မိမိဒေသနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် စီးပွားရေးမဟာဗျူဟာတွေကို လက်တွေ့ကျကျ ချမှတ်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အဲဒီစီမံကိန်းသုံးခုမှာ ထဲထဲဝင်ဝင် ပါဝင်ပတ်သက်နေတာမို့ အခုကျင်းပတဲ့ညီလာခံဟာ မြန်မာနိုင်ငံအတွက် အကျိုးကျေးဇူးအများအပြား ရရှိလိမ့်မယ်လို့ ထင်ပါတယ်။

မြန်မာနိုင်ငံမှာလည်း တရုတ်လူမျိုးစီးပွားရေးလုပ်ငန်းရှင်တွေဟာ မြန်မာ့စီးပွားရေးလောကမှာ နေရာတစ်နေရာကို ရရှိထားတာတွေ့ရမှာဖြစ်ပါတယ်။ တရုတ်လူမျိုးဆိုသော်ငြားလည်း မြန်မာနိုင်ငံသားများဖြစ်တာကြောင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီညီလာခံမှာ ကမ္ဘာအရပ်ရပ်က တရုတ်လူမျိုးစီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၀၀၀ ကျော်နဲ့ မြန်မာနိုင်ငံက တရုတ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၅၀၀ ကျော်တို့ဟာ ဒီဖိုရမ်ကာလအတွင်းမှာ တွေ့ဆုံဆွေးနွေးကြမှာဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းပေါင်းများစွာကို မက်လုံးပေါင်းများစွာနဲ့ ဖိတ်ခေါ်ထားတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြောင့် ကမ္ဘာအရပ်ရပ်က တရုတ်လူမျိုးရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံကို မျက်စိကျလာမှာအသေအချာပါပဲ။

မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အသီးသီးမှာလိုအပ်နေတဲ့ ကွက်လပ်ပေါင်းများစွာကိုဖြည့်ဆည်းပေးနိုင်ဖို့အတွက် အခုကျင်းပတဲ့ညီလာခံက အထောက်အပံ့များစွာ ဖြစ်ပေါ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ဒ့ါအပြင် ဒီအခမ်းအနားမှာ An opening Economy in Myanmar, A New Epoch in History (မြန်မာနိုင်ငံ၏ အနာဂတ်သာယာလှပဖို့ အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်စို့)ဆိုတဲ့ ဆောင်ပုဒ်ကိုချမှတ်ထားတဲ့အတွက် ဒီညီလာခံဟာမြန်မာနိုင်ငံရဲ့ စီးပွားရေးအခွင့်အလမ်းတွေကို ပိုမိုတိုးတက်စေမယ့် လမ်းကြောင်းတစ်ခုအဖြစ် ပုံပေါ်လာတော့မှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

# အရှေ့အနောက် စီးပွားရေးစင်္ကြံတွင် ဂျပန်နိုင်ငံ ပါဝင်လုပ်ကိုင်နေ

ထိုင်းနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံအား ထိုင်းနိုင်ငံအတွင်းသာမက အာဆီယံဒေသအတွင်း ကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လာရန်မျှော်လင့်ကြောင်း၊ အရှေ့အနောက် စီးပွားရေးစင်္ကြံ (EWEC) တွင် ဂျပန်နိုင်ငံမှ အမြန်ရထားလမ်းဖွံ့ဖြိုးတိုးတက်ရေးကွန်ရက်တွင် ပါဝင်လာရန် ဖိတ်ခေါ်ထားကြောင်း၊ ထိုင်းနိုင်ငံသည် EWEC နှင့် EEC တို့ချိတ်ဆက်ဆောင်ရွက်သွားရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းနှစ်ခုသည် ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာရန် တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အကူ ပေးလျက်ရှိကြောင်း ဒုတိယဝန်ကြီးချုပ် မစ္စတာဆွန်ခစ်က ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံတောင်ပိုင်းမှ အာဆီယံဒေသသို့ ဆက်သွယ် မည့် အမြန်ရထားလမ်းစီမံကိန်းသည် အာဆီယံအရှေ့ဘက်ဒေသရှိဗီယက်နမ်နိုင်ငံအလယ်ပိုင်းမှ လာအို-ထိုင်း-မြန်မာတို့ကိုဖြတ်ကျော်ပြီး အိန္ဒိယနိုင်ငံအထိ ဆက်သွယ်မည်ဖြစ်သည်။

EWEC သည် မြန်မာနိုင်ငံ မြဝတီနှင့် ထိုင်းနိုင်ငံတာ့ခ်ခရိုင် မောဝ်တာဟန်တို့ကို ချိတ်ဆက်ပြီး ၎င်းမှတစ်ဆင့် လာအိုနိုင်ငံဆာဗန်နာခတ်နှင့် ဗီယက်နမ်နိုင်ငံတို့ကို ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်သည်။ EWEC စီမံကိန်းသည် အိန္ဒိယနိုင်ငံနှင့် ၎င်း၏အိမ်နီးချင်းဖြစ်သော ဘင်္ဂလားဒေ့ရှ်အပါ အဝင် စားသုံးသူအများအပြားကို အကျိုးရှိစေမည်ဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့်လည်း EWEC ဇုန်အတွင်း ကုန်းလမ်းပို့ဆောင်ရေးကို စတင်ရင်းနှီးမြှုပ်နှံနေပြီဖြစ်ပြီး ဒေသတွင်းနိုင်ငံများအတွက် ကုန်ကျစရိတ်လျှော့နည်းသက်သာအောင် အထောက်အပံ့ပေးလျက်ရှိနေပြီဖြစ်သည်။

ထိုင်းအစိုးရအနေဖြင့် EWEC နှင့် EEC တို့ကိုချိတ်ဆက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအတွင်း ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့်ပတ်သက်သည့် အချက်အလက်များအား ဂျပန်ရင်းနှီးမြှုပ်နှံသူများသို့ အသိပေးထားပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် EEC တွင် အနာဂတ်ကာလ၌ အလိုအလျောက် စနစ်များဖြင့် ထုတ်လုပ်မည့် ပုံသဏ္ဌာန်ကို အထောက်အကူပြုနိုင်ရန်နှင့် Thailand 4.0 စီမံကိန်းအတွက် ပြုပြင်ပြောင်းလဲရေးကာလတွင် ဂျပန် နိုင်ငံအနေဖြင့် အဓိက အခန်းကဏ္ဍမှ ပါဝင်နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံရင်းနှီး မြှုပ်နှံသူများနှင့် ပူးပေါင်းပြီး အာဆီယံဒေသ စီးပွားရေးချဲ့ထွင်ရာတွင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

**သောင်းနိုင် (တာချီလိတ်) Source : Bangkok Post**

**စာမျက်နှာ-၃ (၁၄)ကြိမ်မြောက် ကမ္ဘာ့တရုတ်ကုန်သည်များညီလာခံ မှအဆက်**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေပြီး နိုင်ငံတော်၏ လူမှုစီးပွားကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားဖြစ်စေနိုင်ရေး၊ မြန်မာနိုင်ငံ၏ဂုဏ်ရောင်ကို ကမ္ဘာ့အလယ်တွင် ကြီးကြီးကျယ်ကျယ်အောင်မြင်စွာ ရပ်တည်နိုင်ရေးတို့ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုကျင်းပသည့် ညီလာခံသို့နိုင်ငံပေါင်း ၃၀ ကျော်မှ တရုတ်ကိုယ်စားလှယ်ပေါင်း ၁၅၀၀ ကျော်နှင့် ပြည်တွင်းမှ တရုတ်စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၈၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသဖြင့် အားရမိပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်သစ်ကို ထူထောင်ရာတွင် တရုတ်ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်သူများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များသာမက နိုင်ငံရပ်ခြားမှာ အခြေချနေထိုင်လျက်ရှိသည့် တရုတ်လူမျိုးများ၊ လုပ်ငန်းရှင်များဟာ တရုတ်နိုင်ငံမှာ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း၊ နိုင်ငံခြားကုန်သည်ကြီးများနှင့် ဆက်သွယ်စေခြင်းဖြင့် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည်ကို သိရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိကြသည့် တရုတ်ကုန်သည်ကြီးများအနေဖြင့် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကမ္ဘာ့နိုင်ငံကြီးများနှင့်ချိတ်ဆက်ပြီး တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံလုံးဆိုင်ရာ ပေါ်လစ်ဗျူရိုဥက္ကဋ္ဌ Mr Yu Zheng Sheng ၏ သဝဏ်လွှာကို တရုတ်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr Xu You Sheng က ဖတ်ကြားခဲ့သည်။

ထို့ပြင် တက်ရောက်လာကြသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တာဝန်ရှိသူများက အမှာစကားများပြောကြားခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တရုတ်နိုင်ငံ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်ဒုတိယဥက္ကဋ္ဌ၊ တရုတ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ မစ္စတာဝမ်ကျူမင်၊ ဟောင်ကောင် အထူးအုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မဒမ်ချယ်ရီလင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ ဟောင်ကောင် တရုတ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr Cai Guang Sheng၊ ထိုင်းနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Mr. Chen Zhen Zhi နှင့် မြန်မာနိုင်ငံ သက်ဆိုင်ရာဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ကမ္ဘာ့နိုင်ငံအသီးသီးမှ တရုတ်လူမျိုးစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိပါသည်။

**မယ်သီတာ**



## ကယားပြည်နယ်တွင် ပြောင်းပေါ်ချိန် ရောက်လာသည်နှင့်အမျှ ပြောင်းဈေးကောင်းလာ

ကယားပြည်နယ်တွင် စက်တင်ဘာလအတွင်း ပြောင်းပေါ်ချိန်ရောက်လာတာနဲ့အမျှ ပြောင်းဈေး ကောင်းလာတာကို တွေ့ရှိရပါတယ်။ ယခင်သြဂုတ်လက ပြောင်းဈေးနှုန်းမှာ ပြောင်း(စို)တစ်ပိဿာလျှင် ကျပ် ၄၂၀ မှ ၄၆၀၊ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၄၄၀ မှ ၄၈၀ ထိဈေးရှိတာကို တွေ့ရှိရပါတယ်။ ယခုစက်တင်ဘာလရဲ့ ပထမပတ်မှ ဒုတိယပတ်အတွင်း ပြောင်း(စို)တစ်ပိဿာလျှင် ကျပ် ၄၆၀ မှ ကျပ် ၄၈၀၊ ပြောင်း(ခြောက်)တစ်ပိဿာလျှင် ကျပ် ၄၈၀ မှ ကျပ် ၅၀၀ ထိပေါက်ပြီး ဈေးတက်လာတာကို ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။ ပြောင်းဈေးကောင်းလာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းရှင်များကလည်းပြောင်းကို ပိုမိုဝယ်ယူကြပြီး အခြားမြို့ကြီးများသို့ ပိုမိုတင်ပို့လာကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ စက်တင်ဘာဒုတိယပတ်အတွင်း ကယားပြည်နယ်မှ အခြားမြို့သို့ ပြောင်းအိတ်စုစုပေါင်း ၁၂၆၅၅ အိတ်ခန့် တန်ချိန်အားဖြင့် ၆၃၅ တန်ခန့်တင်ပို့ထားရာ ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန် ၁၁၈ တန်ခန့် ပိုမိုတင်ပို့ထားကြောင်း သိရှိရပါတယ်။

ကယားပြည်နယ်တွင် ယခုတစ်ပတ်အတွင်း ပြောင်း(စို)တစ်ပိဿာလျှင် ကျပ် ၄၈၀၊ ပြောင်း (ခြောက်) တစ်ပိဿာလျှင် ကျပ် ၅၀၀ ဈေးပေါက်ပြီး ယခင်တစ်ပတ်ထက်ဈေးအနည်းငယ်တက်လာကြောင်း ကယားကုန်ဈေးနှုန်းသတင်းအရ သိရှိရပါတယ်။ **ထွန်းနိုင်လင်း (လွိုင်ကော်)**

## တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီစခန်းစုံမှ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၂ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၁၃၂၆၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၁၉၅၀၊ လွယ်ဂျယ်မှ ၁၂၇၁ တန်ကျော်နဲ့ ကန်ပိုက်တီမှ ၄၂ တန်ခွဲဖြစ်ပါတယ်။ ယခင်တစ်ပတ်က တရုတ်နယ်စပ်စခန်းစုံမှ ၁၁၃၄၉ တန်ကျော်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ၁၉၁၅ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၂၉၅၉၅ ကျပ်ရှိရာမှ စက်တင်ဘာ ၂ ရက်မှ ၈ ရက်သီတင်းပတ်အတွင်း ၃၀၇၃၉၆ ကျပ်သို့ဈေးမြင့်တက်ခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကားစီးရေ ၄၆၀ စီးဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၇၈ စီးပိုမိုခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ယွမ် ၁၆၈၀ ဈေးရှိကြောင်း၊ မန္တလေး -မူဆယ်ကုန်စည်သယ်ယူခနှုန်းမှာ ပြောင်းတစ်ပိဿာကို ၅၄ ကျပ်မှ ၅၆ ကျပ်ရှိကြောင်း သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ကော်ဖီစေ့တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၁၇၄ တန်ဖိုးရှိ ကော်ဖီစေ့ ခုနစ်တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်လက တင်ပို့မှုမရှိဘဲ ဇူလိုင်တတိယပတ်က တန် ၉၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးလျက်ရှိတဲ့ ဒေသများမှာ တောင်ငူ၊ ပြင်ဦးလွင်၊ မိုးကုတ်၊ ရှမ်းပြည်နယ် ရွာငံဒေသနဲ့ ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံထွက် အထူးတန်းကော်ဖီကို ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်နိုင်ငံသို့ ၃၆ တန်တင်ပို့ခဲ့ပြီး ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဆွစ်ဇာလန်နဲ့ အာရှနိုင်ငံများသို့ ကော်ဖီဈေးကွက်ချဲ့ထွင်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှသိရပါတယ်။ **မော်မော်အောင်**

စာမျက်နှာ ၁၅ ➤ မူဝါဒအကြံပြုဆိုင်ရာ အခြေပြုစီမံကိန်း မှအဆက်

မြေဩဇာရောင်းချသူများအား ကွင်းဆင်းလေ့လာဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

ကွင်းဆင်းလေ့လာရေးအဖွဲ့သည် သွင်းအားစု၊ ဓာတ်မြေဩဇာ ထုတ်လုပ်ရောင်းချနေမှု၊ ထုတ်လုပ်မှု၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ ကြိတ်ခွဲမှု၊ ပြင်ဆင်ထုတ်ပိုးမှု၊ ရောင်းဝယ်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရှိရပါသည်။

Feasibel Study/Scoping Study သင်တန်းသားများအနေဖြင့် Food Safety နှင့်ပတ်သက်၍ လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းစဉ်များနှင့် ဌာန၏ အခန်းကဏ္ဍ၊ စိန်ခေါ်မှု၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ ပြည်သူလူထုပါ ပူးပေါင်းပါဝင်လာအောင် ဝိုင်းဝန်းကြိုးပမ်း၍ မူဝါဒအကြံပြုဆိုင်ရာ အခြေပြုစီမံကိန်းလုပ်ငန်းများ ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

**တင်ဇာမျိုး(မန္တလေး)**

## ရော်ဘာဈေး ပြန်လည်မြင့်တက်

စက်တင်ဘာ ၂ ရက်မှ ၈ ရက်အထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၃ သန်း တန်ဖိုးရှိ ရော်ဘာအဆင့်စုံ တန်ချိန် ၁၁၁၀ ကို ကုန်သွယ်ရေးစခန်းများမှ တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS3 အမျိုးအစား ၃၆၁ တန်ကျော်၊ RSS 5 အမျိုးအစား ၅၆၁ တန်၊ MSR 20 အမျိုးအစား ၅၆ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ RSS3 အမျိုးအစား ၁၆ တန်ကျော်နဲ့ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး ၁၁၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၆၅၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၄၁ တန် အပို့လျော့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ယခုတစ်ပတ်ရော်ဘာဈေးမှာ RSS3 တစ်တန်ကို ကျပ် ၂၀ ဒသမ ၁၀၂ သိန်းရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၁၀၁၇၃ ကျပ်ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၆၀၈၀ တန်ဖိုးရှိ ရော်ဘာ MSR 20 အမျိုးအစား ၁၀၁ တန်ကို ကိုရီးယားနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မလေးရှားနဲ့ တရုတ်နိုင်ငံသို့ ရော်ဘာ ၁၆၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှု ၆၆ တန် လျော့နည်းခဲ့ပါတယ်။ ရော်ဘာတင်ပို့မှုလျော့ကျသော်လည်း ရော်ဘာဈေးပြန်လည်မြင့်တက်လာတာ တွေ့ရပါတယ်။ သြဂုတ်လဆန်းပိုင်းလောက်ကတည်းက ငြိမ်နေတဲ့ရော်ဘာဈေးဟာ ယခုတစ်ပတ်မှာ ဈေးတက်လာတာဖြစ်ပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၁၀၀ ခန့်ဈေးတက်ပြီး MSR အမျိုးအစားမှာ အနည်းငယ်သာ အတက်အကျရှိကြောင်း သိရပါတယ်။ နိုင်ငံတကာ ရော်ဘာဈေးတက်တဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း RSS အမျိုးအစား တစ်တန်ကို ဒေါ်လာ ၁၀၀ ဈေးတက်ပြီး MSR အမျိုးအစားကို ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၇၀၀-၁၈၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၆၅၀-၁၇၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၁၅၅၀-၁၆၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၁၅၀၀-၁၆၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ ၁၉၅၀-၂၀၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၆၀၀-၁၇၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၁၄၅၀-၁၅၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၁၃၅၀-၁၄၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

## တောင်ကြီးဈေးကွက်မှာ ရေခြံထွက်ပြောင်းသစ်ဝင်ရောက်

တောင်ကြီးဈေးကွက်မှာ ရေသွင်းပြောင်းလို့ခေါ်တဲ့ ရေခြံထွက်တဲ့ ပြောင်းသစ်တွေဝင်လာသလို ပြောင်း(ဟောင်း)တွေက ကုန်သွားသလောက်ဖြစ်နေပါပြီ။ ရေခြံပြောင်းတွေက တောင်ကြီး၊ ဆီဆိုင်၊ ရပ်စောက် စတဲ့ မြို့တွေအပြင် လွိုင်ကော်ကလည်း ဝင်လာပါတယ်။မိုးကလည်းအဆက်မပြတ်ရွာနေတာရယ် ပြောင်းသစ်ကလည်း ရေခြံက ပြောင်းတွေဖြစ်လို့ အစိုဓာတ်တွေကတော့ များနေပါတယ်။ အသစ်ဝင်လာတဲ့ပြောင်းတွေကို တောင်ကြီးမြို့နယ် တောင်လေးလုံး ကျေးရွာမှာရှိတဲ့ မြနဒီ အခြောက်ခံစက်မှာ ခြောက်အောင် လှော်ပေးနေပါတယ်။ တစ်ပတ်ကို တောင်ကြီး/လွိုင်ကော်က ဝင်တဲ့ ပြောင်းက အိတ် ၁၅၀၀ ခန့် အဝင်ရှိနေပါတယ်။ ရာသီဥတုကြောင့် အစိုဓာတ်များလို့ မြနဒီ အခြောက်ခံစက်ကလည်း မလှော်နိုင်လောက်အောင် ဖြစ်နေပြီး အဝယ်တောင် ခဏရပ်ထားရတယ်လို့ သိရပါတယ်။ ရပ်စောက်မြို့နယ်က ထွက်တဲ့ ပြောင်းတွေကိုတော့ ရပ်စောက်မြို့မှာတင် တစ်ပိုင်တစ်နိုင်အခြောက်ခံတဲ့ စက်ရုံလေးတွေ ၁၀ လုံး ခန့်ရှိတာကြောင့် အဲဒီမှာပဲ အခြောက်ခံကြပြီး ဈေးကွက်ကို ပို့ကြတယ်လို့ သိရပါတယ်။ ကိုးလပိုင်းအကုန်မှာတော့ ငါးလပိုင်းကစိုက်တဲ့ကုန်းခြံတွေက ပြောင်းတွေဈေးကွက်ကို ဝင်လာတော့မှာလို့လည်း သိရပါတယ်။ ဈေးကွက်မှာတော့ ပြောင်းတစ်ပိဿာ ပေါက်ဈေးက အဟောင်းဆိုရင် ၅၆၀ ကျပ်ရှိပြီး အသစ်ကတော့ အစိုဓာတ်ပေါ် မူတည်ပြီး ကျပ် ၂၅၀ မှ ကျပ် ၃၀၀ ဈေးပေါက်ကြောင်း သိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## ဈေးကွက်တွင်းသို့ ရှမ်းပဲပုပ်များဝင်ရောက်လာ

ဈေးကွက်ဝင်သီးနှံ ပဲပုပ်လည်း ဈေးကွက်မှာအဝင်ရှိလာပါပြီ။ တောင်ကြီးခရိုင်၊ စောဆီ၊ ကက္ကူ ကျောက်တလုံးကြီးဘက်က ဝင်လာသလို ရပ်စောက်၊ တောင်နီဘက်ကလည်း အဝင်ရှိလာပါတယ်။ လင်းခေးခရိုင်၊ လဲချားနဲ့ မိုးနဲမှ ပဲပုပ်တွေလည်း ထွက်လာပြီလို့သိရပါတယ်။ လဲချားနဲ့ မိုးနဲကတော့ ရှမ်းရိုးရာအစာဖြစ်တဲ့ ပဲပုပ်ချပ်တွေပြုလုပ်ကြတာများပါတယ်။ တောင်ကြီးခရိုင်ဘက်ကထွက်တဲ့ ပဲပုပ်ကိုတော့ ပဲပြား၊ ပဲနို့ရည်၊ ပဲငံပြာရည် အဖြစ် ပြုလုပ်ဖို့အတွက် ဝယ်ယူပြီး အသင့်စားသုံးလို့ရတဲ့ ပဲပုပ်လှော်အဖြစ် ပြုလုပ်ဖို့လည်း ဝယ်ယူမှုရှိလို့ ဒေသတွင်းဈေးကွက်မှာပဲ အရောင်းအဝယ် ဖြစ်နေပါတယ်။

အရင်ကတော့ ပဲပုပ်ဆီအဖြစ် အသုံးပြုဖို့ ဝယ်ယူမှုရှိခဲ့ပေမယ့် အခုတော့ ဆီကြိတ်ပြီးရောင်းရတဲ့ ဈေးကွက်က သိပ်မရှိတော့ဘူးလို့လည်း သိရပါတယ်။ လဲချား၊ မိုးနဲ၊ မိုင်းကိုင်က ပဲပုပ် တွေကတော့ တောင်ကြီးဈေးကွက်ကို အဝင်သိပ်မရှိပါဘူး။ တောင်ကြီးဈေးကွက်မှာတော့ ပဲပုပ်ဈေးနှုန်းက အရည်အသွေးပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်ပါတယ်။ ပစ္စည်းညံ့တာတွေကတော့ ကျပ် ၁၀၀၀ အောက်မှာရှိပြီး ခြောက်ပြီးအရည်အသွေးကောင်းရင် တစ်ပိဿာကို ကျပ် ၁၁၀၀ ရှိကြောင်း သိရပါတယ်။ **ဇေခိုင်(တောင်ကြီး)**

## ပင်လယ်ရေကြောင်းလမ်းမှ မန်ကျည်း ပြန်လည်တင်ပို့

စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း တန်ချိန် ၁၀၀ ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခြင်းဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၀၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# tpm;tpmtEÅm,fuif&Sf;a&;ESifhoufqdkifonfh ab;Oy'ftEÅm,fav;rsKd;

|မာမာရီ|

အစားအစာထုတ်ကုန်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက် ထိန်းချုပ်ရေးနည်းစနစ်မှာ စားသောက်ကုန်အမျိုးအမည် အလိုက် အရည်အသွေးသတ်မှတ်ချက်များကို သိရှိရပြီး ပြန်လည် စိစစ်နိုင်ရန်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအစားအစာများ၏ မူရင်းဖြစ်သော စိုက်ပျိုးပြီးနောက် ရိတ်သိမ်းထွက်ရှိလာသည့် အမယ် အလိုက်သီးနှံများသည် အရည်အချင်းပြည့်မီနေရန် အခြေခံလိုအပ် ပါသည်။ ထိုပင်ကိုယ်ရှိရင်း အရည်အချင်းများအပေါ် စားသောက်ကုန် အမျိုးအစားအလိုက် လုပ်ထုံးလုပ်နည်းစနစ်နှင့်စံချိန်စံညွှန်းတို့အား ထပ်ဆင့်လိုက်နာကိုင်တွယ်ထားရှိခြင်းများ၊ ကြိတ်ခွဲထုတ်လုပ်ခြင်း များ ပြုလုပ်ခဲ့မည်ဆိုလျှင် စားသုံးသူလက်ခံနှစ်သက်သည့် အရည် အသွေးဘက်သို့ ဦးတည်လာမည်ဖြစ်သည်။ ထိုအရည်အသွေးများ ကြောင့် စားသောက်ကုန်တို့၏ တာရှည်အထားခံမှုသာမက ဈေး ကွက်ရရှိစေပြီး ဘေးဥပဒ်အန္တရာယ်ကင်းသော အစားအစာလုံခြုံ စိတ်ချရမှုအပိုင်းကို အထောက်အကူပြုစေမည် ဖြစ်ပါသည်။

အရည်အသွေးသတ်မှတ်ချက် မပြည့်ဝသော စားသောက်ကုန် တို့အား သတိပြု၍ ချင့်ချိန်စားသောက်ခြင်းမပြုမိခဲ့လျှင် အချိန် ကာလတို၊ ကာလရှည်အတွင်း စားသုံးသူများအပေါ် မမျှော်မှန်းနိုင် သော ဆိုးကျိုးသက်ရောက်မှုများဖြစ်စေနိုင်သည့် ဘေးအန္တရာယ် များကို သိရှိထားရန်လိုပါသည်။ ယင်းတို့မှာ -

(က) အဏုဇီဝသက်ရှိပိုးမွှားများကြောင့်ဖြစ်သော အန္တရာယ်များ (Microbiological Hazards)

(ခ) ဓာတုပစ္စည်းများ၏ ဘေးအန္တရာယ်များ (Chemical Hazards)

(ဂ) ရုပ်ဝတ္ထုပစ္စည်းများ၏ ဘေးအန္တရာယ်များ (Physical Hazards)

(ဃ) ဓာတ်သဘာဝဖွဲ့စည်းပုံအရ ဓာတ်မတည့်မှုနှင့် ယားယံမှုအန္တရာယ် များ (Allergens) ကို တွေ့ရမည်။

အဏုဇီဝသက်ရှိပိုးမွှားများကြောင့်ဖြစ်သော ဘေးဥပဒ် အန္တရာယ်ကိုကြည့်လျှင် သီးနှံဟင်းသီးဟင်းရွက်၊ သားငါးနှင့် အသင့် စား အစားအစာများတွင် သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးထား ရှိခြင်းစသည့် စနစ်အလိုက် ထိုအခြေအနေများပေါ် မူတည်ပြီး အစိုဓာတ်နှင့်အပူချိန် အလိုက် အပြင်ပိုင်း (သို့မဟုတ်) အတွင်းပိုင်း တွင် မျက်စိဖြင့်မြင်နိုင်သော၊ မမြင်နိုင်သောမှိုအပါအဝင်၊ ဘက်တီးရီး ယားနှင့်ကပ်ပါးကောင်များ ပေါက်ဖွားလာနိုင်ပါသည်။ ပေါက်ဖွား နိုင်သောအခြေအနေနှင့် အဏုဇီဝပိုးမွှားအမျိုးအစား အကြောင်းကို ဧပြီလ ၂၄ ရက် ၂၀၁၇ ခုနှစ်တွင် ဆောင်းပါးရေးသားထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် လူနှင့်တိရစ္ဆာန်အစားအစာတို့အား အကျိုးပြုသော အဏုဇီဝသက်ရှိများရှိကြသော်လည်း အန္တရာယ်ပေးသော အဏုဇီဝ သက်ရှိအုပ်စုများကိုသာ ဖော်ပြရေးသားသွားမည်ဖြစ်ပါသည်။ ၎င်း တို့ကို မသန့်ရှင်းသော ကမ္ဘာမြေကြီး ပင်လယ်ရေမှ အနည်အနှစ်များ၊ မသန့်ရှင်းသော အညစ်အကြေးစုနေသည့်နေရာများ၊ သန့်ရှင်းလတ် ဆတ်မှုမရှိသော၊ အစားအစာထုတ်ကုန်များဖြစ်သည့် ကြက်၊ ဘဲ၊ ငါး၊ ဥအမျိုးမျိုး၊ ပဲအမျိုးမျိုး၊ အသီးအနှံ၊ ဟင်းသီးဟင်းရွက်တွင် ပေါက်ဖွား နေနိုင်ပါသည်။ ထို့အပြင် အဆင်သင့်စားသုံးနိုင်သည့် ရက်လွန် ကာလလွန် ဝက်အူချောင်း၊ ဒိန်ခဲ၊ အသားညှပ်ပေါင်မုန့်၊ ငါးသေတ္တာ ဗူးများ၊ ချောကလက်များတွင် အမျိုးအစားမတူ သော ဘက်တီးရီး ယားများ ပေါက်ဖွားနိုင်ကြောင်းတွေ့ရပြီး ရောဂါဖြစ်နေသော လူတချို့ အစားအစာများပြုပြင်ကိုင်တွယ်ခြင်းမှတစ်ဆင့် ကူးဆက် သယ်ဆောင်လာနိုင်ကြောင်းလည်း တွေ့ရှိရပါသည်။

ထိုအုပ်စုဝင်ဖြစ်သော အန္တရာယ်ပေးမှိုအုပ်စု (Spoilage Fungi)များမှာ ဓာတ်ပြောင်းလဲဖွဲ့စည်းခြင်းကြောင့် သီးနှံ၊ ဟင်းသီး ဟင်းရွက်၊ အစားအစာများအတွင်း၌ မိုက်ကိုတောဇင် (Mycotoxin) အဆိပ်ကိုဖြစ်ပေါ်လာစေပါသည်။ အဆိုပါအဆိပ်များကို နှာခေါင်းမှ ရှူသွင်းမိခြင်းနှင့် စားသောက်မှုများမှတစ်ဆင့် လူနှင့်တိရစ္ဆာန်၊ ကြက်၊ ငှက်တို့အား ရောဂါအန္တရာယ်ဖြစ်စေနိုင်ကြောင်း တွေ့ရှိရ သည်။ Mycotoxin အဆိပ်အမျိုးအစား ၂၀၀ ကျော်ရှိပြီး အဆိပ် ထုတ်မှိုပေါင်း ၁၅၀ ခန့်ရှိကြောင်း လေ့လာသိရှိရသည်။ ထိုအုပ်စုတွင် အာလဖာတောင်ဆင် မှိုဆိပ် (Aflatoxin) များမှာ မျိုးကွဲများစွာရှိပြီး မည်သည့်အစားအသောက်တွင်မဆို ယင်းမှိုများပေါက်ပွားနိုင်တတ် ကြသည်။ ဥပမာ -ပြောင်း၊ မြေပဲ၊ ငရုပ်သီးမှုန့်၊ အခွံမာအသီး၊ နှံစား




သီးနှံပင်များတွင် တွေ့ရှိနိုင်သကဲ့သို့ နို့ထဲတွင်လည်း (Aflatoxlin M1) များပါဝင်တတ်ကြောင်း သိရှိရသည်။ အခြားအဏုဇီဝ သက်ရှိ အုပ်စုဝင် ဗိုင်းရပ်စ် (Virus) များအနေဖြင့် အစားအစာများအတွင်း မပေါက်ပွားနိုင်သော်လည်း မသန့်ရှင်းသော ရေများမှလည်းကောင်း၊ ကျန်းမာရေးမကောင်းသောလူနှင့် တိရစ္ဆာန်တို့၏ စွန့်ထုတ် အညစ် အကြေးများမှလည်းကောင်း၊ ရောဂါကူးစက်ထားသည့် လူတစ်ဦးမှ တစ်ဦးသို့ အကွာအဝေးတစ်ခုအတွင်း လျင်မြန်စွာ ကူးစက်ပျံ့နှံ့ နိုင်ကြောင်း သိရှိရသည်။

ထိုအဏုဇီဝပိုးမွှားများ၏ဘေးအန္တရာယ်ဖြစ်စေမှုကိုအမျိုး အစားလေးမျိုးအဖြစ် သတ်မှတ်ပိုင်းခြားထားသည်ကို တွေ့ရပြီး ၎င်းတို့မှာ -

(က) အနည်းငယ်ထိခိုက်မှုသာဖြစ်စေပြီး အသက်အန္တရာယ်မရှိနိုင် သလိုဖြစ်ပေါ်လာသောရောဂါအပြင် အခြားရောဂါလက္ခဏာမပြခြင်း၊ ဝေဒနာခံစားမှုအားဖြင့် အချိန်တိုခြင်း၊၎င်းတို့သဘာဝအရ ထိန်းချုပ် မှုရှိခြင်း။ (ဥပမာ - မူးခြင်း၊ အန်ခြင်းဖြစ်စေသည့် အဆိပ်)။

(ခ ) အန္တရာယ်ဖြစ်စေနိုင်သော်လည်း အသက်အန္တရာယ် မထိခိုက်နိုင် ပါ။ ပထမဖြစ်သောရောဂါ၏ နောက်ဆက်တွဲထပ်မဖြစ်ခြင်း၊ ခံစား ရသောဝေဒနာမှာ အချိန်တိုခြင်းကိုတွေ့ရသည်။ (ဥပမာ - အသည်းနှင့် ဆိုင်သောရောဂါ၊ ဖျားနာပြီး ဝမ်းလျှော၊ဝမ်းပျက်)

(ဂ) ယေဘုယျအားဖြင့် ဘက်တီးရီးယားပိုးမွှား အကောင်ရေများခြင်း ကြောင့် ပြင်းထန်သော ရောဂါအန္တရာယ်ဖြစ်စေနိုင်ပြီး အသက် အန္တရာယ် ကို မထိခိုက်စေပါ။ သို့သော်လည်း မကြာခဏ ထိုရောဂါ ပြန်ဖြစ်ခြင်းနှင့် ခံစားရသောဝေဒနာ အချိန်ကာလကြာခြင်းကို တွေ့ရသည်။ (ဥပမာ - ဝမ်းကိုက်ရောဂါ၊ အူရောင်ငန်းဖျားရောဂါ)၊ (Salmonella Typhi , Shigella Dysenteriae)

(ဃ) ကန့်သတ်ထားသော ဘက်တီးရီးယားပိုးမွှားအကောင်ရေများ၊ အစားအသောက်အတွင်းပို၍ပါဝင်ခဲ့လျှင် ပြင်းထန်သော ရောဂါ အန္တရာယ်ဖြစ်စေပြီး ကိုယ်ခံအားနည်းချိန်တွင် အသက်အန္တရာယ် ကိုပါ ထိခိုက်စေနိုင်ကြောင်း တွေ့ရသည်။ ဖြစ်စေသောရောဂါ ဝေဒနာသည် မကြာခဏဖြစ်ပေါ်၍ အချိန်ကြာကြောင်းတွေ့ရသည်။ (ဥပမာ - အသည်းနှင့်ဆိုင်သောရောဂါ၊ လေးဘက်နာ (သို့မဟုတ်) ရုတ်တရက်သေစေသည်အထိ ပြင်းထန်သောဝေဒနာပေးသည့် လက္ခဏာများနှင့် ပျားရည်တွင်ပါသော Infant botulism ပိုးများ ကြောင့် (၂)နှစ်အောက်ကလေးများ အန္တရာယ်ဖြစ်စေခြင်း) စသည့် ဥပဒ်အန္တရာယ်များကို အဏုဇီဝပိုးမွှားအန္တရာယ်အဖြစ် တွေ့ရှိရ မည်ဖြစ်ပါ သည်။

ဓာတုပစ္စည်းများကြောင့်ဖြစ်သော ဘေးအန္တရာယ်များ (Chemical Hazards) အပိုင်းတွင်လည်း သီးနှံ၊ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်စဉ် စိုက်ပျိုးရေးဆိုင်ရာ ဓာတုပစ္စည်းများဖြစ်သော၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ပဋိဇီဝဆေး (Antibiotic) (ဘက် တီးရီးယားများကို မွေးမြူပြီး ဖော်စပ်ထားသောဆေး)များ၊ ကာဘာ မိတ်ဆေးများ၊ ဓာတ်မြေဩဇာများ၊ ကလိုရင်းပါသော အော်ဂဲနစ် ဆေးများ၊ ဖော့စဖောရပ်စ်ပါသော အော်ဂဲနစ်ဆေးများ၊ ထိသေဆေး များနှင့် သီးနှံရိတ်သိမ်းပြီးသိုလှောင်စဉ် ကျရောက်သည့်ပိုးများ သေစေရန် အဆိပ်ငွေ့မှိုင်းတိုက်ခြင်းတွင် ထိုးထွင်းစိမ့်ဝင်မှုအား ကောင်းသော (Fumigants)ဆေးများ စသည်တို့ကို လိုအပ်သည်ထက် ပို၍ ကန့်သတ်ချက်ကျော်လွန် အသုံးပြုတတ်ကြသည်။

ထိုအခြေအနေများကြောင့် သီးနှံ၊ ဟင်းသီးဟင်းရွက်တို့တွင် ခဲ၊ သွပ်၊ အာဆင်နစ်၊ ပြဒါး၊ ကက်ဒ်မီယမ်နှင့်ဆိုယာနိုက် အဆိပ် အတောက်ဓာတ်များကို ကြွင်းကျန်ဖြစ်ပေါ်စေပြီး လူနှင့်တိရစ္ဆာန်တို့ အပေါ် ဘေးအန္တရာယ်ဖြစ်လာစေနိုင်သည်။ ဓာတ်ပြုကွဲမှုခိုင်မြဲသော ဓာတုပိုးသတ်ဆေးပက်ဖျန်းမှုပိုလျှံသွားခြင်း၊ အသုံးပြုဓာတ်ဆေးနှင့် နည်းစနစ် အချိန် မမှန်ကန်ခြင်းကြောင့် ထိုပတ်ဝန်းကျင်ရှိရေများ၌ လည်းကောင်း၊ ထွက်ရှိလာသော သီးနှံ၊ ဟင်းသီးဟင်းရွက်တွင်လည်း ကောင်း၊ အတိုင်းအတာတစ်ခုအထိ ထိုဆေးကြွင်းကျန်များ (Pesticides residuce) ဖြစ်ပေါ်စေပါသည်။ ယင်းတို့မှာ ပတ်ဝန်းကျင်တွင်ရေရှည် တည်တံ့နိုင်ခြင်း၊ သက်ရှိဇီဝအဆီများတွင် စုပြုံနိုင်ခြင်း၊ နို့၊ အသားနှင့် ဥများမှတစ်ဆင့် လူ့ခန္ဓာကိုယ်တွင်းသို့ ရောက်ရှိနိုင်ခြင်း စသော အာနိသင်ရှိကြသည်။ ထို့အတွက်ကြောင့်ပင် ပျို့အန်ခြင်း၊ တုန်ရီခြင်း၊ (ကြွက်သားအားနည်းခြင်း) ပါးစပ်နှင့်သွားဖုံးရောင်ခြင်း၊ သွားရည် ထွက်ခြင်း၊ မျက်စိနာခြင်း၊ အူရောင်ခြင်း၊ ဝမ်းလျှောခြင်း၊ နောက်ဆုံး သေစေနိုင်သော အခြားရောဂါနှင့် ကင်ဆာရောဂါများကို ဖြစ်ပေါ်စေ နိုင်ကြောင်း တွေ့ရှိရသည်။ ထို့အပြင် တန်ဖိုးမြင့်စားသောက်ကုန် လုပ်ငန်းများတွင် ဓာတုတာရှည်ခံဆေးများနှင့် အသားငါး ထုတ်လုပ် မှုတွင် မပုပ်သိုးရန်၊ နိုက်တြိတ်များ သာမက ကယ်လစီရမ် အောက်စီ ကလိုရိုဒ် (ဖော်မလင်)အလွန်အကျွံ အသုံးပြုခြင်းများလည်း တွေ့ရှိနိုင် သည်။ သီးနှံ၊ ဟင်းသီးဟင်းရွက်အပေါ် အသားအခွံအရွက်များ လန်းဆန်းပြီး တင်းမာနေစေရန် အပေါ်ယံအုပ်ဆေး၊ သုတ်ဆေး၊ စိမ်ဆေးနှင့်မှည့်ဆေးများ နည်းစနစ်သိရှိခြင်းမရှိသောကြောင့် အလွန်အကျွံ သုံးမိတတ်ကြောင်းတွေ့ရသည်။ အရသာတိုးရန်၊ အချို မှုန့် (မိုနိုဆိုဒီယမ်ကလူတမိတ်)အပြင်နှင့် အာဟာရဖြည့်စွက် ပစ္စည်း များအဖြစ် ဖွံ့ဖြိုးကြီးထွားစေသော ဗီတာမင်ဓာတ်၊ သတ္တုဓာတ် လို သည်ထက်ပိုသုံးကြသဖြင့် အဝလွန်အဆီတက်မှုဆိုင်ရာ ဓာတုဆေး ဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေလာသည်ကို တွေ့နိုင်သည်။ ထိုမျှ မက ယခုခေတ်အသုံးပြုများနေသော ပလပ်စတစ်(ကော်) တို့ဖြင့် ပြုလုပ်ထားသော ဗူးများ၊ အိတ်များသုံးရာ၌ မြင့်မားသောအပူရှိန် တစ်ခုခုထည့်မိလျှင် လည်းကောင်း၊ မီးရှို့ခြင်းကြောင့်လည်းကောင်း၊ ဒိုင်အောက်ဆင် (Dioxin) ဓာတ်များထွက်ပေါ်လာစေသည်။ ဒိုင်အောက်ဆင်၏သဘောမှာ အဝါနုရောင်ရှိပြီး ရေတွင်မပျော်ဝင် နိုင်သော ဆီများသောဓာတ်ပစ္စည်းဟုလည်း ခေါ်ဆိုနိုင်ပါသည်။

အသုံးပြုပြီးဆီများအားထပ်ချည်းတလဲလဲ၊ အပူပေး အသုံးပြု ခဲ့သော် ဒိုင်အောက်ဆင်ဓာတ် ဖြစ်ပေါ်စေနိုင်သည်ဟုလည်း သိရ သည်။ ထို Dioxin များသည် လူနှင့်တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်တွင်းရှိ အဆီများအတွင်း၌ စုပ်ဝင်ပေါင်းစပ်နေတတ်ကြသည်။ များသော အားဖြင့် Dioxin ဓာတ်များကို တိရစ္ဆာန်များ၏အဆီများ၊ ဟင်းသီး ဟင်းရွက်အဆီများ (အပြစ်အနှစ်ထောပတ်နို့)၊ ပင်လယ်ငါးသေတ္တာ များ၏ ကိုယ်မှထွက်သော အဆီများနှင့် ငါးနှလုံးတွင်တွေ့ရသော အဆီတွင် ပါရှိကြောင်းသိရသည်။ Dioxin များကြောင့် မူးဝေခြင်း၊ အော့အန်၊ ချောင်းဆိုးခြင်းနှင့်အစာအိမ်လမ်းကြောင်းဒုက္ခပေး၍ ကင်ဆာဖြစ်စေသည်အထိ ဆိုးကျိုးအာနိသင်ရှိကြောင်းသိရသည်။

အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် အန္တရာယ်အမျိုးမျိုးထဲမှ ရုပ်ဝတ္ထုပစ္စည်းများ၏ အန္တရာယ် (Physical Hazards)ဆိုလျှင် စားသောက်ကုန်များအား ထုတ်လုပ်စဉ်၊ သိုလှောင် စဉ်၊ ထုပ်ပိုးစဉ်အတွင်း၌သာ ဆက်စပ်နေသည်။ ထိုအခြေအနေများ တွင် သစ်သားစလေးများ၊ ဖန်အကွဲစလေးများ၊ သတ္တုစလေးများ၊ ပလပ်စတစ်(ကော်)အပိုင်းအစလေးများ၊ ပုလင်းကွဲ အမှုန်အစအန လေးများ၊ စစ်ယူသည့် ဆန်ကာအကျိုးအပဲ့အစိတ်အပိုင်းစများ၊ တစ်ခါ တစ်ရံ အစားအစာထုတ်လုပ်သူများ၏ ဆံပင်၊ ကြယ်သီးနှင့် သားရေ ကွင်းများ၊ လက်သဲခွံ စသော မလိုလားအပ်သည့် ပစ္စည်းများ အမှတ် တမဲ့ ပါဝင်နေခြင်းကို ဆိုလိုပါသည်။ များသောအားဖြင့် မျက်စိနှင့် မြင်နိုင်သဖြင့် ဖြစ်ခဲလှကြောင်း တွေ့ရသည်။ ယင်းအပိုင်းတွင် စား သောက်ကုန်ထုတ်လုပ်သူများ၏ တာဝန်သာဖြစ်၍ သံတိုသံစ၊ သတ္တုစ များနှင့် မလိုလားအပ်သော ပစ္စည်းများကို Test Bars များ X-ray စက်များဖြင့် ဖြတ်သန်းရှာဖွေနိုင်ခဲ့လျှင် စားသုံးသူများအတွက် လုံခြုံ စိတ်ချရမှုရှိလာမည်ဖြစ်ပါသည်။

နောက်ဆုံး ဓာတ်မတည့်ပစ္စည်းများပါဝင်သဖြင့် ဓာတ်မတည့် မှု၊ ယားယံမှုအန္တရာယ်များ (Allergens) တွင် ဆေးပညာအရ စား သုံးသူ ကိုယ်ခံအားစနစ်၊ အစိတ်အပိုင်းများ၏ ကြားခံဆောင်ရွက် သော ပဋိပစ္စည်း (အင်မြူနိုဂလိုဗျူလင်အီး LGC) နှင့် စားသုံးသည့် အစားအစာများဓာတ်ပြုခြင်း၊ မပြုခြင်းအပေါ်၌ ဓာတ်တည့်ခြင်း၊ မတည့်ခြင်းကို ဖြစ်ပေါ်စေကြောင်း သိရသည်။ ဖြစ်နေကြအများဆုံး ဓာတ်မတည့်သည့် အစားအစာများတွင် မြေပဲ၊ ပဲငံပြာရည်၊ အရေခွံ မာရေသတ္တဝါ(ခရု)၊ ဂလူတင်ဓါတ်ပါသော (ဂျုံ၊ ရိုင်း၊ ဘာလီနှင့် သက်

**စာမျက်နှာ (၂၄) သို့ ➤**

# သန့်ရှင်းပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ညောင်ဦးမြို့တွင် ကျင်းပသွားမည်

စားသုံးသူရေးရာ ဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)နှင့် စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ ဒေသတွင်းထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများ လုံခြုံစိတ်ချမှုရှိစေရေး၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရေး၊ ဈေးကွက်တွင်ကျယ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်သူအချင်းချင်း ရင်းနှီး၍ နည်းပညာရရှိရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံစိတ်ချမှုရှိစေရေး၊ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့လည်း ထိုးဖောက်နိုင်သည့် အခွင့်အရေးများရရှိစေရန် ရည်ရွယ်၍ 'သန့်ရှင်းပြီး အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များကို ပြည်တွင်းပြည်ပ ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေး' အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ညောင်ဦးမြို့၌ ကျင်းပပြုလုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

'သန့်ရှင်းပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး' အလုပ်ရုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မြင့်က မျက်မှောက်ကာလ စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအပေါ် သုံးသပ်ဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးမှ စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ဒေါက်တာကျော်ကျော်က အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေးအကြောင်း သိကောင်းစရာခေါင်းစဉ်များဖြင့်လည်းကောင်း ဆွေးနွေးတင်ပြသွားမည်ဖြစ်ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများ၊ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ၊ လက်လီလက်ကား ရောင်းချသူများ၊ ဈေးသူဈေးသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **မျိုးသီတာ (မြင်းခြံ)**

## ယင်းမာပင် ခရိုင်ရှိ ယင်းမာပင်မြို့မဈေးနှင့် ပုလဲမြို့နယ်ရှိ မင်းတိုင်ပင်ကျေးရွာ ဈေးများတွင် ထုတ်ကုန်လုံခြုံစိတ်ချမှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး

ယင်းမာပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများသည် မိတ်ဖက်အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ စက်တင်ဘာလ ၁၂ ရက်တွင် ယင်းမာပင်မြို့မဈေးအပြင်ဘက်ရှိ ကုန်မျိုးစုံဆိုင်များ၊ စားသောက်ဆိုင်များကိုလည်းကောင်း၊ စက်တင်ဘာလ ၁၄ ရက်တွင် ပုလဲမြို့နယ်ရှိမင်းတိုင်ပင်ကျေးရွာဈေးတွင် ကွမ်းမျိုးစုံဆိုင်များ၊ စားသုံးဆီဆိုင်များ၊ ငါးပိငါးခြောက်ဆိုင်များ၊ ကုန်မျိုးစုံဆိုင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိမရှိကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဦးစီးမှူး ဒေါ်ခိုင်မို့မို့က ငါးပိငါးခြောက်ဆိုင်များတွင် ယင်မနားဆေးများ သုံးစွဲနေသည်ကို တွေ့ရှိရသဖြင့် သဘာဝထက် လွန်ကဲသော ဓာတုဆေးများ အသုံးမပြုကြရန်၊ သက်တမ်းကုန်ဆုံးနေသော စားသောက်ကုန်များအား ရောင်းချခြင်းမပြုရန် ဆွေးနွေးခဲ့သည်။

ခရိုင်ဦးစီးမှူး ဦးဖေသန်းဝင်းကလည်း ထုတ်ကုန်များတွင် ပါဝင်ရမည့် အမှတ်တံဆိပ်များနှင့် ပါဝင်ပစ္စည်းများ၊ FDA ၏ ထောက်ခံချက်များ ပါဝင်မှု ရှိ/မရှိနှင့် စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ထုတ်လုပ်ကြရန် ပြောကြားခဲ့သည်။ ထို့နောက် ပူးပေါင်းအဖွဲ့သည် ဈေးအတွင်း လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ခိုင်မို့မို့ (မြင်းမူ)**

## ဂန္ဓမာပန်းစိုက်ပျိုး မိသားစုများ အပိုဝင်ငွေတိုးပွားနေ

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီး မြို့နယ်၊ ဘိုက်သရက်ကျေးရွာမှ ဥယျာဉ်ခြံစိုက်ပျိုးလုပ်ကိုင်သူများသည် ဂန္ဓမာပန်း စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေတိုးပွားလျက်ရှိကြောင်းသိရပါတယ်။

ဂန္ဓမာပျိုးပင်များကို ယင်းမာပင် မြို့နယ်၊ ဇီးတောကျေးရွာမှ မှာယူစိုက်ပျိုးကြပြီး ပျိုးပင်တစ်ပင်လျှင် ၈ ကျပ်နှုန်းဖြင့် ဝယ်ယူရကြောင်း၊ စိုက်ပျိုးရာတွင် နှစ်ပေအကျယ်မြေသားများပြုလုပ်၍ ပျိုးပင်တစ်ပင်နှင့် တစ်ပင်ခြောက်လက်မပတ်လည်အကွာတွင် တန်းပေးစိုက်ပျိုးကြသလို မြေဧကအကျယ်ပေါ် မူတည်၍ စိုက်ပျိုးကြပြီး ညနေတိုင်း ရေဖျန်းပေးရပါတယ်။

စတင်စိုက်ပျိုးသည့်အချိန်မှစပြီး လေးလအကြာမှာ ပန်းပွင့်စုံချိန်တွင် ကိုင်းဖြတ်ရောင်းချကြပါတယ်။ သုံးခက်စည်းတစ်စည်းလျှင် ကျပ် ၅၀၀ ဖြင့် ရောင်းချရပါတယ်။ ပင်မမှ သားတက်များ ဆက်လက်ထွက်လာပြီး နောက်တစ်ကြိမ် ဖြတ်ခူးရောင်းချနိုင်ပါတယ်။ ဂန္ဓမာပန်း တစ်ခါစိုက်လျှင် အနည်းဆုံး နှစ်ကြိမ်မှ သုံးကြိမ်ခန့်အထိ ပန်းပွင့်လေ့ရှိသလို သုံးကြိမ်မြောက်ပွင့်ပြီးလျှင် အပွင့်များသေးငယ်သွားတာကြောင့် ဖယ်ရှားပြီးထပ်မံစိုက်ပျိုးကြရပါတယ်။ ဂန္ဓမာပန်းက ရာသီမရွေးစိုက်ပျိုးလို့ရပြီး ပြုစုပေးသလောက် ဝင်ငွေရတဲ့အတွက် ဂန္ဓမာပန်းစိုက်ပျိုးခြင်းဖြင့် မိသားစု ဝင်ငွေ နေ့စဉ်ရရှိလို့ အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။ **မိုးမိုးမြင့်**

## အာဆီယံသပြေစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်း၍ ဝင်ငွေကောင်း

ဆားလင်းကြီးမြို့နယ်၊ ရုံးပင်ရိုးထန်းတောကြီးကျေးရွာတွင် အာဆီယံသပြေစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ပုံမှန်ဝင်ငွေရရှိနေသောကြောင့် သပြေပန်းစိုက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။

နှစ်ရှည်ပင်ဆိုတော့ ပထမနှစ်အရင်းကျေပါတယ်။ နောက်နှစ်တွေကျရင်တော့ အပင်ပြုစုခြင်း၊ အပင်အောက်မှ ရွက်ခြောက်ကောက်ခြင်း၊ ရေဖျန်းခြင်း၊ အရွက်တွေ ပိုးလိပ်ချိန်မှာ ဆေးဖျန်းခြင်းစတာတွေတော့ ပြုလုပ်ပေးရပါတယ်။ အပင် တစ်ပင်နဲ့ တစ်ပင် သုံးပေခန့်ထိခြားစိုက်ရပြီး ပျိုးပင်ကတော့ တစ်ပင်လျှင် ကျပ် ၂၀၀မှ ကျပ် ၈၀၀ထိ ရှိပါတယ်။ နေ့စဉ် ကိုက်ရောင်းချရပြီး တစ်စည်းကို ကျပ် ၃၀၀ နဲ့ တစ်ဆင့်ပြန်ရောင်းချသူများမှ လာရောက်ဝယ်ယူပါတယ်။ ဈေးကောင်းတော့ သပြေပန်းစိုက်တောင်သူတွေအတွက် အဆင်ပြေပြီး နေ့စဉ်ဝင်ငွေရတဲ့အတွက် အဆင်ပြေလျက်ရှိကြောင်း သိရပါတယ်။ **မိုးမိုးမြင့်**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရီမီယို (၂၀၀၁) | F | ၁၇၅ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | အာလ်ဖတ် (၂၀၀၅) | M | ၄၈၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဒီမီယို (၂၀၁၂) | ယာယီ | ၂၁၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၃) | N | ၂၄၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဘယ်လ်တာ (၂၀၁၁) | G | ၁၆၀ သိန်း | 1 .3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | မတ်(ခ်)တူး (၂၀၀၃) | J | ၂၆၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မတ်(ခ်)အိပ်စ် (၂၀၀၆) | ယာယီ | ၃၇၅ သိန်း | 3.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | အေဒီဗင် (၂၀၁၂) | ယာယီ | ၁၆၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၉။ | ပရိုဘောက် (၂၀၁၂) | ယာယီ | ၁၇၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အိမ်/မြေ | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်းသွယ် | (၄၀ x ၆၀) ပေ | ပျဉ်ထောင်(၁)ထပ် | ၃၅၀၀ သိန်း | လမ်းကောင်း ရပ်ကွက်ကောင်း | ၀၉/၄၂၂၇၂၈၃၃၉ |
| ၂။ | အိမ်/မြေ | ဒဂုံမြို့သစ်(မြောက်ပိုင်း) | (၄၀ x ၆၀) ပေ | RC (၁) ထပ် | ၁၅၀၀ သိန်း | ပင်လုံလမ်းမ | ၀၉/၉၇၆၂၁၁၁၂၃ |
| ၃။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း | ၇၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၄၅၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၄။ | ကွန်ဒို | အလုံမြို့နယ်၊ အလုံလမ်းကွန်ဒို | ၁၈၀၀ စ/ပေ | MB (၂)၊ BR(၁) | ၂၈၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (၁)၊ BR(၂) | ၁၆၀၀ သိန်း | ပစ္စည်းစုံ၊ အသင့်နေ | ၀၉/၄၅၂၁၉၄၄၃၉ |
| ၆။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ပေ | (၄) လွှာ၊ ဟောလ် | ၃၃၀ သိန်း | | ၀၉/၄၂၂၇၂၈၃၃၉ |
| ၇။ | အိမ်/မြေ | မန္တလေး၊ လမ်း (၈၁ x ၈၂)ကြား၊ (၂၉) လမ်း | (၂၅ x ၅၀) ပေ | RC (၂) ထပ် | တစ်သောင်း ခြောက်ထောင် | မြို့လယ်အချက် အချာကျ | ၀၉/၄၂၂၇၂၈၃၃၉ |
| ၈။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ ပြည်တော်သာ(၄)လမ်း | ၁၅၀၀ စ/ပေ | RC (၂) ထပ် | ၁၃၅၀ သိန်း | လမ်းသန့်၊ ရပ်ကွက်သန့် | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ နန်းမြိုင်လမ်းသွယ် | မြေ ၆၀၀၀ စ/ပေ အိမ် ၁၂၀၀ စ/ပေ | RC (၁) ထပ်၊MB (၃) ခန်း | ၃ ဒသမ ၈ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁၁၇၂၆၂ |

# ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့် ဝန်ဆောင်မှုအရည်အသွေး မြင့်မားရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပ

ကရင်ပြည်နယ်အတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုအရည်အသွေး မြင့်မားရေးနှင့် စီးပွားရေးလုပ်ငန်းများ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၂ ရက်က ဘားအံမြို့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

ဆွေးနွေးပွဲကို ကရင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ပုသိမ်မြို့မှ AIBI Institute တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ကရင်ပြည်နယ် ကုန်သည်/စက်မှုအသင်း ဥက္ကဋ္ဌ ဦးစောဟန်အေးနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ ရေသန့်စက်ရုံများနှင့် စားသောက်ကုန် လုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ သတင်းထောက်များ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက ပြည်နယ်တွင်း စီးပွားရေးလုပ်ငန်းများ၏ ရပ်တည်နေမှု အခြေအနေများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ လုံခြုံစိတ်ချရမှု လိုအပ်နေမှုများနှင့် အရည်အသွေးမီ ကုန်စည်များဖြစ်စေရေး၊ အာမခံနိုင်မှုရှိစေရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်တွင်းသာမက ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေး၊ စီးပွားရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ရေး၊ နိုင်ငံတကာ စံနှုန်းများရရှိရေး၊ ယှဉ်ပြိုင်နိုင်မှု မြင့်မားစေရေးဆောင်ရွက်သင့်သည်များ၊ ကြိုတင်ပြင်ဆင်သင့်သည်များအား အကြံပြုဆွေးနွေးပါသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး၊ AIBI Institute ဥက္ကဋ္ဌ ဦးမောင်မောင်ဦးက စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ဆောင်မှုများ၊ ကောင်းမွန်သော ဝန်ဆောင်မှုများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး ( HRD ) ဆောင်ရွက်သင့်သည်များ၊ အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုများ၊ ကုန်စည်များရရှိရေးအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် တွေးခေါ်မျှော်မြင်မှုပိုင်းဆိုင်ရာများ၊ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုများအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပါသည်။ တက်ရောက်လာသူများအနက် ဦးစောဟန်အေးက စီးပွားရေးလုပ်ငန်းများရှိ ဝန်ထမ်းများ၊ လုပ်သားများအလုပ်တည်မြဲရေး (မကြာခဏ အလုပ်ထွက်ခြင်း)အတွက် မည်သို့ဆောင်ရွက်သင့်သည်ကို လည်းကောင်း၊ Hpaan Lodge Hotel မှ အထွေထွေမန်နေဂျာ ဦးစောကျော်ဇောလင်းက လုံခြုံစိတ်ချရမှု မရှိသည့် စားသောက်ကုန်များအား စစ်ဆေးအရေးယူမှု အခြေအနေများအား သိရှိလိုကြောင်း မေးမြန်းချက်အပေါ် ပြည်နယ်ဦးစီးမှူးနှင့် ဦးမောင်မောင်ဦးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **အေးအေးစိုး(ဘားအံ)**

# ကျုံပျော်မြို့နယ်တွင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး ပီလောပီနံ စိုက်ပျိုးရေးနည်းပညာပေး သင်တန်း ဖွင့်လှစ်

ကျုံပျော်မြို့နယ်၏ ရေမြေသဘာဝသည် ပီလောပီနံစိုက်ပျိုးရာတွင် အောင်မြေဖြစ်ထွန်းသော ဒေသတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း အများဆုံးစိုက်ပျိုးလျက်ရှိသော မြို့နယ်တစ်ခုဖြစ်၍ ပြည်တွင်းပြည်ပ ဈေးကွက်ဝင် ပီလော ပီနံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးနှင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဒေသခံတောင်သူများ ဝင်ငွေတိုးပွားလာပြီး မိမိတို့ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ယခုလို သင်တန်းဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံအသင်း ဥက္ကဋ္ဌ ဦးကျော်သူရက ပြောပါသည်။

အဆိုပါ နည်းပညာပေးသင်တန်းကို ကျုံပျော်မြို့၊ တရုတ်ဘုရားကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပီလောပီနံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းနှင့် တရုတ်နိုင်ငံ Guangxi Cassava Research Institute မှ Professor and Deputy Director Mr.Li Jun နှင့် Agronomist Ms.Luo Yanchun တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး နည်းပညာပေးသင်တန်းကို စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံ၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းပီလောပီနံအသင်း ဥက္ကဋ္ဌ ဦးကျော်သူရ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျုံပျော် မြို့နှင့် လေးမျက်နှာမြို့နယ်များမှ ပီလောပီနံစိုက်တောင်သူ ၆၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

စားသောက်ကုန်၊ လူသုံးကုန်နှင့် စက်မှုကုန်ကြမ်းသီးနှံအဖြစ် ဈေးကွက်ရှိသော ပီလောပီနံများ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ရေး ပြည်ပဈေးကွက်တင်ပို့ရာတွင် အရည်အသွေးမီ တင်ပို့နိုင်ရန်သာမက ပီလောပီနံနှင့် အခြားသီးနှံများ တွဲဖက်စိုက်ပျိုးနိုင်စေရန်နှင့် ခေတ်မီစက်ကိရိယာများ ကိုင်တွယ်အသုံးပြုတတ်စေရန် အပြင် ပြည်ပနိုင်ငံများတွင် ပီလောပီနံစနစ်တကျ စိုက်ပျိုးထုတ်လုပ်မှု၊ ကုန်ချောထုတ်လုပ်မှု၊ အသုံးပြုမှု၊ ဈေးကွက် အခြေအနေတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်း သင်ကြားပို့ချပေးပြီး တက်ရောက်လာသူများမှလည်း သိလိုသည်များကို မေးမြန်းခဲ့ရာ သင်တန်းမှ တာဝန်ရှိဆရာများက ပြန်လည် ဆွေးနွေးဖြေကြားပေးခဲ့သည်။ **မင်းမင်းဦး (ပုသိမ်)**

## မွန်ပြည်နယ်တွင် “အရှေ့အနောက် စီးပွားရေးလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေး လုပ်ဆောင်မှု စွမ်းရည်မြှင့်တင်ရေး စီမံကိန်း” သင်တန်းဖွင့်လှစ်

အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ အစီအစဉ်ဖြင့် ‘အရှေ့အနောက် စီးပွားရေးလမ်းကြောင်းတစ်လျှောက်ရှိ နွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေးလုပ်ဆောင်မှုစွမ်းရည် မြှင့်တင်ရေး စီမံကိန်း’ သင်တန်းကို မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံး၌ စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် စက်တင်ဘာ ၁၃ ရက်၌ ADB မှ ဒေါ်စိမ်းလဲ့လဲ့ထက်က ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများအတွက် စီးပွားရေး လုပ်ဆောင်မှုစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်းအကြောင်းနှင့် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းနှင့် သုံးသပ်ခြင်း၊ Gender နှင့် ပတ်သက်သော အကြောင်းအရာများ၊ မတူညီသော လုပ်ငန်းများကို အသိအမှတ်ပြုခြင်း၊ ပညာပေးပတ်လမ်းကို ကြည့်ခြင်းနှင့် သုံးသပ်ခြင်း၊ ပြောင်းလဲပေးနိုင်သော အရာများ သတ်မှတ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းကိုလည်းကောင်း၊ ထို့နောက် ADB မှ Mr. Paul Ramirez Tapia မှ ၂၀၁၇-၂၀၁၈ စီမံကိန်းအကြောင်းကိုလည်းကောင်း သင်ကြားပို့ချခဲ့ပါသည်။

စက်တင်ဘာ ၁၄ ရက်တွင် ADB မှ ဒေါ်စိမ်းလဲ့လဲ့ထက်က အမျိုးသမီးများ စီမံကိန်းတွင် ပူးပေါင်း ပါဝင်လာစေရေး၊ လက်ရှိစီမံကိန်းများ၏ အတွေ့အကြုံ၊ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်မှု၊ ခေါင်းဆောင်မှုကို မြှင့်တင်ရန် သော့ချက်၊ လက်တွေ့ကျကျ လုပ်ဆောင်နိုင်သောအရာများ၊ ဆင်းရဲနွမ်းပါးသူများနှင့် အမျိုးသမီးများ၏ အခက်အခဲကို မည်သို့ဖြေရှင်းမည်နည်း စသည့်အကြောင်းအရာများအား သင်ကြားပို့ချခဲ့ပါသည်။ ထို့နောက် တစ်နေ့တာ သင်ကြားမှုများအား အုပ်စုအလိုက် ပြန်လည်ဆွေးနွေးခဲ့ကြပါသည်။

သင်တန်းသို့ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၂၇ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မိုးမိုး (မွန်)**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |


# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၈-၉-၂၀၁၇ မှ ၂၄-၉-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ကိုင်ရာတွင် ငွေကြေးအရင်းအနှီးများပုံအောပြီး မလုပ်သင့်သေးပါ။ ချိန်ဆ၍ဆောင်ရွက်သင့်ပါသည်။ စိတ်သောက များရတတ်သည်။ အတွေ့အကြုံသစ်များလည်း ရရှိလာတတ်ပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ရောဂါဖြစ်ချင်သလို ကြုံရလေ့ရှိသော်လည်း ဉာဏ်ဖြင့် ဆင်ခြင်ဆောင်ရွက်သဖြင့် ကျန်းမာရေးကောင်းသည်က များတတ်ပါသည်။ အိမ်ထောင်ရေး တည်ငြိမ်မှုရှိနေမည်။

**ယတြာ။ တောက်ပသော ကြက်သွေးရောင်ဆောင်ပါ။**




**တနင်္လာသားသမီးများအတွက်** စီးပွားရေးနယ်ပယ်တွင် စာရင်းအင်းပညာနှင့် ကျော်စောမှုရှိနေမည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အကျိုးပေးပိုမိုကောင်းမွန်နေမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ရှိတတ်သည်။ ငွေဝင်တတ်သော်လည်း ငွေမမြဲဖြစ်နေတတ်ပါသည်။ စိတ်စေတနာထက်သန်မှုရှိမည်။ စည်းစနစ်ကြီးမားပြီး အလှအပကို ကြိုက်နှစ်သက်တတ်သည်။ ကျန်းမာရေးတွင် ကိုယ်ခံအားကောင်းနေမည်။ အစာအိမ်နှင့်ပတ်သက်သောဝေဒနာ၊ ဝမ်းပျက်ဝမ်းလျှောဝေဒနာခံစားရတတ်သည်။ အိမ်ထောင်ရေးတွင် ဝမ်းသာပျော်ရွှင်မှုများ ရှိနေတတ်ပါသည်။

**ယတြာ။ ။ပုလဲ၊ ဂေါ်မုတ်ဆောင်ပါ။**




**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အောင်မြင်ကြီးပွားဖို့ဆိုလျှင် အချိန်နှင့်အမျှကြံစည်လုပ်ကိုင်မှ အောင်မြင်တိုးတက်လိမ့်မည်။ စက်ရုံအလုပ်ရုံနှင့် ရေနံထွက်ပစ္စည်းများ အကျိုးပေးပါသည်။ မိမိ၏ကြိုးစားမှု ကြောင့် အကျိုးတူစီးပွားရေးလုပ်ငန်းများ အောင်မြင်မှုရရှိလိမ့်မည်။ အိမ်ထောင်ရေးဘဝ ကောင်းမွန်ပြီး အချစ်ရေး သံသရာလည်နေတတ်ပါသည်။ ကျန်းမာရေးတွင် ရာသီဥတုကြောင့် ခန္ဓာကိုယ်၏ ဖောက်ပြန်တတ်သောရောဂါ အနည်းငယ်ဖြစ်တတ်သည်။

**ယတြာ။ ။ပန်းနုရောင်အသုံးအဆောင်ပစ္စည်း ဆောင်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေသူများအတွက် ကံကောင်းမည့် အချိန်ဖြစ်သည်။ အရာရာတိုင်းတွင် ပညာဉာဏ်အတွေးအခေါ် ရှိရှိဖြင့်သာ ပြောဆိုတတ်သည်။ အချစ်ရေးတွင် သနား ကြင်နာမှုများနှင့်အတူ ချစ်သူများဖြစ်လာတတ်သည်။ ကျန်းမာရေးဂရုစိုက်ရန် မေ့လျော့တတ်သည်။ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုရှိပြီး ပြင်းပြင်းထန်ထန် ခံစားရတတ်သော ရောဂါဝေဒနာ မရှိတတ်ပါ။

**ယတြာ။ ။အေးမြသောအစိမ်းရောင် ပစ္စည်းဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးအလုပ်အကိုင်များတွင် ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းများနဲ့ ပို၍လုပ်ဖြစ်လာတတ်သည်။ သာမန်ဆက်ဆံရသော အသိုင်းအဝိုင်းနှင့်အဆင်မပြေမှု စိတ်အနှောင့်အယှက်ဖြစ်စရာများရှိတတ်သည်။ လျှပ်တစ်ပြက် ဉာဏ်ထက် ရေရှည်အမျှော်အမြင်ဘက်၌ ပို၍ကောင်းနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ရင်မောနေရတတ်သည်။ အထူးသဖြင့် မိမိနေထိုင်မှုကို သင့်မသင့်၊ အသိဉာဏ်ဖြင့် ချိန်ဆလေ့လာသဖြင့် ကျန်းမာရေးကိုများစွာ အထောက်အကူဖြစ်နေတတ်ပါသည်။

**ယတြာ။ ။နံ့သာရောင်၊ ရွှေဝါရောင် ဆောင်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ဝါသနာပါမှုများအားနည်းသော လုပ်ငန်းများ လုပ်ကိုင်နေရတတ်သည်။ ငွေကြေးလုပ်ငန်းတွင် သိုသိုသိပ်သိပ်နှင့်ကံဉာဏ်ဝီရိယပေါ်မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ လျှို့ဝှက်နက်နဲသောပညာရပ်များကို စိတ်ဝင်စားနေလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေး သင့်တင့်မှုရှိနေမည်။ ကျန်းမာရေးတွင် ဦးနှောက်အာရုံကြောဝေဒနာခံစားရမှုရှိနေတတ်သည်။

**ယတြာ။ ။အဖြူရောင်၊ အဝါနုရောင်ဆောင်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးဖိုချောင်သုံးပစ္စည်းများနှင့် စားသောက်ကုန်၊ ငရုတ်ကောင်း၊ ငရုတ်ပွနှင့်ကြက်သွန်ပွဲရုံလုပ်ငန်း၊ လက်ကားဒိုင်လုပ်ငန်းများ အကျိုးပေးပါသည်။ ကာလဒေသကိုအခြေခံ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ပါက အကျိုးပေးအမြတ်ရရှိမည်ဖြစ်ပါသည်။ သိမြင်တတ်ကျွမ်းပြီးသားပညာရပ်များကို ဝေဖန်ပိုင်းခြားတတ်ကျွမ်းနိုင်စွမ်းရှိနေမည်။ ကျန်းမာရေးကောင်းမွန်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအဆင်ပြေနေမည်။

**ယတြာ။ ။နေကြာစေ့လှော်လှူပါ။**

## ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့၌ စက်တင်ဘာလ ဒုတိယပတ်တွင် ဧည့်မထစပါးဆန်ဈေးနှုန်းအနည်းငယ်မြင့်တက်

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အချို့၌ စက်တင်ဘာလ ဒုတိယပတ်တွင် ဧည့်မထစပါး၊ ဆန် ဈေးနှုန်းများမှာ လဆန်းပိုင်းဈေးထက် အနည်းငယ်မြင့်တက်လျက်ရှိကြောင်း သိရသည်။ စက်တင်ဘာလပထမပတ်က ပုသိမ်၊ သာပေါင်း၊ ငပုတော၊ ကျုံပျော်၊ ရေကြည်၊ ကျောင်းကုန်းမြို့နယ်တို့တွင် ဧည့်မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၈၀၀၀၀ မှ ကျပ် ၅၀၀၀၀၀ ဈေးတွင် ဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ မှ ယခုစပါးဈေး ကျပ် ၅၀၀၀၀၀ မှ ကျပ် ၅၂၀၀၀၀ ဈေးရှိသည့်အချိန်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၂၁၅၀၀ မှ ကျပ် ၂၁၈၀၀ ဈေးရှိခဲ့ကြောင်း၊ ဧည့်မထနွေစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၆၀၀၀၀ မှ ကျပ် ၄၇၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀ မှ ယခုစပါးဈေး ကျပ် ၄၈၀၀၀၀ မှ ကျပ် ၄၉၀၀၀၀ ရှိသည့်အချိန်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၂၀၅၀၀ မှ ကျပ် ၂၁၀၀၀ ဈေးသို့ အနည်းငယ် မြင့်တက်သွားကြောင်း ဆန်စပါးဈေးကွက်မှသိရသည်။

အလားတူ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်မြို့နယ်တို့တွင် ဧည့်မထမိုးစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀ ကျပ် ၅၁၀၀၀၀ မှ ယခု လက်ရှိဈေး ကျပ် ၅၂၀၀၀၀ - ကျပ် ၅၃၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ မှ လက်ရှိဈေး ကျပ် ၂၂၅၀၀ မှ ကျပ် ၂၃၅၀၀ ဈေးအတွင်းရှိပြီး စပါးဈေးတင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၁၀၀၀ ဝန်းကျင်ဈေး နှုန်းမြင့်တက်သွားကြောင်း၊ မိုးစပါးပေါ်ခါနီး စပါးဟောင်းလက်ကျန်များ လျော့နည်းလျက်ရှိချိန်၌ ဈေးကွက်အရောင်းအဝယ်သွက်သော မြို့နယ်များတွင် ဆန်စပါးဈေးနှုန်းမြင့်တက်လျက်ရှိပြီး အရောင်းအဝယ် ပုံမှန်ရှိသော မြို့နယ်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

**စာမျက်နှာ (၂၁) ➤➤➤ အစားအစာအန္တရာယ်ကင်းရှင်းရေးနှင့် သက်ဆိုင်သည့် . . . . မှအဆက်**

ဆိုင်သောထုတ်ကုန်များ)၊ နို့နှင့်နို့ထွက်ပစ္စည်း (မယ်လမင်း ဓာတ်ပါ)၊ ပဲပုပ်နှင့်ထွက်ကုန်များ၊ အခွံမာအသီးတွင် ပြင်းအား ၁၀ မီလီဂရမ်/ ကီလိုဂရမ်အထက်ရှိ ဆာလဖိုက်များပါဝင်ခဲ့လျှင် ဓာတ်မတည့်မှုဖြစ်ပေါ်စေကြောင်း တွေ့နိုင်သည်။ ဓာတ်မတည့်မှုများကြောင့် အရေပြားအပိန့်ထွက်ခြင်း၊ ယားယံခြင်း၊ အင်ပြင်ထွက်ခြင်း၊ အသက်ရှူမဝခြင်း၊ လျှာ၊ လည်ချောင်းများ၊ နှုတ်ခမ်းများယောင်လာခြင်း၊ ဗိုက်နာခြင်း၊ အဆုံးတစ်နေ့ အပြင်းထန်ဆုံးမှာ သေစေခြင်း ကို ဖြစ်စေနိုင်ကြောင်း သိပြီးဖြစ်ပါသည်။ ထို့ကြောင့် မိမိထုတ်လုပ်လိုက်သော စားသောက်ကုန်များအပေါ် ထုပ်ပိုးမှုတွင် ဓာတ်မတည့်မှုကို အရောင်ရင့်ရင့်နှင့် ပြထားကြပြီး ဓာတ်မတည့်ပစ္စည်းများပါခဲ့လျှင် ပလပ်စတစ်ကာ၍ အခြားစားသောက်ကုန်များနှင့် ရောနှောမထားသင့်ကြောင်းလည်း သိရမည်ဖြစ်သည်။

ခြုံငုံပြီးဆိုရလျှင် အစားအစာများအတွင်း ဖြစ်ပေါ်စေနိုင်သော ဘေးအန္တရာယ်တို့သည် လူနှင့်တိရစ္ဆာန်တို့အပေါ် အမြဲတစေ ဥပဒ်ပေးပါသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ထိုအန္တရာယ်လျော့ပါးစေရန် လယ်ယာသီးနှံသားငါး ထုတ်လုပ်သူများ၊ အသင့်စား အစားအစာ ထုတ်လုပ်ရေးလုပ်ငန်းများ၊ အစားအသောက်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် စားသောက်ဆိုင်များ အနေဖြင့် မသန့်ရှင်းသောအရာ များမဝင်ရောက်နိုင်ရန်၊ မပေါက်ပွားနိုင်ရန် အထူးအလေးပေးဆောင်ရွက်သင့်ပါသည်။ အစားအစာကိုင်တွယ်ထုတ်လုပ်သူများအား တစ်ကိုယ်ရေသန့်ရှင်းရေးအပြင် လုပ်ငန်းအပေါ်ပြီးစလွယ်လုပ်ဆောင်လိုသောခံယူချက်များကို စောင့်ကြည့်စစ်ဆေးပညာပေးသင့်ပါသည်။

မိမိ၏စီးပွားရေးအမြတ်အစွန်းတစ်ခုတည်းကိုသာ အဓိကထားပြီး၊ အရည်အသွေးထက် အရေအတွက်များများ ထုတ်လုပ်ရောင်းချမှုကြောင့်ဈေးကွက်တွင်ပိုလျှံနေပြီး၊ စားသုံးသူများကိုရက်လွန်နေသောအစားအစာအဖြစ် စားသောက်မိခြင်းမဖြစ်ပွားစေရန် စေတနာ ထားတတ်ရန်လည်းလိုအပ်ပါသည်။ မိမိ၏စားသောက်ကုန်တို့အား အန္တရာယ်ကင်းမကင်း၊ သန့်ရှင်းလတ်ဆတ်မှုရှိမရှိကို လုပ်ငန်းခွင်အတွင်း ပြန်လည်စိစစ်နိုင်ရန်နှင့်အချိန်မရွေး အခြားသက်ဆိုင်ရာတာဝန်ရှိသူများ၏ စစ်ဆေးအတည်ပြုချက်ရယူနိုင်ရန်လည်း အသင့်အနေအထားရှိရန်လိုပါသည်။

ထို့ကြောင့် အဆိုပါမသန့်ရှင်းသော ဘေးအန္တရာယ်ဖြစ်စေသောအရာများ၊ စားသောက်ကုန်တို့အတွင်း ဝင်ရောက်၍ဖြစ်နိုင်ချေရှိသည့် အကြောင်းရင်းတို့ကို ကြိုတင်ကာကွယ်ရန် နည်းပညာနှင့် အသိပညာသာ အခြေခံပါသည်။ ထို့ပြင် ထွက်ကုန်များအပေါ် အရည်အသွေး ပြန်လည်စိစစ်သည့်နည်းပညာရှင်များနှင့် စောင့်ကြည့်စစ်ဆေးသော တာဝန်ရှိသူများအနေဖြင့် တာဝန်နှင့် လုပ်ငန်းအပေါ် သွေဖည်သွားခြင်းမရှိဘဲ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ရန်လည်း အခြေခံလိုအပ်ပါသည်။

သို့မှသာ ဈေးကွက်ရောက် စားသောက်ကုန်များ၏ အရည်အသွေးများ မနိမ့်ကျသလို ကျရောက်လာနိုင်ဖွယ်ရှိသော ရောဂါဘေးဥပဒ်အန္တရာယ်များလည်း လျော့ပါးသွားမည်ဖြစ်ပါကြောင်း သိရှိလေ့လာထားသမျှပြန်လည်မျှဝေရေးသားလိုက်ပါသည်။

## Commerce ကာတွန်း



# ငွေစက္ကူထက်ပိုင်းပြတ်များဖြင့် ယာဉ်စီးခပေးချေ၍ ပြန်အမ်းငွေရယူနေခြင်းတွေ့ရှိက အမှုဖွင့်တိုင်ကြားမည်

YBS ယာဉ်လိုင်းအချို့တွင် ငွေစက္ကူထက်ပိုင်းပြတ်များဖြင့် ယာဉ်စီးခပေးချေနေမှုများကို တွေ့ရှိပါက ရဲစခန်းသို့ တိုင်ကြားသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ပြ အများပြည်သူသယ်ယူပို့ဆောင်ရေး အများပိုင် ကုမ္ပဏီ(YUPT) ဒုဥက္ကဋ္ဌ ဦးကိုကိုနိုင်က ပြောကြားသည်။

ရန်ကုန်မြို့တွင်းသို့ ပြေးဆွဲနေသည့် YBS 7 နှင့် YBS 3 တို့တွင် ၁၀၀၀ တန်ငွေစက္ကူကို ထပ်ပိုင်းဖြတ်ကာ ယာဉ်စီးခပေးချေနေမှုများတွေ့ရပြီး ပြန်အမ်းငွေရယူနေသော ခရီးသည် အချို့ရှိနေကြောင်း သိရသည်။

"YBS 7 နှင့် YBS 3 တို့တွင် ထပ်မံတွေ့ရှိရသော ၁၀၀၀ ကျပ်တန် အပိုင်းအစများကို ယာဉ်မောင်းများ သတိထား စောင့်ကြည့်ရန် မှာကြားထားပြီး တွေ့ရှိပါက ရဲစခန်းအပ်နှံကြရန် မှာကြားထားကြောင်း" ဦးကိုကိုနိုင်က ဆိုသည်။

၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းမှစတင် ကာ ရန်ကုန်မြို့ အများပြည်သူသယ်ယူ ပို့ဆောင်ရေးအတွက် ယခင် မထသ စနစ်မှ YBS စနစ်သို့ ပြောင်းလဲခဲ့ရာ ဇူလိုင်လကုန်ပိုင်းတွင် ယာဉ်အကူ (စပယ်ယာ)မထားတော့ဘဲ ငွေပုံးများဖြင့်သာ ယာဉ်စီးခ ကောက်ခံနေကြောင်း သိရသည်။

ထိုသို့ ငွေပုံးစနစ်စတင်၍ မကြာမီပင် ငွေအကြွေ ရှားပါးမှုပြဿနာ ပေါ်ပေါက်လာပြီး YBS ယာဉ်လိုင်း ကုမ္ပဏီများမှ ခရီးသည် များပြားသည့် ကားဂိတ်နေရာများတွင် ငွေအကြွေလဲလှယ်ပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

တောင်ဒဂုံမြို့နယ်မှ YBS 7 ကိုနေ့စဉ်စီးနင်းနေသူ ကိုသားကြီးက "ဒါမျိုးကတော့ ဘယ်ကောင်းနိုင်ပါ့မလဲ။ အခွင့်အရေးသမားကတော့ အမြဲတမ်း ရှိနေတာပဲ။ ကားခမထည့်ဘဲ ခိုးစီးတာတောင် နှစ်ခါလောက် တွေ့ဖူးတယ်" ဟု ပြောကြားသည်။

တရားဝင်ထုတ်ဝေထားသော ငွေစက္ကူများကို စုတ်ဖြဲခြင်းမှာ ပြစ်မှုကျူးလွန်ရာရောက်ပြီး တည်ဆဲဥပဒေများအရ အရေးယူနိုင်ကြောင်း ဥပဒေပညာရှင်တစ်ဦးက ဆိုသည်။

# ဆမ်ဆောင်း J Series စမတ်ဖုန်းအမျိုးအစားသစ်နှစ်မျိုးကို ပြည်တွင်းဈေးကွက်သို့ စတင်ဖြန့်ချိ







ဆမ်ဆောင်း J Series စမတ်ဖုန်း အမျိုးအစားသစ်နှစ်မျိုးကို ပြည်တွင်းဈေးကွက်သို့ စတင်ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ စက်တင်ဘာ ၁၂ ရက်တွင် သိရသည်။

ယခုဖြန့်ချိပေးသော ဆမ်ဆောင်း J Series စမတ်ဖုန်း အမျိုးအစား သစ်နှစ်မျိုးမှာ ဈေးနှုန်း ၄၉၅၀၀၀ကျပ်တန်ဖိုးရှိ Samsung Galaxy J7+ နှင့် ဈေးနှုန်း ၂၇၉၀၀၀ ကျပ်တန်ဖိုးရှိ Samsung Galaxy J7 Coreတို့ဖြစ်ကြောင်း သိရသည်။

"Galaxy J Series က မြန်မာနိုင်ငံမှာ ရောင်းအားအကောင်းဆုံး ဖုန်းတွေဖြစ်ပါတယ်။ J7+ စမတ်ဖုန်းက ဓာတ်ပုံရိုက်ဝါသနာပါသူတွေ၊ ဆိုရှယ်မီဒီယာ အသုံးများတဲ့သူတွေနဲ့ လူငယ်တွေအတွက် တကယ်ကို အသုံးဝင်မယ့် ဖုန်းအမျိုးအစားဖြစ်ပါတယ်။ နည်းပညာအသစ်တွေ ထပ်ထည့်ထားတဲ့ Galaxy J Core စမတ်ဖုန်းသစ်ကလည်း သုံးစွဲသူတွေ အကြိုက်တွေ့လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ဆမ်ဆောင်းမြန်မာ၏ Head of IT & Mobile ကိုဇာနည်ဝင်းထက်က ပြောသည်။

Galaxy J7+၏မျက်နှာပြင် အရွယ်အစားမှာ ၅ ဒသမ ၅ လက်မရှိပြီး RAM 4G၊ ဖုန်းတွင်းမှတ်ဉာဏ် 32G ပါဝင်မည်ဖြစ်ပြီး Galaxy J7 Core ၏မျက်နှာပြင်အရွယ်အစားမှာလည်း ၅ ဒသမ ၅ လက်မရှိကာ RAM 2G ၊ ဖုန်းတွင်းမှတ်ဉာဏ် 16G ပါဝင်၍ အဆိုပါဖုန်းများတွင် micro SD Card ထပ်မံထည့်သွင်းကာ 256 GB အထိ တိုးမြှင့်သုံးစွဲနိုင်ကြောင်း သိရသည်။

"အခုထပ်ထုတ်လိုက်တဲ့ စမတ်ဖုန်း အမျိုးအစားသစ်နှစ်မျိုးလုံးမှာ အချိန်ကြာကြာသုံးစွဲနိုင်ဖို့ ဘက်ထရီကို 3,000mAh ထည့်ထားပေးတယ်။Galaxy J7+ က Android Nougat 7.1.1၊ Galaxy J7 Core က Android Nougat ထည့်ထားပေးပါတယ်" ဟု ကိုဇာနည်ဝင်းထက်က ဆက်လက် ပြောကြားသည်။

ထို့ပြင် ဆမ်ဆောင်းမြန်မာနှင့် အူရီဒူးမြန်မာတို့ပူးပေါင်း၍ လစဉ်ဖုန်းငွေ ၅၀၀၀ ကျပ် ဖြည့်သွင်းပေးရုံဖြင့် Galaxy J7+ စမတ်ဖုန်း သုံးစွဲသူများအနေဖြင့် အင်တာနက် 2.5GB ကို ခြောက်လဆက်တိုက်၊ Galaxy J7 Core စမတ်ဖုန်းသုံးစွဲသူများအနေဖြင့် အင်တာနက် 2GB ကို ခြောက်လ ဆက်တိုက် ရရှိသွားမည်ဖြစ်ကြောင်း သိရသည်။

# အူရီဒူးမှ တစ်မိနစ်ပြောလျှင် တစ်ကျပ်လျှော့မည့် အစီအစဉ်ကို မကွေးတိုင်းဒေသကြီးတွင် ပြုလုပ်

အူရီဒူးဖုန်းအသုံးပြုသူအချင်းချင်း တစ်မိနစ်ဖုန်းပြောပြီးပါက တစ်ကျပ်လျှော့ဒါန်းမည့်အစီအစဉ်ကို မကွေးတိုင်းဒေသကြီးတွင် ပြုလုပ်နေပြီဖြစ်ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

အူရီဒူးမြန်မာမှ 'မိနစ်များများပြောလေ အူရီဒူးက များများလှူပေးလေ' လူမှုအကျိုးပြုအစီအစဉ်သစ်ကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် စက်တင်ဘာ ၇ ရက်မှစတင်ကာ နိုဝင်ဘာ ၃၀ ရက် အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အူရီဒူးအနေဖြင့် သက်ဆိုင်ရာ ဒေသအတွင်းရှိ ပြည်သူလူထုတွေရဲ့ နေ့စဉ်ဘဝမှာ လူမှုဘဝတိုးတက်မြင့်မားလာဖို့အတွက် ၎င်းတို့နှင့်အတူ ပူးတွဲလုပ်ကိုင်လိုပါတယ်။ အခုပြုလုပ်တဲ့ လူမှုအကျိုးပြုအစီအစဉ်ဟာဆိုရင် မြန်မာနိုင်ငံမှာ ပထမဦးဆုံးပြုလုပ်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။ မိုဘိုင်းဖုန်း အသုံးပြုသူတွေက ဖုန်းခေါ်ဆိုလိုက်တိုင်းမှာ အူရီဒူးကနေ လှူဒါန်းပေးသွားမယ့် ပထမဦးဆုံး အစီအစဉ်ပဲဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မိုဘိုင်းဖုန်းအသုံးပြုသူတွေအနေနဲ့ မိမိဒေသအတွက် အဓိကကျတဲ့ လူမှုအကျိုးပြုလုပ်ငန်းကို တိုက်ရိုက် ပြုလုပ်နိုင်တာကြောင့် သေသေချာချာ ရွေးချယ်ထားပါတယ်" ဟု အူရီဒူးမြန်မာ၏ Acting CEO Mr. Vikram Sinha ကပြောသည်။

အူရီဒူးဝန်ဆောင်မှု ရယူထားသူများအနေဖြင့် လှူဒါန်းမှုအစီအစဉ်အတွက် မည်သည့်အပိုဝန်ဆောင်ခမျိုး ထပ်မံပေးစရာမလိုသည့်အပြင် ဖုန်းလက်ကျန်ငွေထဲမှ ပေးရန် (သို့မဟုတ်)အသုံးပြုခွင့်ထဲမှ ထုတ်နုတ်ပေးရန်လည်း မလိုအပ်ကြောင်း သိရသည်။

ယခုအစီအစဉ်အရ ရရှိသော လှူဒါန်းငွေပမာဏနှင့် လှူဒါန်းသွားမည့် အစီအစဉ်များကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ခွင့်ပြုချက် ရရှိခဲ့သော အူရီဒူးမြန်မာသည် ၂၀၁၄ ခုနှစ် ဩဂုတ်လမှ စတင်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံတစ်ဝှမ်းတွင် သုံးစွဲသူများကို 3G/4G ဝန်ဆောင်မှုများပေးနေကြောင်း သိရသည်။

# နိုင်ငံတကာတွင် အသုံးပြုနိုင်သော UAB Visa Credit Card ကို ယူနိုက်တက်အမရာဘဏ်က စတင် ထုတ်ဝေ

ယူနိုက်တက်အမရာဘဏ်နှင့် Visa တို့ပူးပေါင်းထုတ်ဝေသော UAB Visa Credit Card ကို စက်တင်ဘာ ၁၂ ရက်တွင် စတင်မိတ်ဆက်လိုက်ကြောင်း သတင်းရရှိသည်။

"အခုလို UAB Visa Credit Card တွေကို ထုတ်ဝေလိုက်တာဟာ ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေအတွက် ပြည်တွင်းပြည်ပမှာ ဈေးဝယ်ခြင်း၊ ခရီးသွားလာခြင်းကိစ္စတွေအတွက် ငွေသားကိုင်ဆောင်စရာမလိုဘဲ အဆင်ပြေချောမွေ့စွာ ငွေပေးချေမှုတွေ ပြုလုပ်နိုင်မယ်။ Visa နဲ့ချိတ်ဆက်ထားတဲ့ ပြည်တွင်းပြည်ပက ဈေးဆိုင်တွေ၊ စတိုးဆိုင်တွေမှာလည်း အထူးလျှော့ဈေးနဲ့ အကျိုးခံစားခွင့်တွေရရှိနိုင်မှာ ဖြစ်ပါတယ်" ဟု UAB ဘဏ်၏ အထူးအကြံပေးအရာရှိ Mr.Chris- topher Loh ကပြောသည်။

UAB Visa Credit Card များကို ခရီးသွားလာရာတွင် ငွေပေးချေမှုများ၊ အွန်လိုင်းငွေပေးချေမှုများ၊ ပစ္စည်းဝယ်ယူမှုနှင့် အခြားသောငွေပေးချေမှုများကို လွယ်ကူလျင်မြန်စွာ ပြုလုပ်နိုင်ရန်အတွက် အထူးရည်ရွယ်ပြုလုပ်ထားကြောင်း၊ ကတ်ကိုင်ဆောင်ထားသူများအတွက် သတ်မှတ်ထားသည့် လစဉ်ဝင်ငွေပမာဏများမှာ Classic Card အတွက် ကျပ် သုံးသိန်း၊ Gold Card အတွက် ကျပ် ၁၀ သိန်း၊ Platinum Card အတွက် ကျပ် သိန်း ၂၀ သတ်မှတ်ထားကြောင်း သိရသည်။

UAB Visa Credit Card ကို လျှောက်ထားရန် အတွက် နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ လတ်တလောရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ဝန်ထမ်းများအတွက် သုံးလစာ လစာစာရင်းရှင်းတမ်း၊ အလုပ်ရှင်၏ ထောက်ခံချက်၊ နောက်ဆုံး သုံးလစာ ဘဏ်စာရင်းရှင်းတမ်း၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအတွက် နောက်ဆုံး ခြောက်လ ဘဏ်စာရင်းရှင်းတမ်း၊ လုပ်ငန်း လိုင်စင်/ ကုမ္ပဏီမှတ်ပုံတင်၊ ပြီးခဲ့သော နှစ်မှ အခွန်ပြေစာများ တင်ပြပြီး UAB ဘဏ်များတွင် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"UAB Visa Credit Card ကိုင်ဆောင်သူတွေဟာ တစ်ကမ္ဘာလုံးက Visa Card ကိုင်ဆောင်သူတွေလိုပဲ လုံခြုံစိတ်ချရမှု၊ အဆင်ပြေမှုနဲ့ ကမ္ဘာတစ်ဝန်းသုံးစွဲနိုင်မှုတို့ကို တန်းတူရရှိနိုင်မှာဖြစ်ပါတယ် " ဟု Visa ၏ မြန်မာနိုင်ငံ Country Mananger Mr. Arturo Planell က ပြောသည်။

UAB Visa Credit Card အား ပြည်တွင်းရှိ Merchant (ကုန်သည်) ၇၀၀၀ ကျော် အပါအဝင် နိုင်ငံတကာရှိ Merchant (ကုန်သည်) ၄၄ သန်းကျော်တွင် အလွယ်တကူပေးချေနိုင်ကြောင်း၊ ပြည်တွင်းပြည်ပရှိ Visa တံဆိပ်ပါ ATM စက်တိုင်းတွင်လည်း ငွေထုတ်ယူနိုင်ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းသည်

# Paradise Dynasty ၏ ပထမဆုံး တရုတ်စားသောက်ဆိုင်ကို ပြည်တွင်း၌ စတင်ဖွင့်လှစ်




Paradise Dynasty ၏ ပထမဆုံး တရုတ်စားသောက်ဆိုင်ကို ပြည်တွင်း၌ စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

Paradise Dynasty စားသောက်ဆိုင်ကိုမြန်မာ့စားသောက်ကုန် ဈေးကွက်အတွင်းသို့ ယူဆောင်လာသည့် ပြည်တွင်းကုမ္ပဏီမှာ Golden Legend Group Of Companies ဖြစ်ပြီး တန်ဖိုးသင့် တရုတ်ဟင်းလျာကိုကြိုက်နှစ်သက်သူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

Golden Legend Group Of Companies ၏ Sales and Marketing Manager ဖြစ်သူ ဒေါ်ကြူကြူသင်းက "မြန်မာစားသုံးသူတွေကို တစ်မူ ထူးခြားကွဲပြားတဲ့ တရုတ်ရိုးရာအစားအစာတွေကို အကောင်းဆုံးတည်ခင်းချင်တဲ့ ရည်ရွယ်ချက်နဲ့ Paradise Dynasty ကို ဖွင့်လှစ်တာပါ။ ရှောင်လုံးပေါင်း (Xiao Long Bao) အပါအဝင် တရုတ်ရိုးရာစားသောက်ဖွယ်ရာတွေနဲ့ အချိုပွဲအမျိုးမျိုးကို စုံစုံလင်လင် စားသုံးနိုင်ပါတယ်။ လာစားတဲ့သူတွေအနေနဲ့လည်း မီးဖိုဆောင်ထဲမှာ ချက်ပြုတ်နေပုံကို မှန်ပြတင်းပေါက်ကတစ်ဆင့် လေ့လာနိုင်အောင် အထဲမှာပြင်ဆင်ထားပါတယ်" ဟုပြောသည်။

Paradise Dynasty စတင်ခဲ့ခြင်းမှာ တရုတ်ပြည်၏ နယ်ပယ်ဒေသအသီးသီးမှ အစားအစာ တည်ခင်းဧည့်ခံသည့်ပုံစံများကို စိတ်ကူးစိတ်သန်းရရှိကာ ဆန်းသစ်ခြင်းအနုပညာဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Paradise Dynasty အနေဖြင့် ပထမဆုံးအမျိုးအစားသစ်ဖြစ်သော မူလအရသာ၊ ဂျင်ဆင်း၊ ငန်းအသည်း၊ ရှားပါးမှိုနက်၊ ဂဏန်းဥ၊ ချိစ်၊ ကြက်သွန်ဖြူ၊ စီချွမ်အရသာ စသည့် အရသာရှစ်မျိုးပါရှိသော ရှောင်လုံးပေါင်း (Xiao Long Bao) ကို စားသုံးသူများအတွက် တည်းခင်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၌ ဖွင့်လှစ်သည့်ဆိုင်ခွဲမှာ ၃၃ ဆိုင်မြောက်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စားသောက်ဆိုင်ကို ရန်ကုန်မြို့ရှိJunction Square Extension မြေညီထပ်တွင် စက်တင်ဘာ ၁၄ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

ချောစု

# စင်ကာပူနိုင်ငံရှိ အပျော်စီးသင်္ဘော လက်မှတ်များကို ပြည်တွင်း၌ ရောင်းချပေးမည်

စင်ကာပူနိုင်ငံရှိ Dream Cruise အပျော်စီးသင်္ဘော၏ လက်မှတ်များကို ယခုနှစ် နှစ်ကုန်ပိုင်းမှစတင်၍ ပြည်တွင်း၌ ရောင်းချပေးမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ သိရသည်။

ယင်းကဲ့သို့ပြုလုပ်ရခြင်းမှာ မြန်မာနိုင်ငံမှပြည်သူများ အပျော်စီးသင်္ဘောစီးနင်းမှုပြုလုပ်နိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှိပြည်သူများ၏ ဝင်ငွေသုံးစွဲမှုနှင့် အပျော်စီးသင်္ဘောဖြင့် အပန်းဖြေမှုစိတ်ဝင်စားမှုနှုန်းကို အချိန်ယူလေ့လာ၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"Dream Cruise အပျော်စီး သင်္ဘောလိုင်းကို မြန်မာနိုင်ငံသားတွေ စီနင်းတဲ့အခါ စီးနင်းခတစ်ကြိမ်ပေးထားရုံနဲ့ သင်္ဘောပေါ်မှာပါတဲ့အစီအစဉ်တွေနဲ့ ဝန်ဆောင်မှုတွေကိုရရှိမှာပါ။ လက်မှတ်ကိုလည်း ဒီနှစ်ကုန်မှာရောင်းချနိုင်အောင် လုပ်သွားမှာပါ။ ဒီသင်္ဘောတွေက ဥရောပက အပျော်စီးသင်္ဘောတွေအတိုင်း ဝန်ဆောင်မှုပေးသွားမှာပါ" ဟု စင်ကာပူနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့အစည်းမှ လက်ထောက်ဒါရိုက်တာ Eileen LEE က ပြောသည်။

အဆိုပါသင်္ဘောလိုင်းမှအပျော်စီး သင်္ဘောများတွင် ပျော်ရွှင်စရာ အစီအစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ကြောင်း၊ ပြည်တွင်း၌ရောင်းချရာတွင်လည်း မည်သူမဆို လွတ်လပ်စွာ ဝယ်ယူစီးနင်းနိုင်သည့်ပုံစံဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

Dream Cruise အပျော်စီး သင်္ဘောလိုင်းမှ အပျော်စီးသင်္ဘောများသည် စင်ကာပူနိုင်ငံမှ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင် စသောနိုင်ငံများသို့ သွားရောက်ခြင်းဖြစ်ပြီး ပြည်တွင်း၌ လက် မှတ်ရောင်းချရာတွင် ကာလရှည်အနေအထားဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ချောစု

# ပဉ္စမအကြိမ်မြောက် Construction, Power & Mining Myanmar 2017 ပြပွဲ ကျင်းပမည်




ပဉ္စမအကြိမ်မြောက် နိုင်ငံတကာကုန်စည်ပြပွဲ Construction, Power & Mining Myanmar 2017 ကို အောက်တိုဘာလ ၁၂ ရက်မှ ၁၄ ရက်အထိ မင်းဓမ္မလမ်းရှိMEP တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ကဏ္ဍသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၈၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံက အလားအလာကောင်းတွေနဲ့ လျှင်မြန်စွာပြောင်းလဲနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီပြောင်းလဲမှုတွေက ဆောက်လုပ်ရေး၊ စွမ်းအင်နဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေရဲ့ စီမံကိန်းအသစ်တွေကို တိုးတက်အောင် တွန်းပို့နေတာပါ။ အဲဒါကြောင့် နိုင်ငံတကာလုပ်ငန်းတွေအပေါ်မှာ ဦးတည်ချက်ထားတဲ့ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာပြပွဲကို ကျင်းပပြီးတော့ မြန်မာ့စီးပွားရေးလုပ်ငန်းတွေ တန်ဖိုးမြင့်တက်လာအောင် လုပ်ဆောင်ပေးတာပါ"ဟု UMB Myanmar ၏ အထွေထွေမန်နေဂျာ Mr. Fraser Hawkes က ပြောသည်။

ပြပွဲတွင် တရုတ်၊ ဂျာမနီ၊ အိန္ဒိယ၊ ကိုရီးယား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းများ၊ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲများနှင့် ကုန်သွယ်ရေးဆိုင်ရာ အခမ်းအနားများ ပါဝင်မည်ဖြစ်ပြီး အဆောက်အဦးနှင့် ဆောက်လုပ်ရေး၊ လျှပ်စစ်စွမ်းအား၊ စွမ်းအင်နှင့် သတ္တုတွင်းတူးဖော်ရေး လုပ်ငန်းတို့မှ ကျွမ်းကျင်သူများ မဖြစ်မနေ တက်ရောက်သင့်ကြောင်း သိရသည်။

Construction, Power & Mining Myanmar 2017 ပြပွဲကို မနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အွန်လိုင်းမှလည်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ချောစု

# (၆)ကြိမ်မြောက် ဂျပန်ကုန်စည်ပြပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်




အရည်အသွေးမြင့် ဂျပန်ထုတ်ကုန်များနှင့် လုပ်ငန်းများပါဝင်မည့် (၆) ကြိမ်မြောက် ဂျပန်ကုန်စည်ပြပွဲကို လာမည့်နိုဝင်ဘာလတွင် တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ဂျပန်နိုင်ငံထုတ် ကုန်အမှတ်တံဆိပ်များ၊ ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်များ၊ ဂျပန်စာသင်ကျောင်းများ၊ ဂျပန်အလုပ်အကိုင်အေဂျင်စီများ၊ ဂျပန်စားသောက်ဆိုင်များ၊ ဂျပန်ခရီးသွားဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ၊ အခြားသော ဆက်စပ်လုပ်ငန်းများအပြင် ဂျပန်သီချင်းဆိုပြိုင်ပွဲနှင့် ဂျပန် Cosplay ပြိုင်ပွဲများကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကြေးလျှောက်လွှာများကို အခမဲ့သတ်မှတ်ထားပြီး လာရောက်လေ့လာသူများအတွက်ကိုလည်း လက်ဆောင်ရယူနိုင်မည့်အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

Japan Expo ပြပွဲကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ဂျပန်နိုင်ငံပြည်ပကုန်သွယ်မှုဆိုင်ရာ အဖွဲ့အစည်း (JETRO) တို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြပွဲ၌ ဝင်ရောက်ပြသလိုသော ဂျပန်လုပ်ငန်းများနှင့် ကုမ္ပဏီကြီးများအနေဖြင့် အသေးစိတ် သိရှိလိုပါက https://www.facebook.com/events/1877272709189102 တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ချောစု

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းလေးမျိုးကို FDA မှ အသိပေးကြေညာ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့မှ အများပြည်သူ သိရှိစေရန်အတွက် သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းလေးမျိုးအား စက်တင်ဘာလ ၈ ရက်တွင် အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။

ပြည်တွင်း၌ ရောင်းချလျက်ရှိသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ တရုတ်ဘာသာဖြင့် ဖော်ပြထားသည့် အလှကုန်ပစ္စည်းလေးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA တွင် မှတ်ပုံတင်ထားခြင်း မရှိသည့်အပြင် ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ) ပါဝင်နေသည်ကို တွေ့ရှိရသဖြင့် အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အလှကုန်များထဲတွင် ပါဝင်သည့် အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူ အနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ထုံကျင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများပါဖြစ်ပွားနိုင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်

ယင်းအတွက်ကြောင့် အလှကုန်ပစ္စည်း တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များအား FDA တွင် မှတ်ပုံတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်သည့် (ကြေညာထားသည့်) အလှကုန်ပစ္စည်းများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ရန်နှင့် လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းမှ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ယ) အရ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ချောစု

## မြို့ကြီးများ၏ ၁၈-၉-၂၀၁၇ မှ ၂၂-၉-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၈-၉-၂၀၁၇) | အင်္ဂါ(၁၉-၉-၂၀၁၇) | ဗုဒ္ဓဟူး(၂၀-၉-၂၀၁၇) | ကြာသပတေး(၂၁-၉-၂၀၁၇) | သောကြာ(၂၂-၉-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၆၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၇၀% ၃၁°C/၈၈°F | ၄၀% ၃၂°C/၉၀°F | ၆၀% ၃၂°C/၉၀°F |
| ရန်ကုန်မြို့ | ၇၀% ၂၈°C/၈၃°F | ၈၅% ၂၉°C/၈၅°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၃၀% ၃၂°C/၉၀°F | ၆၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၃°C/၉၁°F | တိမ်အသင့်အတင့် ၃၃°C/၉၂°F |
| မြစ်ကြီးနား | ၆၀% ၂၉°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၅၀% ၃၀°C/၈၈°F | ၃၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| လားရှိုး | ၄၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၄၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၇°C/၈၄°F | ၆၀% ၂၇°C/၈၄°F | ၄၀% ၂၉°C/၈၆°F | ၅၀% ၂၉°C/၈၆°F | ၄၀% ၃၀°C/၈၅°F |
| လွိုင်ကော် | ၅၀% ၂၆°C/၇၉°F | ၇၀% ၂၄°C/၇၇°F | ၅၀% ၂၇°C/၈၀°F | ၅၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F |
| တောင်ကြီး | ၄၀% ၂၃°C/၇၃°F | ၄၀% ၂၄°C/၇၆°F | တိမ်အသင့်အတင့် ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F | တိမ်အသင့်အတင့် ၂၇°C/၈၁°F |
| မော်လမြိုင် | ၉၅% ၂၈°C/၈၂°F | ၈၅% ၂၈°C/၈၂°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F | ၆၀% ၃၁°C/၈၈°F |
| ဘားအံ | ၅၀% ၂၈°C/၈၃°F | ၇၀% ၂၈°C/၈၂°F | ၇၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၂°C/၈၉°F |
| ထားဝယ် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၃၁°C/၈၇°F | ၆၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F |
| မုံရွာ | ၃၀% ၃၃°C/၉၁°F | ၇၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F | ၃၀% ၃၃°C/၉၂°F |
| ပုသိမ် | ၉၅% ၂၉°C/၈၅°F | ၉၀% ၂၉°C/၈၄°F | ၇၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၇°F |
| မြိတ် | ၉၅% ၂၉°C/၈၄°F | ၈၀% ၂၉°C/၈၄°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၉°C/၈၄°F |
| စစ်တွေ | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၅°F | ၄၀% ၃၀°C/၈၆°F |
| မကွေး | ၄၀% ၃၂°C/၈၉°F | ၇၀% ၂၉°C/၈၅°F | ၇၀% ၃၁°C/၈၇°F | ၅၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၃°C/၉၁°F |
| ဖလမ်း | ၆၀% ၂၁°C/၆၉°F | ၇၀% ၂၂°C/၇၀°F | ၇၀% ၂၂°C/၇၀°F | ၆၀% ၂၃°C/၇၃°F | ၅၀% ၂၄°C/၇၄°F |

## အင်အားပြင်းငလျင်လှုပ်ခတ်ခြင်းခံခဲ့ရသည့် မက္ကဆီကိုနိုင်ငံတွင် ဟာရီကိန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်း

စက်တင်ဘာ ၇ ရက်က အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သည့် မက္ကဆီကိုနိုင်ငံ အနောက်တောင်ပိုင်းတွင် ဟာရီကိန်းမုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်း စထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၁၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မက္ကဆီကိုနိုင်ငံ တောင်ပိုင်းဒေသသို့ ဝင်ရောက်တိုက်ခတ်ချိန်တွင် အရှိန်လျော့နည်းသွားသော်လည်း မုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မက္ကဆီကိုနိုင်ငံ ချီးယားပါ့စ်နှင့် ဝါဟာကာမြို့တို့တွင် အင်အားပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့ပြီးနောက် လူပေါင်း ၉၆ ဦး သေဆုံးခဲ့ရသည်။ ယခုအခါတွင် ထိုဒေသသို့ မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုကြောင့် ရေလွှမ်းမိုးမှုများနှင့် မြေပြိုကျမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်ဟုဆိုသည်။

အဆိုပါဒေသများ၏ အချို့သော ဒေသများတွင် မိုးရေချိန် ၁၂ ဒသမ ၅ စင်တီမီတာမှ ၂၅ စင်တီမီတာအထိ ရွာသွန်းခဲ့ပြီး အချို့သောဒေသများတွင် မိုးရေချိန်စင်တီမီတာ ၅၀ အထိရွာသွန်းခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့စဉ်က နေအိမ်ပေါင်း ၁၂၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီး ယင်းနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည့်ပြည်သူများမှာ ယခုအခါတွင် ရေလွှမ်းမိုးသည့်ဒဏ်ကိုပါ ထပ်မံခံစားနေရကြောင်း၊ ပြည်သူပေါင်း ၅၀၀၀ ကျော်မှာ အိုးမဲ့အိမ်မဲ့များဖြစ်နေကြောင်း၊ အဆိုပါပြည်သူများအတွက် အကူအညီများ လိုအပ်နေကြောင်း၊ သဘာဝဘေးအန္တရာယ်ကို နှစ်ကြိမ်ဆက်တိုက်ခံစားနေရသည့် ပြည်သူနှစ်သန်းခွဲခန့်အား အကူအညီများပေးရန် မက္ကဆီကိုသမ္မတက ၎င်း၏ ပြည်သူများအား တောင်းဆိုထားသည်။

ထို့ပြင် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ၎င်း၏ပြည်သူများအား အကူအညီများပေးအပ်ကြရန် မေတ္တာရပ်ခံထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**



## တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီကြောင့် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဒေသများတွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများ ဖြစ်ပွား

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ဒေါ့ဆူရီသည် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသများသို့ စက်တင်ဘာ ၁၅ ရက်နေ့တွင် ဝင်ရောက်တိုက်ခတ်ခဲ့ရာ အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ပြီး လူလေးဦး သေဆုံးခဲ့ရကြောင်း အေဘီစီသတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာ ၁၁၅မိုင် နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သည့် Ha Tinh ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည်။

ထို့ပြင် လေပြင်းများ တိုက်ခတ်မှုကြောင့် အဆိုပါဒေသ၏ ခရိုင်ခြောက်ခုတွင် နေအိမ်ပေါင်း ၆၂၅၀၀ ပျက်စီးဆုံးရှုံးခဲ့ရပြီး သစ်ပင်များလဲပြိုကျခဲ့ကာ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် နိုင်ငံ၏အလယ်ပိုင်းဒေသရှိ ပြည်နယ်ငါးခုမှာ အဆိုးရွားဆုံးပျက်စီးခဲ့ရပြီး ပြည်သူပေါင်း ရှစ်သောင်းနီးပါး မုန်တိုင်းဒဏ်ကို ခံစားခဲ့ရကြောင်း၊ သို့သော် မုန်တိုင်းမတိုက်ခတ်မီ မုန်တိုင်းမှ လွတ်ရာနေရာများသို့ ပြည်သူနှစ်သိန်းကျော်ကို ပို့ဆောင်ထားခြင်းကြောင့် ယခုကဲ့သို့ ပျက်စီးဆုံးရှုံးမှု နည်းပါးရခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် မြို့တော်ဟိုချီမင်းတွင် လေကြောင်းလိုင်းများ အများအပြားဖျက်သိမ်းခဲ့ရပြီး နိုင်ငံအလယ်ပိုင်းနှင့် မြို့တော်ဟိုချီမင်းတို့တွင် လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၏ ရှေးဟောင်းမြို့တော်ဖြစ်သည့် ဟွေမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ရှေးဟောင်းအဆောက်အဦ ငါးလုံး လွင့်စင်ထွက်သွားခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်း မတိုက်ခတ်မီကတည်းက မုန်တိုင်း၏ အရှိန်ကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားခဲ့သည်။

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် ၂၆ ဦးသေဆုံးခဲ့ရကာ လူရာပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ **မယ်သီတာ**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၉/၂၀၁၇ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ၉/၂၀၁၇ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) တွင် ကျင်းပခဲ့ရာ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၊ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော် မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင် ရာလုပ်ငန်းကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူအကျိုးစီးပွားကို ဆောင်ကျဉ်းပြီး ပြည်သူတွေ အန္တရာယ်မဖြစ်အောင် မားမားမတ်မတ်ကာကွယ်ပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းက ဆောင်ရွက်လျက်ရှိပြီး FDA ၏ လုပ်ဆောင်ချက်တွေကလည်း အင်အား ကောင်းလာမှုရှိကြောင်း၊ ဖော်မလင်ပါ ပဲသွေး၊ ပဲပြားများကိစ္စ အရေးယူဆောင်ရွက်မှုများရှိသလို YCDC(ဈေးများဌာန)က ဆက်လက်အရေးယူပေးနေတာသိရှိရ ပါကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် စားသုံးသူအကျိုးအတွက် ထိရောက်သည့် နည်းလမ်းများကို ဆွေးနွေးပေးစေလိုပါကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက ၈/၂၀၁၇ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဩဂုတ်လအတွင်းမိတ်ဖက်ဌာနများဖြင့် ပူးပေါင်း၍ ကျောင်း၊ ဈေး၊ ရပ်ကွက်/ ကျေးရွာများတွင် ဟောပြောကွင်းဆင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် တိုင်ကြားစာလေးခုအပေါ် ဖြေရှင်းဆောင်ရွက်ခဲ့မှုများ၊ စားသုံးသူ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် မိမိဌာနမှ ဦးစွာ စုံစမ်းကွင်းဆင်းစစ်ဆေးခြင်း၊ တိုင်ကြားသူနှင့် တိုင်ကြားခံရသူတို့ကို ခေါ်ယူပြီး စေ့စပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက် ဆောင်ရွက်ထားရှိမှုတို့ကို တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ထံ တင်ပြလမ်းညွှန်မှုခံယူသွားမည့် လုပ်ငန်းစဉ်တို့ကို တင်ပြဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာကြသည့် အဖွဲ့ဝင်များက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သည့် အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေ၊ စားသုံးသူတိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော စားသောက်ကုန်များကို ထုတ်လုပ်သူများသာမက ရောင်းချသူများကိုပါ အရေးယူဆောင်ရွက်သင့်သည့် အခြေအနေတို့ကို အကြံပြုဆွေးနွေးခဲ့ကြောင်းသိရှိရပါတယ်။

**ခင်မြဦး (စားသုံးသူ) ရန်ကုန်**

## ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ဘိုကလေးမြို့နယ် မြို့မဈေးတွင် ရှောင်တခင် ဝင်ရောက်စစ်ဆေး

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင် ဦးဆောင်၍ ခရိုင်စိုက်ပျိုးရေး၊ ခရိုင်ရဲတပ်ဖွဲ့၊ ခရိုင်စက်မှုကြီးကြပ်တို့နှင့် အတူ ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စည်ပင်၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ တိုင်းရင်းဆေး၊ စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများလိုက်ပါ၍ ဩဂုတ် ၃၀ ရက်က ဘိုကလေးမြို့နယ် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အရောင်းဆိုင်များ၊ ငရုတ်သီးမှုန့်နှင့် မှျစ်အရောင်းဆိုင်များအား ရှောင်တခင် ဝင်ရောက် စစ်ဆေးခဲ့ကြောင်းသိရသည်။

ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး အရောင်းဆိုင်များတွင် ဓာတ်မြေဩဇာအိတ်တွင် မြန်မာဘာသာဖြင့် ရေးသားထားခြင်း ရှိ/မရှိ၊ သုံးသူတောင်သူများအား သုံးစွဲပုံနည်းစနစ်များကို ရှင်းပြပေးရန်နှင့် မြေဆီများအား ခွဲ၍မရောင်းဘဲ အိတ်လိုက်သာ ရောင်းချရန်၊ ရောင်းချသူများအနေဖြင့် နှာခေါင်းစည်းများ စည်းထားရန် လိုကြောင်း၊ ပိုးသတ်ဆေး ဝယ်သူအားသုံးစွဲပုံ၊ သုံးစွဲနည်းစနစ်များ၊ ထားသိုမှု၊ စွန့်ပစ်မှုများအား ရောင်းသူကရှင်းပြဖို့လိုကြောင်း၊ အညွှန်းစာသားများကို ဝယ်သူအား သေချာစွာ ရှင်းပြမှသာလျှင် ဆိုးကျိုးများ ရှောင်ရှားနိုင်မှာ ဖြစ် ကြောင်း ပြောကြားခဲ့ပြီး လုပ်ငန်းလိုင်စင်နှင့် သင်တန်း တက်ရောက်ပြီး လက်မှတ်များ စစ်ဆေးခဲ့ကြပါသည်။

ဆက်လက်၍ ငရုတ်သီးမှုန့်နှင့် မှျစ်အရောင်းဆိုင်များအား ဆက်လက် စစ်ဆေးခဲ့ရာ ဓာတုဆိုးဆေးကင်းစင်မှု ရှိ/မရှိ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တားမြစ်ထားသော အမှတ်တံဆိပ်များ သတ်တမ်းကုန်ဆုံးရက် ထုတ်လုပ်သည့် ရက်စွဲရှိ/မရှိတို့ကို စစ်ဆေးခဲ့ကြပါသည်။

အဆိုပါ အရောင်းဆိုင်များအား ထားသိုမှု၊ ရောင်းချမှုပုံစံများ ပြုပြင်ပြောင်းလဲသွားရန်နှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်သွားရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။ **မင်းဇော်မွန် (ဖျာပုံ)**

## ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ အ.ထ.က တွင် စားသုံးသူ အသိပညာပေး ဟောပြောပွဲ ကျင်းပပြီး ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေး

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမင်းထိုက်၊ ဒုတိယ မြို့နယ်တာဝန်ခံ ဦးမင်းဇော်နှင့် ဝန်ထမ်းများသည် ကျုံကဒွန်းကျေးရွာ အ. ထ . က တွင် စက်တင်ဘာ ၆ ရက်က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြီး ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်တာဝန်ခံက စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းဟောပြောခဲ့သည်။ ဒုတိယမြို့နယ်တာဝန်ခံက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ ပေါ်ပေါက်လာပုံနှင့် တားမြစ်ထားသော စားသောက်ကုန်စည်များ၊ ဆေးဝါးများ၊ ပိုးသတ်ဆေး အန္တရာယ်များနှင့် မုန့်ပဲသရေစာများတွင် သက်တမ်းကုန်ဆုံးရက်၊ ထုတ်လုပ်ရက်စွဲ၊ နေရပ်လိပ်စာ ဖော်ပြပါရှိသည့် အစားအစာများ ရွေးချယ်စားသောက်ကြရန် မုန့်နမူနာများဖြင့် ပြသဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းမုန့်ဈေးတန်းကြီးကြပ်ရေးအဖွဲ့၊ ကျောင်း စားသုံးသူရေးရာအဖွဲ့တို့ဖြင့် ပူးပေါင်း၍ မုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး သန့်ရှင်း လတ်ဆတ်မှုမရှိသော အစားအစာများအား ရောင်းချခြင်း မပြုရန် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ စုစုပေါင်း ၁၀၆၄ ဦး တက်ရောက်ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန် (ဖျာပုံ)**

## မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ နဝမအကြိမ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

မအူပင်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၃၀ ရက်က ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူများနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အဖွင့်အမှာစကား ပြောကြားပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အတွင်းရေးမှူးဦးဇော်မင်းက အထက်ဌာန၏လမ်းညွှန်ချက်များကိုတင်ပြပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင် ဦးစီးမှူး ဦးအောင်ဇော်ဦးက ဈေးကွက်လေ့လာစောင့်ကြည့်မှု၊ လုပ်ငန်းရှင်များအား အသိပေးဆောင်ရွက်မှု၊ ကျောင်းများတွင် အသိပညာပေး ဆောင်ရွက်မှုနှင့် ကျောင်းမုန့်ဈေးတန်းများတွင် မိတ်ဖက်အဖွဲ့များနှင့် ပူပေါင်း၍ စိစစ်ပညာပေးဆောင်ရွက်မှုများ၏ အောင်မြင်မှု အခြေအနေများကို ပြောကြားခဲ့ပါသည်။

မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ နဝမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်အရ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ရှောင်တခင်စစ်ဆေးမှုမှ သိမ်းဆည်းထားသော ဘေးဥပဒ်အန္တရာယ်ရှိအစားအသောက်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။ **CONSUMER (MT)**

## စဥ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာရှိ တက်လူယိုစုံ လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးပြီး တရုတ်စု အ-လ-က ခွဲတွင် စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဟောပြောပွဲ ကျင်းပ

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စဉ့်ကိုင်မြို့နယ် ၊ပလိပ်ကျေးရွာရှိ “တက်လူ” ယိုစုံ လုပ်ငန်းသို့ စက်တင်ဘာ ၇ ရက်က ထုတ်ကုန်လုံခြုံစိတ်ချရမှု အခြေအနေများအား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထို့နောက် ယိုစုံလုပ်ငန်းရှိ ဝန်ထမ်းများအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပါသည် ။ဆက်လက်၍ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးရာတွင် သုံးစွဲသော စက်များသန့်ရှင်းမှုရှိခြင်း၊ ဝန်ထမ်းများမှာလည်း တူညီဝတ်စုံများ ဝတ်ဆင်၍ထုတ်လုပ်ဆောင်ရွက်ခြင်း၊ သုံးစွဲထားသော ကုန်ကြမ်းပစ္စည်းများမှာလည်း သန့်ရှင်းလတ်ဆတ်မှုရှိခြင်း၊ စားသုံးရန်သင့်သော ခွင့်ပြုဆိုးဆေးများကိုသာ သုံးစွဲထားခြင်း၊ ထုတ်လုပ်သောကုန်ပစ္စည်းများပေါ်တွင် ကုန်ပစ္စည်းအမျိုးအမည်၊ ပါဝင်ပစ္စည်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်သူ၏ နေရပ်လိပ်စာတို့အား အပြည့်အစုံ ထည့်သွင်းဖော်ပြထားခြင်းကို စစ်ဆေးတွေ့ရှိရပါသည်။ ထို့နောက် ဒုတိယ ခရိုင်ဦးစီးမှူးက ယိုစုံလုပ်ငန်းရှိ ဝန်ထမ်းများအား ကျန်းမာရေး ဆေးစစ်ရန် မှာကြားခဲ့ပါသည်။

ထို့ပြင် အဆိုပါနေ့တွင် ကျောက်ဆည် ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများသည် တရုတ်စု အ-လ-က (ခွဲ)သို့ သွားရောက်၍ ဆရာ၊ ဆရာမနှင့် ကျောင်းသူ ကျောင်းသား ၂၀၀ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ **နှင်းလဲ့လဲ့(ကျောက်ဆည်)**

## စကုမြို့တွင် မင်းဘူးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့မှ အစားအစာဘေးကင်းလုံခြုံရေး အသိပညာပေးဆွေးနွေး

မင်းဘူးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၂ ရက်တွင် မင်းဘူးခရိုင်၊ စကုမြို့ ဆွမ်းလောင်းရုံတွင် မုန့်တိုက်လုပ်ငန်းရှင်များ၊ မုန့်ဟင်းခါးဖိုလုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင်များအား အစားအစာဘေးကင်းလုံခြုံရေးအတွက် အသိပညာပေးဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မင်းဘူးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးစိုးလွင်၊ မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်တာဝန်ခံနှင့် မြို့နယ်တာဝန်ခံများ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မုန့်တိုက်လုပ်ငန်းရှင်များ၊ မုန့်ဟင်းခါးဖိုလုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ ကုန်စုံဆိုင်လုပ်ငန်းရှင်များ၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းရှင်များ စုစုပေါင်း ၂၉ ဦး တက်ရောက်ခဲ့ကြပါသည်။

ဆက်လက်၍ မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်တာဝန်ခံ ဦးဝင်းမြင့်သောင်းက တက်ရောက်လာသော လုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များအား အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မုန့်ဟင်းခါးဖတ်များတွင် ဖော်မလင်သုံးစွဲမှုများနှင့် စားသောက်ဆိုင်များတွင် ခွင့်မပြုဓာတုဆိုးဆေးများ သုံးစွဲထားသော ဆော့အချဉ်များ သုံးစွဲနေမှုကို စစ်ဆေးပေးစေလိုပါကြောင်း တောင်းဆိုခဲ့ပြီး လုပ်ငန်းရှင်များ၏မေးမြန်းမှုများကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

## မြိတ်မြို့ ကန်ခေါင်းရပ် အ-မ-က(၈)၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မြိတ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် စက်တင်ဘာလ ၁၄ရက်တွင် မြိတ်မြို့၊ ကန်ခေါင်း ရပ်၊ အမှတ်(၈) အခြေခံပညာမူလတန်း ကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးဟောပြောရာတွင် စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများအားလည်းကောင်း၊ ခွင့်မပြုဓာတု ဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ လုံခြုံစိတ်ချရမှုမရှိသော စားသုံးရန်/ သုံးစွဲရန်မသင့် တားမြစ်ထားသည့် စားသောက်ကုန်များ၏ ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ သက်တမ်းလွန်မုန့်များ၊ ဆိုးဆေးပါသော အစားအစာများ၊ အရောင်ချွတ်ဆေး၊ တာရှည်ခံဆေးများပါသည့် အစားအစာများအား သတိပြုရွေးချယ်စားသောက်နိုင်ရန်တို့ကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲသို့ အဆိုပါကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၈၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်း ရရှိပါသည်။

**မြိတ်စားသုံးသူ**

## ဟသ်ာတခရိုင်တွင် (၁၀)ကြိမ်မြောက် အင်တာပိုလ် ဆေးဝါးတု တိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေး ဆောင်ရွက်

ဟသ်ာတခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်နှင့်အဖွဲ့သည် ဟသ်ာတခရိုင် အင်တာပိုလ် ဆေးဝါးတုတိုက်ဖျက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးမြင့်ဆွေ ဦးဆောင်၍ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ သတင်းရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သောအဖွဲ့နှင့်အတူ ဟသ်ာတမြို့ ပဒေသာဈေး၊ ငွေဝင်းဈေးနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဆေးဆိုင် ၂၈ ဆိုင်တို့အား စက်တင်ဘာလ ၁၂ရက်က စစ်ဆေးခဲ့ပါသည်။

ကော်မတီဥက္ကဋ္ဌ ရဲမှူးဦးမြင့်ဆွေက (၁၀) ကြိမ်မြောက် အင်တာပိုလ် နိုင်ငံတကာရဲတပ်ဖွဲ့ ဆေးဝါးတုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးတွင် နိုင်ငံပေါင်း ၁၁၅ နိုင်ငံပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ စစ်ဆေးရာတွင် FDA၌ မှတ်ပုံတင်မထားသော ဆေးဝါး ၃၉မျိုး၊ တရားမဝင်ဆေးဝါးများ၊ ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများ သိုလှောင်ရောင်းချ၊ ဖြန့်ဖြူးခြင်း မရှိစေရန် စစ်ဆေးဆောင်ရွက်မှာဖြစ်ကြောင်းနှင့် စစ်ဆင်ရေးစီမံချက်ကာလမှာ စက်တင်ဘာလ ၁၂ ရက်မှ ၁၉ ရက်ထိဖြစ်ကြောင်း၊ ခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သော ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များတွင်လည်း စစ်ဆေးဆောင် ရွက်သွားမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိပါကလည်း ဥပဒေနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **မောင်မောင်မြတ်ခိုင်**




အင်တာပိုလ် နိုင်ငံတကာရဲတပ်ဖွဲ့ ဆေးဝါးတုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးတွင် နိုင်ငံပေါင်း ၁၁၅ နိုင်ငံပါဝင်ဆောင်ရွက်မည်ဖြစ်

## ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ အခြေခံပညာကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပ

ကရင်ပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်းနှင့်ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဖြိုးဖြိုးပြည့်စုံနှင့် ဝန်ထမ်းများ ပူးပေါင်း၍ စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ အခြေခံပညာကျောင်းပေါင်း ကိုးကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။

ယင်းကဲ့သို့ ဟောပြောရာတွင် စက်တင်ဘာလ ၆ ရက်၌ သီရိမင်္ဂလာ အ-မ-က၊ ကော့ကျိုက် အ-ထ-က၊ လှိုင်အ-မ-က၊ စက်တင်ဘာလ ၇ ရက်တွင် ထန်းတပင် အ-မ-က၊ ကော့ဒန်းမယ်အရှေ့ အ-မ-က၊ စက်တင်ဘာလ ၈ ရက်တွင် ဝါးဆူး အ-လ-က (ခွဲ)၊ ကော့မူးယာ အ-မ-က၊ မူးကဝါ အ-လ-က(ခွဲ)တို့တွင် ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၃၄ ဦးတို့ကို စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ဦးစီးမှူး ဒေါ်ခင်ဒေဝီထွန်း၊ အကြီးတန်းစာရေး ဒေါ်ခင်ကြည်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒေါ်ဖြိုးဖြိုးပြည့်စုံတို့က စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များအား ရွေးချယ်ဝယ်ယူစားသုံး၊ သုံးစွဲတတ်စေရေး၊ ဆိုးဆေးပါသည့် အစားအသောက်များအား ရှောင်ကြဉ်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြကြောင်း သတင်းရရှိပါသည်။ **ခင်ကြည်(ကရင်ပြည်နယ်)**

## ထားဝယ်မြို့နယ်နှင့် လောင်းလုံးမြို့နယ်အတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် စက်တင်ဘာ ၇ ရက်က ထားဝယ်မြို့၊ အ. လ. က (ရောင်းမော်)နှင့် အ. လ. က(ရှင်မုတ္ထီး)ကျောင်းတွင်လည်းကောင်း၊ စက်တင်ဘာ ၈ ရက်တွင် အ. မ. က(ကူးတို့)နှင့် အ. မ. က မူလွန် (ကနိုင်းဒါ)စာသင် ကျောင်းတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ အ. ထ. က (ကမြောကင်း)နှင့် အ. မ. က (ကမြောကင်း)ကျောင်းတို့၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲ များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၊ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် မုန့်ဈေးတန်း ရောင်းချသူများ စုစုပေါင်း ၁၇၃၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**



ယခင်တစ်ပတ်မှအဆက်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် နိုင်ငံခြားကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

**သန်းသန်းနိုင်**

(၆၂) တင်သွင်းတင်ပို့မှု ပိတ်ပင်ထားသော နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုများ တင်သွင်းတင်ပို့ခြင်း၊ မိမိသဘောဖြင့် ကန့်သတ်ခြင်း၊ နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုများ တင်သွင်း တင်ပို့ခြင်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဒဏ်တပ်နိုင်သလို ဥပဒေစည်းမျဉ်းစည်းကမ်းမှ ပိတ်ပင်ထားသော နိုင်ငံတကာ ကုန်သွယ်ရေးဝန်ဆောင်မှုများအတွက်လည်း နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနမှ ကန့်သတ်ရက်အပိုင်းအခြားအတွင်း ပြုပြင်ရန်အမိန့်ချခြင်း၊ တရားမဝင်ရရှိထားသော အကျိုးအမြတ်များကိုသိမ်းခြင်း၊ တရားမဝင်ရရှိထားသော အကျိုးအမြတ်၏ တစ်ဆ(သို့မဟုတ်)ငါးဆကို ဒဏ်ငွေအဖြစ် ပေးဆောင်ရန် ချမှတ်ခြင်းများ ပြုလုပ်နိုင်သည်။ အကယ်၍ တရားမဝင်အကျိုးအမြတ် မရှိသော် (သို့မဟုတ်) ထိုအကျိုးအမြတ်သည် ယွမ်တစ်သောင်းမရှိခဲ့သော် ယွမ်ငွေ တစ်သောင်းမှ (ငါးသောင်း)ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရန် ချမှတ်နိုင်သည်။ ရာဇဝတ်မှုကျူးလွန်ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုနိုင်သည်။

တရားဝင်ပြစ်မှုချမှတ်သည့်နေ့(သို့မဟုတ်) တရားဝင်ပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနမှ (၁)နှစ်မှ (၃)နှစ်တာကာလအတွင်း ဥပဒေချိုးဖောက်သူကို အဆိုပါ နိုင်ငံတကာကုန်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ပိုင်ခွင့် ပိတ်ပင်ထားမည်ဖြစ်သည်။

(၆၃) ဤဥပဒေပါ အပိုဒ်(၃၄)ကို ချိုးဖောက်ပါက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်။ ရာဇဝတ်မှုကျူးလွန်ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်။ နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနမှ ဥပဒေချိုးဖောက်သူကို တရားဝင် ပြစ်မှုချမှတ်သည့်နေ့ (သို့မဟုတ်) တရားဝင် ပြစ်ဒဏ်ချမှတ်သည့်နေ့မှစ၍ တစ်နှစ်မှ သုံးနှစ်တာကာလအတွင်း အဆိုပါ နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများ လုပ်ပိုင်ခွင့် ပိတ်ပင်ထားရှိနိုင်သည်။

(၆၄) ဤဥပဒေပါ အပိုဒ်(၆၁)မှ(၆၃)ပါ အချက်များကို ငြိစွန်း၍ နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်း လုပ်ကိုင်ခွင့် ပိတ်ပင်ထားရသူကို ပိတ်ပင်ထားသည့်ကာလအတွင်း အကောက်ခွန်ဌာနမှလည်း နိုင်ငံတော်ကောင်စီ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၏ ဆုံးဖြတ်ချက်နှင့်အညီ ထိုလုပ်ငန်းရှင်၏ တင်သွင်းတင်ပို့မှုလျှောက်ထားချက်များကို လက်ခံမည်မဟုတ်။ ထို့အတူ နိုင်ငံခြားငွေကြေးကြပ်ရေးဌာနနှင့် သတ်မှတ်ဘဏ်မှလည်း ထိုလုပ်ငန်းရှင်မှ လျှောက်ထားသည့် ငွေပေးချေခြင်း၊ ငွေသားရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပေးမည်မဟုတ်။

(၆၅) ဤဥပဒေအရနိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းကို ကြီးကြပ်သည့်ဌာနမှ ဝန်ထမ်း၏တာဝန်ပေါ့လျော့မှု၊ ကိုယ်ကျိုးရှာမှု၊ အာဏာအလွဲသုံးစားလုပ်မှုတို့ကြောင့် ရာဇဝတ်ပြစ်မှု ဖြစ်ပေါ်ခဲ့ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်သလို ရာဇဝတ်ပြစ်မှုအဆင့် မရောက်သေးပါက သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ အပြစ်ပေးသွားမည်ဖြစ်သည်။

ဤဥပဒေအရနိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းကြီးကြပ်ရေးတာဝန် အပေးခံထားရသော ဌာနဝန်ထမ်းအနေဖြင့် မိမိ၏အာဏာကို အသုံးပြု၍ ငွေညှစ်ခြင်း၊ တရားဥပဒေနှင့် မညီညွတ်သော ငွေကြေးများကို လက်ခံ၍ အခြားသူအတွက် အကျိုးရှာပေးခြင်းတို့ကြောင့် ရာဇဝတ်ပြစ်မှု ဖြစ်ပေါ်ခဲ့ပါက ဥပဒေအရအရေးယူသွားမည်ဖြစ်သလို ရာဇဝတ်ပြစ်မှုအဆင့်မရောက်သေးပါက သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အပြစ်ပေးသွားမည်ဖြစ်သည်။

(၆၆) နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းလုပ်ကိုင်သူအနေဖြင့် ဥပဒေအရ နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းကို ကြီးကြပ်သည့်ဌာနမှ ဆုံးဖြတ်သော ပြစ်ဒဏ်အပေါ် မတူသော သဘောထားရှိခဲ့သော် တရားဥပဒေနှင့်အညီ အယူခံအား ထပ်မံဆွေးနွေးပေးရန် လျှောက်ထားခြင်း၊ ပြည်သူ့တရားရုံးသို့ အယူခံ တင်သွင်းခြင်းများ ပြုလုပ်နိုင်သည်။

**အပိုင်း-၁၁**

**အထွေထွေ**

(၆၇) စစ်ပစ္စည်း၊ နျူထရွန်ပစ္စည်း၊ သာမိုနျူကလီယားပစ္စည်းနှင့် ထိုပစ္စည်းများဖြစ်ပေါ်နိုင်သည့်အရာများ၊ ယဉ်ကျေးမှုစာပေ ထုတ်ကုန်များ တင်သွင်းတင်ပို့မှုပြုမည်ဆိုပါက အခြားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုပါ လိုက်နာ ဆောင်ရွက်ရမည်။

(၆၈) တရုတ်နိုင်ငံ နယ်စပ်ဒေသများ၊ နိုင်ငံနှင့်ထိစပ်နေသော ဒေသများအကြား ကုန်သွယ်မှု၊ နယ်စပ်ပြည်သူများ ရောင်းဝယ်ဖောက်ကားမှုအပေါ် လက်တွေ့နှင့် ကိုက်ညီသော ပုံစံများဖြင့် အုပ်ချုပ်သွားမည်ဖြစ်ပြီး အထူးခံစားခွင့်များ၊ လုပ်သာကိုင်သာရှိသော သတ်မှတ်ချက်များဖြင့် အုပ်ချုပ်သွားမည်ဖြစ်သည်။ အသေးစိတ်ကို နိုင်ငံတော်ကောင်စီမှ ချမှတ်သွားမည်။

(၆၉) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်သီးခြားခံစားခွင့်ရဒေသများအနေဖြင့် ဤဥပဒေကို လိုက်နာရန် မလိုပေ။

(၇၀) ဤဥပဒေသည် ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁ ရက်နေ့မှစ၍ တရားဝင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

❑

ယခင်တစ်ပတ်မှအဆက်

# သက်ရှည်ကျန်းမာ ဘေးကင်းအောင်

# avbsifu&atmif

**❂ နိုင်ဦး၊ မြင့်မြင့်ချို ❂**

**ရေ**

ရေ ရယူသုံးစွဲမှုများ အမျိုးမျိုးအဖုံဖုံ ရှိကြပါသည်။ မိုးရေ၊ မြစ်ရေ၊ ကန်ရေ၊ ချောင်းရေ၊ အဝီစိတွင်းရေစသည်ဖြင့် သုံးစွဲကြသည်။ မိုးရေကို ခံသုံးသည့် မြန်မာပြည်အလယ်ပိုင်းတို့၊ မြစ်ဝကျွန်းပေါ်တို့ဆိုလျှင် ယခု မိုးရေကို သုံးစွဲဖို့ ခက်ခဲသည့်အခြေအနေနှင့် ကြုံနေရပါသည်။ ယခင်ကာလများက မိုးရွာချလိုက်ပြီဆိုရင် မိုးရေထဲ ပါဝင်လာမည့် လေထုမှာရှိသော နိုက်ထရိုဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ အောက်ဆီဂျင်များနဲ့ အက်ဆစ်ဂုဏ်အနည်းငယ်ပါဝင်လာတာနဲ့ ကလိုရိုဒ်ဆားဓာတ်အနည်းငယ်၊ မြူမှုန် အနည်းငယ်ပါဝင်ပြီး မိုးရေကို သန့်စင်သည်ဟု ပြောကြပါသည်။ သန့်စင်သော မိုးရေက ပုံမှန်အားဖြင့် နိုက်ထရိတ် (0.2 ppm) တစ်သန်းပုံ သုည ဒသမ ၂ ပုံသာပါရှိသည့်အတွက် မိုးရေလှောင်သုံးခြင်းသည် အကောင်းဆုံးအဖြစ် ယူဆကာ သုံးကြပါသည်။ ယခုအခါ စိုက်ပျိုးရေးမှာ ဓာတ်မြေဩဇာ အလွန်အကျွံ သုံးစွဲခြင်းကြောင့် လေထုထဲမှာ နိုက်ထရိုဂျင်အောက်ဆိုဒ် ($NO_2$) များနေပြီး နိုက်ထရစ်အက်စစ်များစွာ ပါလာ ကာ စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ကား၊ မီးရထားများ မှ ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာလဖာဒိုင် အောက်ဆိုဒ်၊ ကလိုရင်းတို့ကြောင့် ကာဗွန်နစ်အက်ဆစ်၊ ဆာလဖျူရစ်အက်ဆစ်၊ ဟိုက်ဒရိုကလိုရစ် အက်ဆစ်များ မိုးရေထဲပါလာကြပြီ ဖြစ်ပါသည်။ ကောင်းကင်မှရွာချသည့် မိုးရေ များကို မြေသားရေလှောင်ကန်လုပ်ပြီး သိုလှောင် သုံးစွဲသူများ ရှိကြပါသည်။ မြေကြီးမှာ လှောင်ကန်ထားတဲ့ အတွက် မိုးရေသည် အက်စစ်ဂုဏ် $PH_6$ အောက်ရှိသော်လည်း ကန်ရေဖြစ်သွားသည့်အတွက် အက်စစ်ဓာတ် လျော့ကျသွားပါသည်။

သို့သော် ကန်ရေ၊ အင်းအိုင် ရေများသည် ရေနေသက်ရှိများ ပါဝင်နေတတ်ခြင်းကြောင့် သံဓာတ်၊ မင်းဂနိစ် ဓာတ်များလည်း ပျော်ဝင်မှု ရှိတတ်ပါသည်။ ရေညှိ ရေမှော်များ ရှိနေသည့်အတွက် ညှီစို့စို့အနံ့ရပြီး ၎င်းတို့ ပျက်စီးသွားလျှင်လည်း ဟိုက်ဒရိုဂျင်ဆာလဖိုဒ်($H_2S$)ကဲ့သို့ ဓာတ်ငွေ့များထွက်စေသည့်အတွက် ရေပုပ်နံ့ရပြန်ပါသည်။ ထို့ပြင် ဘက်တီးရီးယား ပရိုတိုဇွာကဲ့သို့ ရောဂါဖြစ်စေ၊ တိုက်ဖိုက်ဖြစ်သည့် အူရောင်ငန်းဖျား ပိုးနှင့် ဝမ်းကိုက်ပိုး၊ ဝမ်းပျက်ဝမ်းလျှောရောဂါပိုးများလည်း ပါဝင်နိုင်ပါသည်။

မြစ်ရေကိုကြည့်ပါကလည်း ယခုအခါ ရွှေကျင်သူများ၊ အမှိုက်စွန့်ပစ်သူများ၏ စွန့်ပစ်ရေများနှင့် အညစ်အကြေးများ စွန့်ပစ်နေခြင်းကြောင့် ပိုပြီး အန္တရာယ်များပါသည်။ မြေအောက် အဝီစိတွင်းရေတွင် သာမန်အားဖြင့် ကယ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ထုံးဓာတ်၊ ဆိုဒီယံ ဆားဓာတ်များသောရေ၊ သံဓာတ်၊ မင်းဂနိစ် သတ္တုဓာတ်များသည့် ရေများ ရှိတတ်ပြီး ၎င်းဓာတ်များ အနည်းငယ်သာ ပါဝင်ပါက ရေကောင်းရေသန့်အဖြစ် သောက်သုံးနိုင်ပါသည်။ အကြမ်းအားဖြင့် ထုံးဓာတ်များသည့် ရေက ဆပ်ပြာတိုက်လျှင် ရေမသွက်ဘဲ သံဓာတ်များလွန်းသည့် ရေက ကျိုချက်ပြီး လက်ဖက်ခြောက် ခတ်လိုက်လျှင်လည်း အရောင်မည်းလာကာ ဆားဓာတ်များသည့် ရေကငန်ပြီး ကျိုချက်လိုက်တိုင်း၌ ချိုးတက်ပါသည်။

အဝီစိတွင်း ရေအများစုမှာ $PH_6$ မှ $PH_{8.5}$ အတွင်းဆိုပါက ရေကောင်းဟု သတ်မှတ်နိုင်ပါသည်။ အဝီစိတွင်းရေမှာ နိုက်ထရိတ်ပါဝင်မှု 5 ppm ထက်မပိုသင့်ပါ။ ရေထဲမှာနိုက်ထရိတ်များနေပါက ကလေးများ ဉာဏ်ရည်မဖွံ့ဖြိုးခြင်း၊ အဆိပ်သင့်ခြင်းတို့ ဖြစ်နိုင်ပါသည်။ သောက်ရေသန့် ထုတ်လုပ်တဲ့ ပညာရှင်များ၏ အဆိုအရ ရေသည် $PH_7$ ဖြစ်ရုံဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း၊ $PH_7$ ရေကို ကျိုချက်သောက်သည့်တိုင်အောင် ရောဂါပိုး ကင်းစင်နိုင်သော်လည်း မလိုအပ်သော ဓာတုပစ္စည်းများ ကျန်ရှိနိုင်ကြောင်း သိရပါသည်။ ထို့ကြောင့် ရေတွင်ပါဝင်ပြီး ရောဂါဖြစ်နိုင်မယ့် ဘက်တီးရီးယား၊ ပဋိဇီဝ သက်ရှိ (အူရောင်ငန်းဖျား ခေါ် တိုက်ဖိုက်ပိုး၊ ကာလဝမ်းရောဂါပိုး၊ ဝမ်းကိုက်ရောဂါပိုး) စသည်တို့ကို စစ်ဆေးရမည်၊ ဖယ်ထုတ်ရမည်။ ထို့ပြင် ခဲ၊ အာဆင်းနစ်နှင့် အခြား အန္တရာယ်ရှိနိုင်မည့် သတ္တုဓာတ်များနှင့် ရေဒီယိုသတ္တိကြွစေနိုင်သော ဘေရီယမ်ကဲ့သို့ ဓာတုပစ္စည်းများကိုလည်း

**စာမျက်နှာ (၃၁) သို့**

# ဒုတိယသုံးလပတ်တွင် ထိုင်းနိုင်ငံ၌အလုပ်လက်မဲ့ဦးရေ ပိုမိုလာ




ဒုတိယသုံးလပတ်အတွင်း ထိုင်းနိုင်ငံ၏ အလုပ်သမားဈေးကွက်သို့ ဘွဲ့ရလူငယ်အသစ်များ တိုးပွားလာပြီး အလုပ်လက်မဲ့နှုန်းထား ပိုမိုများပြားလာကြောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများမှာလည်း မူလမျှော်မှန်းထားသည်ထက် နှေးကွေးနေသည်ကို သက်သေပြနေကြောင်း ဖော်ပြသွားပါသည်။

အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးဘုတ်အဖွဲ့ (NESDB) ၏ စက်တင်ဘာလ ၇ ရက်က ထုတ်ပြန်ချက်အရ ဒုတိယသုံးလပတ်ကာလအတွင်း အလုပ်လက်မဲ့ဦးရေ ၄၆၅၀၀၀ ရှိခဲ့ပြီး အလုပ်လက်မဲ့နှုန်း ၁ ဒသမ ၂၂ ရာခိုင်နှုန်း တိုးမြှင့်လာကြောင်း၊ ပထမသုံးလပတ်၌ အလုပ်လက်မဲ့ဦးရေ ၄၆၃,၀၀၀ ရှိခဲ့ပြီး အလုပ်လက်မဲ့နှုန်း ၁ ဒသမ ၀၈ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။ အစိုးရ၏ စီမံကိန်း ရေးဆွဲရေးဌာန စာရင်းများအရ အလုပ်လက်မဲ့ ၃၉ ရာခိုင်နှုန်းသည် တက္ကသိုလ်ဘွဲ့ရများဖြစ်ကြောင်း သိရှိရပါသည်။ သို့သော်လည်း အေဂျင်စီများအနေဖြင့် ယခုဖြစ်ရပ်သည် သာမန်ဖြစ်ပေါ်နေကြကိစ္စရပ်တစ်ခုသာ ဖြစ်ကြောင်း၊ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အတွင်းရှိ ဦးရေမှာ နှစ်စဉ် ဒုတိယနှင့် တတိယသုံးလပတ်တို့တွင် တိုးမြှင့်နေကြဖြစ်ကြောင်း၊ နောက်ဆုံး သုံးလပတ်တွင် ပြန်လည်လျော့နည်းလေ့ရှိကြောင်း ပြောကြားကြပါသည်။

NESDB၏ အတွင်းရေးမှူးချုပ် မစ္စတာ ပိုရာမီတီးက အလုပ်လက်မဲ့နှုန်းထား လျှော့ချရေးအတွက် ဘွဲ့ရအင်အားအသစ်များအား မည်ကဲ့သို့ အလုပ်ခန့်သွားမည်ကို လေးနက်စွာ လေ့လာကြရန် လိုအပ်ကြောင်း ဆက်စပ် အေဂျင်စီများအားလုံးသို့ တိုက်တွန်းခဲ့ပါသည်။ အစိုးရစာရင်းများအရ ဒုတိယ သုံးလပတ်တွင် လုပ်သားအင်အား ၃၈ ဒသမ ၂၆ သန်း ရှိခဲ့ပြီး နှစ်စဉ် တိုးတက်မှုနှုန်း သုည ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့ကြောင်း၊ အလုပ်လုပ်ကိုင်သည့် လူဦးရေမှာ ၃၇ ဒသမ ၅၃ သန်းရှိပြီး နှစ်စဉ် တိုးတက်မှုနှုန်း သုည ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ သို့ဖြစ်၍ အလုပ် အကိုင်အခွင့်အလမ်းများ ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ယခုအချိန်သည် လွန်ခဲ့သည့် သုံးလပတ် လေးကြိမ်အနက် တိုးတက်မှုနှုန်း အမြင့်ဆုံးဖြစ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်သားအင်အား ၆ ဒသမ ၃ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သဘာဝရာသီဥတု ကောင်းမွန်ခြင်းနှင့် ဆည်ရေများ လုံလောက်စွာ ရှိခြင်းတို့သည် တောင်သူလယ်သမားများအား စိုက်ပျိုးရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်နိုင်ရန် ဆွဲဆောင်မှု ဖြစ်စေခဲ့ကြောင်း၊ ဒုတိယသုံးလပတ်အတွင်း စိုက်ပျိုးရေးကဏ္ဍ၌ လုပ်သား အင်အား ၁၁ ဒသမ ၆ သန်းရှိခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေးမဟုတ်သော အခြားကဏ္ဍများတွင် အလုပ်အကိုင်အခွင့် အလမ်းကျဆင်းခဲ့ပြီး၊ အထူးသဖြင့် ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများဖြစ်ကြောင်း၊ အကြောင်းရင်းမှာ ၎င်းတို့လုပ်ငန်းများ စတင်တိုးချဲ့ခြင်း မပြုသေးသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းမရရှိနိုင် သေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ထပ်မံ၍ အဓိကစီးပွားရေးလုပ်ကိုင်သူများအနေဖြင့်လည်း ၎င်းတို့၏ လက်ရှိလုပ်သားအင်အားကို အကောင်းဆုံး အသုံးချသွားရန် တိုက်တွန်းလိုကြောင်း၊ အချို့အလုပ်အကိုင်များတွင် ခေတ်မီနည်းပညာများ လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမဟုတ်သော ကဏ္ဍများတွင် အလုပ် လုပ်ကိုင်သူဦးရေ ၂၅ ဒသမ ၉ သန်းရှိခဲ့ပြီး ၂ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ နှေးကွေးလျက်ရှိကြောင်း၊ စွန့်ဦးတီထွင်လုပ်ငန်းများအနေဖြင့်လည်း ၎င်းတို့၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတို့တွင် နည်းပညာမြင့်သူများကိုသာ ဦးစားပေးရွေးချယ်လေ့ရှိကြောင်း၊ သို့ဖြစ်၍ လုပ်သားလိုအပ်ချက်ကို လျော့နည်းစေခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြားသွားပါသည်။

NESDBအနေဖြင့် ၂၀၁၇ ခုနှစ်ကျန်ကာလများအတွက် အလုပ်သမားဆိုင်ရာ ကိစ္စရပ်များမှာ မပြောင်းလဲသေးဟု ယူဆကြောင်း၊ ကောက်ပဲသီးနှံဈေးနှုန်းများမြင့်တက်ရန် အားနည်းနေသေးခြင်း၊ အလုပ်သမားဦးရေ များပြားနေခြင်း၊ လုပ်သားဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှုရှိရန်အတွက် ကျွမ်းကျင်မှုများ လိုအပ်နေသေးခြင်း၊ အလုပ်သမား ကာကွယ်ရေးဥပဒေနှင့် ဆက်စပ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ ရှိနေသေးခြင်းတို့ကို တွေ့ရှိရကြောင်း၊ နိုင်ငံအတွင်း အိမ်ထောင်စုအသုံးစရိတ်သည် ပထမသုံးလပတ်ကာလ၌ ဘတ် ၁၁ ဒသမ ၄၈ ဘီလီယံ ရှိခဲ့ပြီး ၃ ဒသမ ၁ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၎င်းပမာဏသည်GDP၏ ၇၈ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် စတုတ္ထသုံးလပတ်တွင် ၇၉ ဒသမ ၈၃ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ် တတိယသုံးလပတ်တွင် ၇၉ ဒသမ ၉၅ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ် ဒုတိယသုံးလပတ်တွင် ၈၀ ဒသမ ၂၇ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ် ပထမသုံးလပတ်တွင် ၈၀ ဒသမ ၆၁ရာခိုင်နှုန်းနှင့် ၂၀၁၅ ခုနှစ် စတုတ္ထသုံးလပတ်တွင် ၈၁ ဒသမ ၁၇ရာခိုင်နှုန်း အသီးသီး ရှိခဲ့ခြင်းတို့အောက် လျော့နည်းကျဆင်းသွားကြောင်း ဖော်ပြသွားပါသည်။

**Source: Bangkok Post**
**သောင်းနိုင်(တာချီလိတ်)**

---

**စာမျက်နှာ (၃၀) ➢➢➢ သက်ရှည်ကျန်းမာ ဘေးကင်းအောင် လေ့ကျင့်ကြရအောင် . . . . မှအဆက်**

ကင်းစင်အောင်လုပ်ရပါမည်။ သံဓာတ်များသော အဝီစိတွင်းရေကို သောက်လျှင် အသည်းရောဂါရှိသူများမှာ အသည်းခြောက်စေပါသည်။ နှလုံးအားနည်းခြင်း၊ ဆီးချိုဖြစ်ခြင်း၊ အသည်းကင်ဆာ အထိဖြစ်နိုင်ပါသည်ဟု ဆိုပါသည်။ ထုံးဓာတ်များလျှင် ဆီးကျောက် တည်တတ်ပါသည်။ ထို့ပြင် ခဲဓာတ်၊ အာဆင်းနစ်၊ ဆီလီနီယမ်၊ ကယ်မီယမ်စတာတွေက အဆိပ်သင့်ပြီး ဖျားနာစေပါသည်။ ဘေရီယမ်က နှလုံးနဲ့ အာရုံကြောများမှာ အဆိပ်သင့်စေပါသည်။ ဘိရွန်က ဗဟိုအာရုံကြောစနစ်ကို ထိခိုက်စေနိုင်ပါသည်။ ဆိုင်ယာနိုက်က လူကို သေစေနိုင်ပါသည်။

ပုလဲ ဓာတ်မြေသြဇာကို အသုံးပြုမှုများသည့်အတွက် ရေထဲတွင် နိုက်ထရိုဂျင် ပျော်ဝင်မှုများနေပါက ကလေးဉာဏ်ရည် မဖွံ့ဖြိုးခြင်းနှင့် အဆိပ်သင့်ခြင်းတို့ ဖြစ်နိုင်ပါသည်။ ပြဒါးကဲ့သို့သော ဓာတုပစ္စည်းကလည်း အာရုံကြောရောဂါ၊ ခြေလက်ထုံကျဉ်တာတွေ ဖြစ်တတ်ပါသည်။ အဓိကအားဖြင့် သောက်ရေသန့်ထည့်သော ပလစ်စတစ်ဗူးစနစ်ကလည်း ကောင်းမွန်ဖို့ လိုအပ်သလို ထားသိုမှုကလည်း အရေးကြီးပါသည်။ ပလပ်စတစ်ဗူးနှင့် ထားသိုမှုကြောင့်လည်း ဘေးထွက်ဆိုးကျိုး ရှိနိုင်ပါသည်။

**ဆေးဝါး**


ယခုခေတ် ဆေးဝါးရောင်းချနေသည့် ဆိုင်အများစုသည် ဆေးဝါးအကြောင်း သေသေချာချာနားမလည်သည်က များပါသည်။ ထို့ပြင် ရက်လွန်ဆေးများနှင့် ဆေးဝါးအတုများကို ဆက်လက်ရောင်းချနေသည်ကိုလည်း တွေ့ရှိရပါသည်။ ဆေးမစပ်တတ်ဘဲ ဆေးစပ်ပြီး ရောင်းချနေကြသည်မှာ အလွန်အန္တရာယ်ကြီးလှပါသည်။ ဆေးစားမှား၍ ထိခိုက်သူတွေ တစ်နေ့တခြားတိုးပွားလာသဖြင့် အသိဉာဏ်နှင့်ယှဉ်ပြီး အသုံးပြုတတ်ရန်နှင့် ညွှန်ကြားချက်မသိဘဲ သုံးစွဲမှုမပြုရန် သတိပြုကြရပါမည်။

မြန်မာတိုင်းရင်းဆေးများလည်း သဘာဝသက်ရှိအပင်များမှ ထုတ်လုပ်သည်ဆိုသော်လည်း မသုံးစွဲတတ်လျှင် အန္တရာယ်ရှိပါသည်။ စင်ကိုနာပင်မှ ငှက်ဖျားပြတ်ဆေး ကွီနိုင်ထုတ်ပါသည်။ ၎င်းကို အယ်ကကာလွိုက်ပစ္စည်းလို့ခေါ်ပြီး အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲမှုများကို သက်သာအောင် အသုံးပြုသည့် ဆေးဝါးကို စတီးရွိုက်ပစ္စည်းလို့ ခေါ်ပါသည်။ သက်ရှိအပင်က ထုတ်လုပ်သည်ဆိုစေကာမူ အားလုံးကောင်းသည်ဟု ဆို၍မရပါ။ ဥပမာ- ဘုမ္မရာဇာက စိတ်ငြိမ်သည်၊ အိပ်ပျော်စေသည် ဆိုပေမယ့် နှာမွန်ခြင်း၊ မျက်လုံးနီခြင်းတို့ ဖြစ်ပါသည်။ အခန့်မသင့်လျှင် ဝမ်းပျက်တတ်ပါသည်။ မျိုးရင်းကိုကြည့်ပါက ဆယ့်နှစ်ရာသီ သီးပင်၊ နွယ်သာကီ မျိုးရင်းမှာပါသည့်အတွက် အဆိပ်ပင်ဖြစ်သည်။ နွယ်သာကီ ပန်းပွင့်ဆိုပါက ကလေးများ စားမိပါက ချက်ချင်းသေစေနိုင်သည် အထိ အလူကိုဆိုဒ် ဓာတုပစ္စည်းပါဝင်သည့်အတွက် အဆိပ် ပြင်းထန်ပါသည်။ တရုတ်စကားဖြူ ပင်လည်း ယင်းမျိုးရင်းမှာ ပါပါသည်။မိုးမခပင်သည် သွေးကိုကျဲစေသည့်အတွက် နှလုံးသွေးကြောရောဂါမှာ အသုံးဝင်သည်ကို တွေ့ရပါသည်။ မဆင်မခြင် သုံးစွဲမိလျှင် နှလုံးသွေးကြောပေါက်ခြင်းနှင့် ဂေါက်ရောဂါတို့ ဖြစ်တတ်ပါသည်။ ထို့ကြောင့် အော်ဂဲနစ်ဆေးဝါးများကလည်း ကောင်းကျိုးများစွာ ပေးနိုင်သလို ဆိုးကျိုးများလည်းရှိကြောင်း သတိမူသင့်ပါသည်။ မိမိတို့ သတိရှိရမှာက လမ်းဘေးက စပ်ဆေးသမားများထံမှ ဝယ်ယူပြီး ပဲလှော်ဝါးသလိုမလုပ်သင့်ဘဲ သတိနဲ့ဆင်ခြင်ပြီး မိမိ၏ ကျန်းမာရေး အခြေအနေ မကောင်းလျှင် နားလည်တတ်ကျွမ်းသော သမားတော်ကြီးများနှင့် ပြပြီး သုံးစွဲသင့်ကြောင်း၊ သတင်းစာ၊ ဂျာနယ်၊ မီဒီယာများမှလည်း သုံးစွဲရန် မသင့်သော ဆေးဝါးများနှင့် ပတ်သက်၍ ပြည်သူများသို့ အသိပေးလျက်ရှိပါသည်။

သို့ပါ၍ လူတို့၏ နေ့စဉ်လူနေမှုဘဝတွင် အရေးပါလှသည့် အစားအစာ၊ ရေနှင့် ဆေးဝါးများအား ဘေးအန္တရာယ် ကင်းရှင်းစွာ စနစ်တကျသုံးစွဲကြခြင်းဖြင့် ပြည်သူလူထုအားလုံးသည် သက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အပူပင်ကင်းစွာ ဆောင်ရွက်နိုင်ပြီး လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုမှ ကင်းဝေးကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် စေတနာ ရှေ့ထားကာ ဖော်ပြလိုက်ရပါသည်။

■

Vol: 17, No.36 Monday September 18 2017



# ကင်းလွတ်ဇုန် (Free Zones) တစ်ခုကပေးတဲ့ သင်ခန်းစာ

မောင်ရင်မောင်

ဒီတစ်ပတ်မှာ အထူးစီးပွားရေးဇုန် အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ကင်းလွတ်ဇုန်များ Free Zones နဲ့ ဆက်နွယ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အံ့မခန်းရယူခဲ့တဲ့ ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ အတွေ့အကြုံတွေကို လေ့လာတင်ပြသွားလိုပါတယ်။ အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ခဲ့ကြတဲ့ နိုင်ငံတွေထဲမှာ ကင်းလွတ်ဇုန်ထူထောင်ရေး အစီအစဉ်နဲ့ နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုကို အမယ်စုံလင်တဲ့ ထုတ်လုပ်မှုနဲ့ ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်ခဲ့ကြတဲ့ နိုင်ငံအနည်းငယ် စာရင်းမှာ ဒိုမီနီကန်သမ္မတနိုင်ငံက ရှေ့ဆောင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါတယ်။

ဒိုမီနီကန်သမ္မတနိုင်ငံဟာ ကာရေဘီယံဒေသတွင်းမှာ တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၁၈၇၀၅ စတုရန်းကီလိုမီတာ ကျယ်ဝန်းပါတယ်။ ကျူးဘားပြီးရင် ဒီဒေသမှာ ဒုတိယအကြီးဆုံးနိုင်ငံ ဖြစ်ပါတယ်။ စပိန်နဲ့ ဟေတီတို့ရဲ့ သိမ်းပိုက်ခြင်း ခံခဲ့ရသလို အမေရိကန်ပြည်ထောင်စုရဲ့ ဝင်ရောက်ထိန်းသိမ်းမှုများကိုလည်း ခံခဲ့ရတဲ့နိုင်ငံ ဖြစ်ပါတယ်။ လက်ရှိအနေအထားအရ လက်တင်အမေရိကဒေသမှာ နဝမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်ပြီး ကာရေဘီယံနဲ့ ဗဟိုအမေရိကဒေသမှာ စီးပွားရေးအင်အား အကြီးဆုံးနိုင်ငံ ဖြစ်ပါတယ်။ သမိုင်းစဉ်တစ်လျှောက် လယ်ယာစိုက်ပျိုးရေးနဲ့ သတ္တုတွင်း လုပ်ငန်းများဖြင့် ကျော်ကြားခဲ့သော်လည်း ယခုအချိန်မှာ နိုင်ငံရဲ့စီးပွားရေးဟာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ်မှာ ပြောင်းလဲရပ်တည်စ ပြုနေပါပြီ။ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုအတွင်းမှာ အမေရိကတိုက်ရဲ့ စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆန်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်း GDP တိုးတက်မှုနှုန်းဟာ ၅ ဒသမ ၄ ရာခိုင်နှုန်းနဲ့ ပုံမှန်တိုးတက်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်တွေမှာ ၇ ဒသမ ၃ ရာခိုင်နှုန်း နဲ့ ၇ ဒသမ သုညရာခိုင်နှုန်း အသီးသီး ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒီတိုးတက်မှုနှုန်းဟာ အနောက် ကမ္ဘာခြမ်းမှာ အဲဒီအချိန်က အမြင့်မားဆုံး ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့ ပထမနှစ်ဝက်မှာတော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဟာ ၇ ဒသမ ၄ ရာခိုင်နှုန်းထိ ရှိခဲ့ပါတယ်။ လက်ရှိ စီးပွားရေးတိုးတက်မှုကို ဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်းနဲ့ ခရီးသွားလုပ်ငန်းက မောင်းနှင်နေပါတယ်။ ပုဂ္ဂလိကစားသုံးမှုနှုန်းထား အားကောင်းတဲ့ နိုင်ငံဖြစ်ပြီး ၂၀၁၅ ခုနှစ် စာရင်းများအရ ငွေကြေးဖောင်းပွမှုဟာ တစ်ရာခိုင်နှုန်းအောက်မှာရှိတယ်လို့ဆိုကြပါတယ်။

Free Zones အစီအစဉ် အောင်မြင်အောင် ဒိုမီနီကန်သမ္မတနိုင်ငံအတွက် လောင်စာဖြည့်ဆည်း ပံ့ပိုးပေးခဲ့တဲ့ အချက်တွေကို လေ့လာတင်ပြရရင် အမေရိကန်ပြည်ထောင်စုရဲ့ ချည်မျှင်နဲ့ အထည်အလိပ် လုပ်ငန်းများ ပြည်ပတွင် ဖြန့်ကြက်ရင်းနှီး ဆောင်ရွက်ခြင်း (Offshoring) အပေါ်မှာ အခွင့်အရေးရယူပြီး စိတ်ကြိုက်နိုင်ငံ တစ်နိုင်ငံတည်းဖြင့်သာ ကုန်သွယ်မှုလုပ်ငန်း သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ခြင်း (Preferential Trade Agreement) နဲ့ အခွင့်အလမ်းသာတဲ့ ငွေကြေးလဲလှယ်မှုမူဝါဒ ကျင့်သုံးဆောင်ရွက်ခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ ကင်းလွတ်ဇုန်ဆိုတာနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေမှာ အဓိပ္ပါယ်အပြည့်အစုံ ဖော်ပြထားတာကို ဦးစွာဖော်ပြလိုပါတယ်။ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေမှာ 'ကင်းလွတ်ဇုန် Free Zones ဆိုသည်မှာ အထူးစီးပွားရေးဇုန်အတွင်း တည်ရှိသည့် ကုန်စည်များ၊ ယင်းဇုန်အတွင်းသို့ တင်သွင်းသည့် ကုန်စည်များနှင့် စပ်လျဉ်း၍ အကောက်အခွန်နှင့် အခြားအခွန်အခများ ကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ရှိပြီး သက်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် အကောက်ခွန်ဦးစီးဌာနတို့ ညှိနှိုင်းသတ်မှတ်သည့် နိုင်ငံတော်၏ ပြင်ပတွင်ရှိသည်ဟု မှတ်ယူရမည့် နယ်မြေကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ကင်းလွတ်ဇုန်လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုနယ်မြေ၊ သယ်ယူထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းနေရာနှင့် အပြည်ပြည်ဆိုင်ရာ လက်ကား ရောင်းဝယ်ဖောက်ကားသည့် နေရာတို့လည်း ပါဝင်သည်' ဟု ဖော်ပြထားပါတယ်။

ကင်းလွတ်ဇုန်လုပ်ငန်းများဟာ ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ သမားရိုးကျ လူသုံးကုန်ပစ္စည်းများ ဦးတည်ထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းကနေ စက်မှုကဏ္ဍကုန်ထုတ်လုပ်မှုကို ပြောင်းလဲတဲ့အခါမှာ အရေးပါခဲ့ကြပါတယ်။ ၁၉၇၀ ခုနှစ် ပတ်ဝန်းကျင်မှာရှိနေတဲ့ နိုင်ငံရဲ့ GDP ၁၈ ရာခိုင်နှုန်းကနေ ၂၀၀၀ ပြည့်နှစ် ပတ်ဝန်းကျင်မှာ ၃၀ ရာခိုင်နှုန်းရောက်အောင် ဆောင်ကျဉ်းကြရာမှာ အခရာကျတဲ့ အစီအစဉ်များ ဖြစ်ခဲ့ပါတယ်။ ဒီကာလအတွင်း GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်း မြင့်မားတိုးတက်မှုဟာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုနှုန်းသာမက ကမ္ဘာ့ပျမ်းမျှ GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်းထက် ပိုတယ်လို့ သုံးသပ်ခဲ့ကြပါတယ်။

ဒါပေမဲ့ နိုင်ငံအတွင်းစီးဝင်လာတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI နဲ့ ပြည်ပပို့ကုန်များဟာ ၁၉၉၄ ခုနှစ် ဝန်းကျင်ကနေ ၁၉၉၉ ခုနှစ်ဝန်းကျင်အထိ အံ့မခန်း တစ်ဟုန်ထိုးမြင့်မားပြီး နှစ်စဉ်ပျမ်းမျှ ၃၇ ရာခိုင်နှုန်း တိုးတက်ပြီးနောက်မှာ ဒိုမီနီကန်သမ္မတနိုင်ငံအနေနဲ့ Free Zones အခြေခံနှင့် စီးပွားရေးပုံသဏ္ဍာန်နဲ့ ပတ်သက်ပြီး ထူးခြားတဲ့ စိန်ခေါ်မှု အခက်အခဲတွေ ပေါ်ပေါက်လာခဲ့တာကို ရင်ဆိုင်ရပါတယ်။ ဒါတွေကတော့ လောင်စာဆီ ဈေးနှုန်း မြင့်တက်လာခြင်း၊ ကမ္ဘာ့စီးပွားရေး ကျဆင်းခြင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်၏ နောက်ဆက်တွဲပြဿနာများ ခံစားရခြင်းနဲ့ နိုင်ငံရဲ့အင်အားအတောင့်တင်းဆုံးဘဏ် Baninter ပြိုကွဲသွားတာနဲ့အတူ နိုင်ငံရဲ့စီးပွား နေးကွေး ကျဆင်းသွားခြင်း ဖြစ်ပါတယ်။ ကင်းလွတ်ဇုန်တွေနဲ့ ပတ်သက်ပြီး တိုက်ရိုက်ထိခိုက်လာတဲ့ အကြောင်းတရားတွေကတော့ MFA - Multi-fiber Arrangement သဘောတူညီမှုစာချုပ် သက်တမ်းကုန်ဆုံးသွားခြင်းနဲ့ Free Zone တွေရဲ့ အသည်းနှလုံးလို့ ဆိုရမည့် ချည်မျှင်နဲ့အထည်အလိပ် လုပ်ငန်းများရဲ့ အနာဂတ်ကို ခြိမ်းခြောက်လာတဲ့ အာရှကုန်ထုတ်လုပ်ငန်းများရဲ့ ယှဉ်ပြိုင်မှု ဖြစ်ပါတယ်။ ဒီအကျိုးဆက်တွေကနေ နိုင်ငံရဲ့တန်ဖိုးမြင့် ကုန်ထုတ်လုပ်မှုကို လွန်စွာနှေးကွေးစေခဲ့ပြီး ၂၀၀၄ ခုနှစ် ပတ်ဝန်းကျင်မှာ နိုင်ငံရဲ့ GDP ဟာ ပုံမှန်ထက် ထက်ဝက်ထိ ကျဆင်းသွားခဲ့ပါတယ်။

## ပြင်ဆင်ပြောင်းလဲမှု

နှေးကွေးကျဆင်းသွားတဲ့ နိုင်ငံရဲ့စီးပွားရေးကို ပြန်လည်နိုးဆွဖို့ ဒိုမီနီကန်သမ္မတနိုင်ငံ အစိုးရအနေနဲ့ မူဝါဒပြင်ဆင် ပြောင်းလဲမှုအချို့ကို Free Zone ကဏ္ဍမှာ ဆောင်ရွက်ခဲ့ပြီး စီးပွားရေးယှဉ်ပြိုင်မှုဆိုင်ရာ ဦးစားပေးမူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပြင်ဆင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲလာတဲ့ ကုန်သွယ်မှုအခြေအနေနှင့်အညီ ပြင်ဆင်ကျင့်သုံးခြင်း၊ အခွန်အကောက်များ လျှော့ချခြင်း၊ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများတွင် ဖြစ်ပေါ်နေသည့် အခွန်အကောက်ဆိုင်ရာ အတားအဆီးများကို ဖယ်ရှားခြင်း၊ နိုင်ငံတော် အကျိုးပြု ဝယ်ယူတင်သွင်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်သစ်များ ထုတ်ပြန်ခြင်း၊ ယှဉ်ပြိုင်မှု မူဝါဒသစ် ချမှတ်ခြင်းနှင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့် အခွင့်အရေးများ ချမှတ်ကျင့်သုံးခြင်းတို့ ပါဝင်ပါတယ်။ ကုန်သွယ်မှုမူဝါဒနဲ့ ပတ်သက်ရင် ဒိုမီနီကန်သမ္မတနိုင်ငံ အစိုးရဟာ ပူးပေါင်းဆောင်ရွက်မှုကို ကျင့်သုံးခဲ့ပြီး လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှုသဘောတူညီမှုစာချုပ် Free Trade Agreement - FTA ကို ဗဟိုအမေရိကနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုတို့နဲ့ ရေးထိုး ချုပ်ဆိုခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် Economic Partnership Agreement - EPA ကို ဥရောပသမဂ္ဂနဲ့ လက်မှတ်ရေးထိုးခဲ့သလို အာဖရိက၊ ကာရေဘီယံနဲ့ ပစိဖိတ်နိုင်ငံများ ပါဝင်တဲ့ Caribbear Forum မှာ ဝင်ရောက်ခဲ့ပါတယ်။

ဒီပြောင်းလဲမှုတွေကို အားသွန်ဆောင်ရွက်ပေမယ့် Free Zone ကဏ္ဍရဲ့ စီးပွားရေးမအီမသာဖြစ်နေမှုဟာ လတ်တလော ကမ္ဘာ့စီးပွားရေး ပြဿနာ ရေစီးကြောင်းထဲမှာ နက်ရှိုင်းစွာ နစ်မြုပ်နေခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် ပတ်ဝန်းကျင်ကစပြီး ပြည်ပပို့ကုန်တင်ပို့မှု ကျဆင်းမှုဟာ အတော်ကို သိသိသာသာ ကျဆင်းခဲ့ပါတယ်။ Free Zone ကဏ္ဍမှာ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေနဲ့ ပတ်သက်လို့ ကုန်ပစ္စည်းအမယ်စုံ ပြောင်းလဲထုတ်လုပ်သလို တန်ဖိုးမြင့်ပစ္စည်း ထုတ်လုပ်မှုကို ပိုမိုဖောင်းပေးဆောင်ရွက်ခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ Free Zone တွေရဲ့ အရေးပါမှု ကျဆင်းလာမှုအပေါ် ဝေဖန်ကြရာမှာ ချည်မျှင်နဲ့အထည်ချုပ် လုပ်ငန်းတွေအပေါ် လွန်စွာမှီခိုလွန်း အားကြီးတယ်လို့ထောက်ပြကြတာရှိသလို ပြောင်းလဲနေတဲ့ နှိုင်းယှဉ်အကျိုး Comparative Advantage ကို အလိုက်သင့် ပြောင်းလဲ ထိန်းညှိ အသုံးမချနိုင်တာလည်း ပါတယ်လို့ ဝေဖန်ကြပါတယ်။ တကယ်တော့ Free Zone ကဏ္ဍရဲ့ ပို့ကုန်ဦးစားပေး စီးပွားရေးဖွံ့ဖြိုးမှု မိုဒယ်က ဈေးနှုန်းချိုသာတဲ့ လုပ်အားရရှိမှုနဲ့တကွ ဦးစားပေးစိတ်ကြိုက် ကုန်သွယ်မှု လုပ်ငန်းစဉ်တွေက အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ပေမယ့် ဆင်းရဲမှုလျှော့နည်း ကျဆင်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပုံမှန်ဖြစ်ထွန်းစေနိုင်ခဲ့တာ မဟုတ်ဘူးလို့လည်း ဆိုကြပါတယ်။

## အတွေ့အကြုံများ

ဒိုမီနီကန်သမ္မတနိုင်ငံရဲ့ အတွေ့အကြုံတွေက Free Zone အစီအစဉ်တွေကို ဆောင်ရွက်ရာမှာ ဈေးကွက်ယှဉ်ပြိုင်မှုမှာ အရင်းအမြစ်တွေဖြစ်တဲ့ လုပ်ခဈေးနှုန်းချိုသာမှု၊ နိုင်ငံတစ်နိုင်ငံတည်းကိုစိတ်ကြိုက်ရွေးချယ် ကုန်သွယ်မှုပြုခြင်းနဲ့ ဘဏ္ဍာရေးဆိုင်ရာ မက်လုံးပေးမှုတွေအပေါ် မှီခိုနေရုံနဲ့မပြီးဘဲ အခြားကန့်သတ်ချက်တွေလည်း ဖြည့်ဆည်း လုပ်ဆောင်ဖို့လိုတယ်ဆိုတာ ဖော်ပြနေပါတယ်။ အဲဒီအရင်းအမြစ်တွေက ရေတိုမှာတန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေကို ပေးပေမယ့် နိုင်ငံအနေနဲ့ ဈေးကွက်ယှဉ်ပြိုင်မှုမှာ ရေရှည်အသာစီးရဖို့ နိုင်ငံရဲ့ပညာရေးနဲ့ ကျွမ်းကျင်မှုဆိုင်ရာများမှာလည်း ရင်းနှီးမြှုပ်နှံဖို့လိုအပ်သလို Free Zone လုပ်ငန်းတွေကို ဒေသတွင်း စီးပွားရေးလုပ်ငန်းတွေနဲ့ ချိတ်ဆက်ဖို့လည်း လစ်ဟာလို့ မရတာကို ဖော်ပြနေပါတယ်။ ဒေသတွင်းနိုင်ငံ အများစုလိုပဲ ဒိုမီနီကန်သမ္မတနိုင်ငံအနေနဲ့ သွင်းကုန်အစားထိုး မူဝါဒများကို ၁၉၆၀ ခုနှစ်ဝန်းကျင်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ပြည်တွင်းဈေးကွက်ကို ကာကွယ်ခြင်း၊ ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းများကိုပံ့ပိုးထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ တကယ်တော့ ၁၉၆၉ ခုနှစ်မှာ စတင်ခဲ့တဲ့နိုင်ငံရဲ့ ပထမဆုံး နိုင်ငံရဲ့ Free Zone ဟာ သွင်းကုန်အစားထိုးကနေ ပို့ကုန်အထူးပြု ထုတ်လုပ်မှုမူဝါဒကို ပြောင်းလဲကျင့်သုံးဖို့ ချမှတ်တဲ့ နိုင်ငံရဲ့ မူဝါဒနဲ့အညီ အကောင်အထည်ဖော်တဲ့ ဇုန်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံအနေနဲ့ ဈေးကွက်ယှဉ်ပြိုင်မှု လုပ်ငန်းစဉ်များဟာ Gulf and Western ဆိုတဲ့ ပုဂ္ဂလိကပိုင်ကုမ္ပဏီရဲ့ အစပျိုးဆောင်ရွက်ချက် လုပ်ငန်းတစ်ရပ် ဖြစ်သလို ဈေးကွက်ယှဉ်ပြိုင်မှု လုပ်ငန်းစဉ်များကို Free Zone အစီအစဉ်နဲ့ ဖွံ့ဖြိုးအောင် လုပ်နိုင်တယ်ဆိုတာ အဲဒီကုမ္ပဏီက ပြသခဲ့ပါတယ်။ အစဦးနှစ်တွေမှာ Free Zone တွေက ရပ်ပိုင်းဖွံ့ဖြိုးမှုနဲ့ မူဝါဒရှုထောင့်ကကြည့်ရင် သီးသန့်အစုကလေးတွေ ဖြစ်နေခဲ့ပါတယ်။ အဲဒီကာလတွေမှာ အဓိကကျတဲ့ ဇုန်လေးခုက အလုပ်အကိုင် အခွင့်အလမ်း တစ်သောင်းလောက်ပဲ ဖန်တီးပေးနိုင်ခဲ့ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

# အမေရိကန်နိုင်ငံမှ ဝက်သား တင်သွင်းခွင့်အား ထိုင်းမွေးမြူရေး လုပ်ငန်းရှင်များ ကန့်ကွက်

ထိုင်းနိုင်ငံ ဝက်မွေးမြူရေး လုပ်ငန်းရှင်များသည် အမေရိကန်နိုင်ငံမှ ဝက်သားတင်သွင်းခွင့် ဆိုင်ရာကိစ္စရပ်များအား ကန့်ကွက်ခဲ့ကြပြီး အမေရိကန်နိုင်ငံမှ မွေးမြူရေးလုပ်ငန်းသုံး ဓာတုပစ္စည်းပါဝင်သုံးစွဲခြင်းကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်အပြင် ထိုင်းနိုင်ငံ၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းရှင်များအားလည်း ထိခိုက်စေနိုင်ကြောင်း ဖော်ပြထားပါသည်။ ဝက်မွေးမြူရေး လုပ်ငန်းရှင် ၁၀၀ ကျော်သည် စက်တင်ဘာလ ၁၁ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရှေ့တွင် ၎င်းတို့၏ဆန္ဒကို ဖော်ထုတ်ခဲ့ကြပြီး အမေရိကန်အစိုးရနှင့် ကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ပြုလုပ်မည့် အစီအစဉ်အား ကန့်ကွက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံဝက်မွေးမြူ ရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ မစ္စတာဆူရာချိုင်းက ၎င်းတို့အနေဖြင့် ဝက်သားတင်သွင်းခွင့် ကန့်ကွက်လွှာအား ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံသို့ တရားဝင် စာပို့အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် အမေရိကန်ပထမမူဝါဒအား မကြာမီက ကြေညာခဲ့ပြီး ကုန်သွယ်မှုလိုငွေများ ဖြေလျှော့သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အမေရိကန်နိုင်ငံမှ ထိုင်းကုန်စည်များ တင်သွင်းခြင်းအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမေရိကန်နိုင်ငံထုတ် ဝက်သားများ ထိုင်းနိုင်ငံတွင် ဈေးကွက်ဖွင့်လှစ်ပေးရေး တောင်းဆိုခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။



၎င်းဝက်မွေးမြူရေးလုပ်ငန်းရှင်များအသင်းအနေဖြင့် အမေရိကန်နိုင်ငံ၏ ဝက်သားတင်သွင်းမှုကို ပြင်းထန်စွာ ဆန့်ကျင်ပါကြောင်း၊ အမေရိကန်နိုင်ငံ ဝက်မွေးမြူရေးတွင် Ractopamine ဓာတုပစ္စည်းများအား ဖြည့်စွက်အစာတွင် ထည့်သွင်း အသုံးပြုထားပါကြောင်း၊ ထိုင်းနိုင်ငံတွင် စားသုံးသူများ ကျန်းမာရေးအတွက် သုံးစွဲခြင်းမပြုရန် တားမြစ်ထားပါကြောင်း၊ အစိုးရအနေဖြင့် ၎င်း Ractopamine ဓာတ်ပါဝင်သည့် ဝက်သားတင်သွင်းခွင့်အား ပိတ်ပင်ပေးရေးအတွက် အတည်ပြုပေးရန် လိုလားပါကြောင်း၊ ပြည်တွင်းဝက်မွေးမြူရေး လုပ်ငန်းရှင်များနှင့် လယ်ယာထွက်သီးနှံများဖြစ်သော ဆန်၊ ပီလောပီနံ၊ ပဲပုပ်စေ့နှင့် ပြောင်းဖူးတို့၏ ထောက်ပံ့မှုကွင်းဆက် Supply Chain ကိုလည်း ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ၎င်းအား ပြန်လည်ကုသရန် ဘတ်ငွေထရီလီယံချီ၍ ကုန်ကျမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်းတို့အဖွဲ့အနေဖြင့် ၎င်းတို့၏ ဆန္ဒဖော်ထုတ်လွှာအား တရားဝင်စာဖြင့် အကြိမ်ကြိမ်ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ထိုင်းအစိုးရအနေဖြင့် တိကျသော ရှင်းလင်းချက်နှင့် ဝက်မွေးမြူရေး လုပ်ငန်းရှင်များအတွက် ကူညီဆောင်ရွက်ပေးမည့် အချက်အလက်များကို ပြန်ကြားခြင်း မရှိပါကြောင်း၊ ၎င်းတို့တင်ပြစာများတွင် အမေရိကန်နိုင်ငံမှ ထိုင်းနိုင်ငံသို့ ဝက်သားတင်ပို့ရောင်းချခွင့် ဖိအားပေး တောင်းဆိုမှုများကို ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ အစိုးရက ယခုတောင်းဆိုမှု အပေါ် လျစ်လျူရှုထားမည်ဆိုပါက ၎င်းတို့အဖွဲ့မှ တရားလိုပြုလုပ်၍ အစိုးရသို့ တရားစွဲဆိုသွားမည် ဖြစ်ပါကြောင်း၊ ဝက် မွေးမြူရေးလုပ်ငန်းရှင် နှစ်သိန်းခန့်နှင့် စားသုံးသူများအတွက် ထိခိုက်နိုင်မှုများအပေါ် ဥပဒေအရ အကာအကွယ်ပေးရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ရတ်ဘူရီ မွေးမြူရေးလုပ်ငန်းရှင်များ သမဝါယမအသင်း ဥက္ကဋ္ဌမစ္စတာ ဝီဝပ်ကလည်း အမေရိကန်နိုင်ငံ၏ ဝက်သားများကို တင်သွင်း ခွင့်ပြုမည်ဆိုပါက ထိုင်းနိုင်ငံ စားသုံးသူများအတွက် Ractopamine ၏ ဆိုးကျိုးများ ထိခိုက်ခံစားရမည်ဖြစ်ကြောင်း၊ ယခုတင်ပို့မည့် ဝက်သားများကို အမေရိကန်နိုင်ငံ စားသုံးသူများက စားသုံးခြင်းမရှိပါကြောင်း၊ အသည်းအမြစ်၊ ခေါင်းစသည်တို့သည် အမေရိကန်နိုင်ငံ၏ စွန့်ပစ်ပစ္စည်းများ ဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံတွင် နှစ်စဉ် ဝက်ကောင်ရေ ၁၅ သန်းမွေးမြူထားပါကြောင်း ပြောကြားသွားပါသည်။

**သောင်းနိုင် (တာချီလိတ်)**

**Source : Bangkok Post**

# ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ကရိန်းကြီးများအား အိန္ဒိယနိုင်ငံသို့ တင်ပို့



ဗီယက်နမ်နိုင်ငံမှ ထုတ်လုပ်သည့် ကုန်တင်ကရိန်းကြီးများအား အိန္ဒိယနိုင်ငံသို့ ဒုတိယအသုတ်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း ဗီယက်နမ်သတင်းတွင် ဖော်ပြထားသည်။

ဒိုးဆန်အကြီးစားစက်မှုလုပ်ငန်း (Doosan Vina) က ကုန်တင်ကရိန်းအကြီးစားသုံးခုကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။ အဆိုပါကုန်တင်ကရိန်းများကို အိန္ဒိယနိုင်ငံဘာဟာရတ် မွမ်ဘိုင်းကုန်သေတ္တာတင်ဆိပ်ကမ်းပရိုက်ဗိတ်လီမိတက် (Bharat Mumbai Container Terminals Private Limited-BMCTPL) က စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဒိုးဆန်အကြီးစား စက်မှုလုပ်ငန်းအနေဖြင့် MMCTPL ကုမ္ပဏီသို့ ကရိန်းကြီး ၁၂ စင်းကို ထုတ်လုပ်၍ တင်ပို့ပေးရမည်ဖြစ်သည်။

ယခုကဲ့သို့ ပြည်တွင်းမှ ထုတ်လုပ်လိုက်သည့် အကြီးစားကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခွင့်ရရှိခဲ့ခြင်းသည် ဗီယက်နမ်နိုင်ငံ၏ သမိုင်းဝင်အောင်ပွဲတစ်ရပ်ပင်ဖြစ်ကြောင်းအဘယ်ကြောင့်ဆိုသော် ဗီယက်နမ်နိုင်ငံအနေဖြင့် ကုန်တင်ကရိန်းပေါင်း ၆၈ စင်းကို ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းကုန်တင်ကရိန်းများသည် ကမ္ဘာပေါ်ရှိမည်သည့် ဆိပ်ကမ်းတွင်မဆို အသုံးပြုနိုင်သည့် ကုန်တင်ကရိန်းကြီးများဖြစ်ကြောင်း၊ ဒိုးဆန်အကြီးစားစက်မှုလုပ်ငန်းမှ အမှုဆောင်အရာရှိချုပ် Yeon In Jung က ပြောကြားခဲ့သည်။

အဆိုပါကရိန်းများကို တင်ဆောင်လာသည့် သင်္ဘောသည် အိန္ဒိယနိုင်ငံမွမ်ဘိုင်းမြို့ရှိ နေရူးဆိပ်ကမ်းရှိ ဂျဝါဟာလာဆိပ်ကမ်းဧရိယာသို့ နှစ်ပတ်အတွင်း ရောက်ရှိမည်ဖြစ်သည်။

ပြီးခဲ့သည့်ဇွန်လအတွင်းကလည်း ဒိုးဆန်အကြီးစားစက်မှုလုပ်ငန်းအနေဖြင့် ပထမဦးဆုံး ကရိန်းသုံးခုကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပြီးဖြစ်သည်။

Quang Ngai အခြေစိုက်သည့် အဆိုပါအကြီးစားစက်မှုလုပ်ငန်းအနေဖြင့် ကွန်တိန်နာတင်ကရိန်းကြီး ၇၁ စင်းကို ကမ္ဘာနိုင်ငံအသီးသီးသို့ ၂၀၀၉ ခုနှစ်ကတည်းက တင်ပို့ခဲ့ခြင်းဖြစ်သည်။

ဒိုးဆန်အကြီးစားစက်မှုလုပ်ငန်းအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၃၀၀ တန်ဖိုးရှိ ၎င်း၏ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

# အီးယူက အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်သွင်းမှုကို ပိတ်ပင်

ဥရောပသမဂ္ဂ(အီးယူ)အနေဖြင့် အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်သွင်းမှုကို ပိတ်ပင်ရန် ဆုံးဖြတ်ခဲ့ကြောင်း Business World တွင် ဖော်ပြထားသည်။

ဘာစမာတီဆန်သည် အိန္ဒိယနိုင်ငံသားများ အနှစ်သက်ဆုံးသော အစားအစာဖြစ်သည်။

အီးယူက အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်သွင်းမှုကို ခွင့်မပြုရန် ဆုံးဖြတ်ခဲ့သဖြင့် ယင်းဆုံးဖြတ်ချက်သည် ဈေးကွက်အတွင်း ဘာစမာတီဆန်ဈေးနှုန်းကို အကျိုးသက်ရောက်မှုရှိစေသည်ဟု ဆိုသည်။

အီးယူအနေဖြင့် ပိုးသတ်ဆေးများ အသုံးမပြုသည့်စံသတ်မှတ်ချက် တင်းကျပ်စွာထားရှိသည့် သက်သေသာဓကများ ရှိနေပေသည်။

ဘာစမာတီဆန်သည် အိန္ဒိယနိုင်ငံ ပြည်တွင်း၌ နှစ်သက်စွာ စားသုံးလျက် ရှိသည့် ဆန် တစ်မျိုးဖြစ်ရာ ယခုကဲ့သို့သော ဆုံးဖြတ်ချက်သည် သဘာဝနှင့် ဆန့်ကျင်ဖီလာဖြစ်နေသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အီးယူနိုင်ငံများသို့ အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်တင်ပို့မှုမှာ ဇီဇင်ဘာလ ၃၁ ရက်အထိ ရှိနေသည်ဟု ဆိုသည်။

သို့သော် ယင်းတင်ပို့ရန် ကျန်ရှိနေသည့် ကာလကိုဆက်လက်ခွင့်ပြုမည် မဟုတ်ကြောင်း၊ ယခုထုတ်ပြန်ခဲ့သည့် ဆုံးဖြတ်ချက်ကြောင့် ယခင်ကခွင့်ပြုထားခဲ့သည်များမှာ အလိုအလျောက် ပယ်ဖျက်ပြီးဖြစ်ကြောင်းအဆိုပါသတင်းတွင် ဖော်ပြထားသည်။



ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ အီးယူနိုင်ငံများအနေဖြင့် အိန္ဒိယနိုင်ငံမှ တင်သွင်းလာသည့် ဘာစမာတီဆန်တွင် မှိုသတ်ဆေးများကို အသုံးပြုထားခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယပြည်တွင်း၌ ဘာစမာတီဆန်တန်ချိန် တစ်သိန်းမှ သုံးသိန်းအထိ တင်ပို့ရန် ကျန်ရှိနေသေးရာ အဆိုပါ ဘာစမာတီဆန်များအား ပြည်တွင်း၌ပင် စားသုံးရတော့မည်ဖြစ်သည်ဟု ဆိုသည်။

အိန္ဒိယနိုင်ငံတွင် ဘာစမာတီဆန် တစ်ကီလိုဂရမ်လျှင် ရူပီး ၂၀၀ နှုန်းရှိရာ သာမန်လူတန်းစားများအတွက် ဈေးကြီးသည့် အနေအထားတစ်ရပ်တွင် ရှိနေသည်။ ယခုကဲ့သို့ အီးယူက ဘာစမာတီဆန် တင်သွင်းမှုကို ပိတ်ပင်လိုက်သည့်အတွက် ပြည်တွင်း၌ ဘာစမာတီဆန်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့က အိန္ဒိယနိုင်ငံတွင် ဘာစမာတီဆန်ကို အိန္ဒိယနိုင်ငံရှိ အထက်တန်းစား သန်း ၁၀၀ နှင့် လူလတ်တန်းစားများကသာ စားသုံးနေကြသည့်ကုန်စည်တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **မယ်သီတာ**

SALES DIRECT CO.,LTD.

PREMIUM WORLDWIDE CO., LTD.


- Logistics & Supply Chain
- Shipping Agency & Customs Valuation
- Cold Storage, Dry Storage & General Warehousing
- Consumables (F & B)
- FDA import permit
- Government licensing submission
- Occupational Health & Safety

***HQ & Distribution Hub***

209~238, Kanaung Minthar Gyi Street, Industrial Zone(2), Hlaing Thar Yar Township, Yangon, Myanmar.
+95 9 42 009 7564, +95 9 42 112 5584
fmcgmyanmar@gmail.com
www.premiumimports.co

***Mandalay Office***

No.(C-1), Corner of 71 St & 35 St, Yan Myo Lon Ward, Mahar Aung Myay Township, Mandalay, Myanmar.
+95 9 97 221 1288, +95 9 78 724 0169
fmcgmyanmar@gmail.com
www.premiumimports.co




POE POE
SERVICES COMPANY LIMITED


# POE POE

## CAR SALES CENTER

No.30-A Golden Valley St, Golden Valley 2nd Ward, Bahan Township, Yangon, Myanmar. No.51-B Shwe Taung Gone St, Bahan Township, Yangon, Myanmar.
PH : +95 01 532218, 01 504458

HP : + 95 09 5570555, 09 78557055, 09 795570555, 09 5590555

Email : poepoeseven@gmail.com





ALPINE
Purified Drinking Water
PROMISES PURITY
ALPINE
Purified Drinking Water
PROMISES PURITY
Tel: +959 730 971 36, +959 730 971 37

# COMMERCE INTERNATIONAL

## အိန္ဒိယနိုင်ငံတွင် ကျည်ဆံရထားများပြေးဆွဲနိုင်ရန် ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမည်



အိန္ဒိယနိုင်ငံတွင် ကျည်ဆံရထားများပြေးဆွဲနိုင်ရန် ဂျပန်နိုင်ငံက အကူအညီများ ပေးအပ်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေး အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျည်ဆံရထားသည် ၅၀၈ ကီလိုမီတာကွာဝေးသည့် မွမ်ဘိုင်းမြို့တော်နှင့် အိန္ဒိယနိုင်ငံ၏ အရှေ့ပိုင်းမြို့တစ်မြို့ဖြစ်သည့် အယ်မာဒါဘတ်မြို့တို့ကို ဆက်သွယ်ပေးသည့် မီးရထားလမ်းတွင် ပြေးဆွဲမည်ဖြစ်သည်။

အဆိုပါရထားလမ်း တည်ဆောက်ခြင်းနှင့် ကျည်ဆံရထားများ ဝယ်ယူခြင်းအတွက် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့် ကုန်ကျမည်ဖြစ်သည်။

ယင်းကုန်ကျစရိတ်များကို ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံသွားရန် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သဘောတူညီခဲ့သည်။ ယင်းရထားလမ်းသည် အာရှတိုက်၏ ရှေးအကျဆုံးသောရထားလမ်းဖြစ်ပြီး နှစ်ပေါင်း ၁၆၄ နှစ်ရှိပြီဖြစ်သည်။

အဆိုပါရထားလမ်းကို ၂၀၂၂ ခုနှစ်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး ရထားလမ်း တည်ဆောက်ပြီးစီးပါက ကျည်ဆံရထားကို စတင်ပြေးဆွဲမည်ဖြစ်သည်။ ယင်းကျည်ဆံရထားသည် အိန္ဒိယနိုင်ငံအတွက် ပထမဦးဆုံးပြေးဆွဲသည့်မြန်နှုန်းမြင့်ရထားဖြစ်လာမည်ဖြစ်သည်။

ရထားလမ်း တည်ဆောက်ရန်အတွက် ပြည်တွင်းမှ စိုက်ထုတ်သုံးစွဲငွေ ရူပီးသိန်းပေါင်း ၁၁၀၀၀၀ နှင့် ဂျပန်နိုင်ငံမှ ထုတ်ချေးငွေ ရူပီးသိန်းပေါင်း ၈၈၀၀၀ ရှိမည်ဖြစ်သည်။

ဂျပန်နိုင်ငံမှ ထုတ်ချေးငွေ ရူပီးသိန်းပေါင်း ၈၈၀၀၀ ကို အတိုးနှုန်းတစ်ရာနှုန်းဖြင့် နှစ်ပေါင်း ၅၀အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်သည်။

ဂျပန်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၏ မီးရထားလမ်းတည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ဂျပန်နိုင်ငံမှ ကုမ္ပဏီများဖြစ်သည့် ဟီတာချီလီမိတက်နှင့် အရှေ့ဂျပန်မီးရထားလမ်း ကုမ္ပဏီတို့အတွက် စီးပွားရေးအခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။

"ကျွန်တော် နောက်တစ်ကြိမ်လာရောက်တဲ့အခါကျရင် အယ်မာဒါဘတ်ကို သွားရောက်လည်ပတ်ချင်ပါသေးတယ်။ ရှင်ကန်ဆန်ရထားကြီးစီးပြီးတော့ပေါ့"ဟု ဝန်ကြီးချုပ် အာဘေးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ရှင်ဆန်ကန်ဟုခေါ်သည့် ကျည်ဆံရထားနည်းပညာဖြင့် ရထားပြေးဆွဲခဲ့သည့် တရုတ်(တိုင်ပေ)ပြီးနောက် ဒုတိယမြောက်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

## အင်ဒိုနီးရှားနိုင်ငံ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍအတွက် အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ထုတ်ချေးမည်

အာရှဖွံ့ဖြိုးရေးဘဏ်သည် အင်ဒိုနီးရှားနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ထုတ်ချေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှုသတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ၏စွမ်းအင်ကဏ္ဍ ပိုမိုခိုင်မာလာစေရေးအတွက် ယခုကဲ့သို့ ထုတ်ချေးရခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်ပါကြောင်းဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒါရိုက်တာအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

အဆိုပါချေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံအနက် အမေရိကန်ဒေါ်လာသန်း ၅၀၀ တွင် အာဆီယံ အခြေခံအဆောက်အဦရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပါဝင်ကြောင်း၊ ယင်းအမေရိကန်ဒေါ်လာသန်း ၅၀၀ ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် အသုံးပြုရမည်ဖြစ်ပြီး ကျန်သည့်အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကို အင်ဒိုနီးရှားနိုင်ငံအစိုးရ၏ အာမခံချက်ဖြင့် State Electricity Corporation သို့ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"ကဏ္ဍအသီးအသီးအတွက် ထုတ်ချေးပေးတဲ့ အဲဒီချေးငွေနှစ်ရပ်စလုံးကို ပုဂ္ဂလိက,ကဏ္ဍရော၊ အစိုးရကဏ္ဍ နှစ်ရပ်စလုံးမှာပါ အသုံးပြုပြီး အင်ဒိုနီးရှားနိုင်ငံရဲ့ စွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံသွားမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းမှာရှိတဲ့ ဒေသတွေအားလုံးကို လျှပ်စစ်ဓာတ်အားတွေဖြန့်ဝေပေးရာမှာ တိုးတက်ဖွံ့ဖြိုးလာအောင် အထောက်အပံ့တွေပေးသွားမှာပါ"ဟု အင်ဒိုနီးရှားနိုင်ငံမှ အာရှဖွံ့ဖြိုးရေးဘဏ်၏ ဌာနေကိုယ်စားလှယ် Winfried Wicklein က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းဒေသသည် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျောက်မီးသွေးမှထုတ်ယူကာ သုံးစွဲနေရမှုအား ကင်းလွတ်စေမည်ဖြစ်သည်။ မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်သည် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံများ၌ ဆင်းရဲနွမ်းပါးမှု လျှော့ချရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသည့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ဦးတည်ချက်များချမှတ်ကာ လုပ်ဆောင်လျက်ရှိသည်။

## အင်ဒိုနီးရှားနိုင်ငံမှ စစ်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များကိုဝယ်ယူရန် ဆီနီဂေါနိုင်ငံ ဆန္ဒရှိ

အင်ဒိုနီးရှားနိုင်ငံ PTPAL Indonesia ကုမ္ပဏီမှ ထုတ်လုပ်သည့် စစ်ရေယာဉ် ခြောက်စင်းနှင့် ကုန်တင် ရေယာဉ်လေးစင်းကို ဝယ်ယူရန် ဆီနီဂေါနိုင်ငံက ဆန္ဒရှိနေကြောင်း ဆီနီဂေါအစိုးရ၏ ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ အင်တာရာသတင်းတွင် ဖော်ပြထားသည်။

ဆီနီဂေါနိုင်ငံ၏ Conseild Administration du Conseil Senegalais des Chargeurs (COSEC) ဥက္ကဋ္ဌ မစ္စတာဘာဘာကာနီဒါယေးက PTPAL အင်ဒိုနီးရှားကုမ္ပဏီထံသို့ စာတစ်စောင်ပေးပို့ခဲ့ပြီး အဆိုပါစာတွင် အင်ဒိုနီးရှားနိုင်ငံတွင် သင်္ဘောများ တည်ဆောက်နေသည့် နိုင်ငံပိုင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် PTPAL ထံမှ သင်္ဘောများကို ဝယ်ယူရန် စိတ်ဝင်စားကြောင်း ဖော်ပြထားသည်။

ထို့ပြင် နီဒါယေးက ၎င်းအနေဖြင့် PTPAL ဥက္ကဋ္ဌ ဘူဒီမန်ရှာနှင့်လည်း တွေ့ဆုံလိုကြောင်း ဆီနီဂေါနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီးထံသို့ စာတစ်စောင်ပေးပို့ခဲ့သည်။

အင်ဒိုနီးရှားသံအမတ်ထံသို့ ပေးပို့သည့်စာတွင် အာဖရိကတိုက်သည် သင်္ဘောကြီးများ တည်ဆောက်လျက်ရှိသည့်နိုင်ငံများအတွက် ဈေးကွက်အလားအလာကောင်းများ ရှိသည့်နေရာတစ်နေရာပင် ဖြစ်ကြောင်း၊ PTPAL ကထုတ်လုပ်သည့် သင်္ဘောများသည် ဈေးကွက်တွင် နည်းပညာသာမက ဈေးနှုန်းနှင့်ပါယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သင်္ဘောများပင်ဖြစ်ကြောင်း ဖော်ပြထားသည်။



ဆီနီဂေါနိုင်ငံအနေဖြင့် ၎င်း၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံထံမှ သင်္ဘောများကို ဝယ်ယူလျက်ရှိရာ ယခုကဲ့သို့ မိမိတို့နိုင်ငံမှသင်္ဘောများကို ဝယ်ယူရန်စိတ်ဝင်စားခြင်းသည် အင်ဒိုနီးရှားနိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ခုပင် ဖြစ်ကြောင်း၊ နည်းပညာအရည်အသွေးနှင့် ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိသည့် PTPAL က ထုတ်လုပ်သည့် ကုန်ပစ္စည်းများအား အာဖရိကတိုက်တစ်ခွင်တွင် ရောင်းအား မြင့်တက်လာစေရန် ပြုလုပ်နိုင်မည့် အထူးအခွင့်အရေးပင်ဖြစ်ကြောင်း ဆီနီဂေါနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးကပြောကြားခဲ့သည်။

မယ်သီတာ စုစည်းသည်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ